ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 31 March 2020 ၉၉၇၁


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လမ်းညွှန်မှုဖြင့်

## Quarantine ဝင်ရသူများအတွက် "စောစောပြော" Mobile App ရေးဆွဲ

နေပြည်တော် မတ် ၃၀

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏လမ်းညွှန်မှုဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နည်းပညာရှင် လူငယ် ကိုထူးမြင့်နောင် (Technomation)တို့ ပူးပေါင်းပြီး Quarantine လုပ်သူများအတွက် "စောစောပြော" Mobile App ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။**

အဆိုပါ Mobile App ကို ကိုရီးယားသမ္မတနိုင်ငံ အပါအဝင် အခြားနိုင်ငံများမှ COVID-19 နှင့်ပတ်သက်ပြီး ရေးဆွဲအသုံးပြုနေသည့် Mobile App များကို နမူနာယူပြီး မြန်မာနိုင်ငံ၏ အနေအထား၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ရေးဆွဲထားခြင်း ဖြစ်သည်။

မိုဘိုင်းအပလီကေးရှင်းစနစ်၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်၏ ရှင်းလင်းပြောကြားချက်များကို ဖော်ပြလိုက်ပါသည် –

"ဒီ App ရဲ့ ရည်ရွယ်ချက်ကတော့ ရောဂါဖြစ်ပွားရာ(သို့မဟုတ်) နိုင်ငံခြားကနေ ပြန်ရောက်လာတဲ့သူတစ်ဦးအနေနဲ့ မဖြစ်မနေ သတင်းပို့တာတွေ၊ သီးခြားခွဲခြားနေထိုင်တာတွေ၊ အသွားအလာကန့်သတ်ခြင်း(Quarantine)ပြုလုပ်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားလာရင် စောစီးစွာသိရှိပြီးတော့ ထိရောက်တဲ့ကုသမှုတွေ ခံယူပြီး အသက်သေဆုံးခြင်းမှ ကာကွယ်နိုင်မယ့်အပြင် သူ့ရဲ့မိသားစုဝင်တွေ၊ သူနဲ့အတူနေသူတွေ၊ မိမိရဲ့နေထိုင်ရာ ရပ်ကွက်တို့ပါ ရောဂါကူးစက်မှု ကာကွယ်ဖို့အတွက် ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"ရောဂါဖြစ်ပွားရာ(သို့မဟုတ်)နိုင်ငံခြားကပြန်ရောက်လာသူတစ်ယောက်အနေနဲ့ မိမိတို့ဒေသမှာရှိတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး(သို့) နီးစပ်ရာကျန်းမာရေးဌာနများသို့ မပျက်မကွက်သတင်းပေးပို့ရန်လည်း လိုအပ်ပါတယ်။ ဒီစနစ်ကတော့ အသွားအလာကန့်သတ်ခြင်းခံနေရတဲ့ သူတစ်ဦးအနေနဲ့ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းကို ကျွန်မတို့က

**ဒီ App ရဲ့ ရည်ရွယ်ချက်ကတော့ ရောဂါဖြစ်ပွားရာ(သို့မဟုတ်) နိုင်ငံခြားကနေ ပြန်ရောက်လာတဲ့သူတစ်ဦးအနေနဲ့ မဖြစ်မနေ သတင်းပို့တာတွေ၊ သီးခြားခွဲခြားနေထိုင်တာတွေ၊ အသွားအလာကန့်သတ်ခြင်းတွေ၊ ပြုလုပ်ခြင်းဖြင့် မိမိကိုယ်တိုင် ရောဂါဖြစ်ပွားလာရင် စောစီးစွာ သိရှိပြီးတော့ ထိရောက်တဲ့ကုသမှုတွေခံယူပြီး အသက်သေဆုံးခြင်းမှ ကာကွယ်နိုင်**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳




# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့၏ အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်သည်။

အဆိုပါအစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီတွင် အတွင်းရေးမှူး(၁) တာဝန်ယူထားသည့် **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❑**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၇

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၆


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးခရီးသွားဝင်ရောက်မှု မရှိသလောက်ဖြစ်နေ



**ညောင်ဦး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ မတ် ၃၀ ရက်မှ စတင်ကာ ပြည်တွင်း ပြည်ပခရီးသွား ဝင်ရောက်မှုမရှိတော့ဘဲ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရား၊ ပုထိုး၊ ကျောင်း၊ သာသနိက အဆောက်အဦများတွင် ခရီးသွားများ ရှင်းလင်းလျက်ရှိကြောင်း ရွှေစည်းခုံ ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသည် ဆယ့်နှစ်ရာသီ မပြတ် ပြည်တွင်း ပြည်ပခရီးသွားများ အမြဲစည်ကားနေသည့် မြို့ဖြစ်ရာ ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးကြောင့် ခရီးသွားဝင်ရောက်မှု မရှိသလောက် ဖြစ်သွားကြောင်း ဒေသခံများထံမှ သိရသည်။

သမိုင်းဝင်အထင်ကရ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေစည်းခုံ စွယ်တော်ဘုရား၊ လောကနန္ဒာ စွယ်တော်ဘုရား၊ တုရင်တောင် စွယ်တော်ဘုရား၊ မြစ်တစ်ဖက်ကမ်း တန့်ကြည်တောင် စွယ်တော်ဘုရား၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရား၊ ဗူးဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သဗ္ဗညု ဘုရား၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ မဟာဗောဓိဘုရား၊ ကန်တော့ပလ္လင်၊ မြစေတီ၊ မနူဟာဘုရား၊ နန်းဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဘုရားသုံးဆူ၊ တရုတ်ပြေးဘုရား၊ ဓမ္မရာဇကဘုရား စသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားတို့တွင် ဘုရားဖူးခရီးသွား မရှိသလောက် ဖြစ်နေကြောင်း ဘုရားဂေါပကများထံမှ သိရသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်မှုမရှိစေရေး ညောင်ဦးခရိုင် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီကလည်း စားသောက်ဆိုင်များ ဆိုင်ထိုင်ရောင်းချမှုမရှိစေရေး အထူးကြပ်မတ်ထားကြောင်း၊ ဧည့်သည်ဘုရားဖူးများ ဘုရားဖူးချိန်ကိုလည်း နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ သတ်မှတ်ပေးထားကြောင်း၊ ဘုရားဖူးလာရောက်သူများအား ဘုရားဂေါပကအဖွဲ့က မှတ်တမ်းယူထားကြောင်း သိရသည်။

ပုဂံရှေးဟောင်းဒေသသို့ ဘုရားဖူးလာရောက်သူ မရှိသလောက် ဖြစ်နေပြီး မတ် ၃၀ ရက်က ဘုရားဖူးယာဉ် သုံးစီးသာ အဝင်ရှိကြောင်း၊ ကျေးလက်တောရွာများမှ ဈေးကားများသာ ဈေးရောင်းဈေးဝယ် တက်လာကြကြောင်း ကျောက်ပန်းတောင်း-ညောင်ဦး မြို့ဝင်ဘီးခွန်ဂိတ်မှ သိရသည်။ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အလွန်စိတ်ဝင်စားပြီး မဝင်မဖြစ်ရှိနေခဲ့သည့် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းမဘေးမှ ရိုးရာထန်းလုပ်ငန်း အရောင်းဆိုင်များလည်း သက်ဆိုင်ရာမှ ပိတ်သိမ်းထားရန် ညွှန်ကြားထားကြောင်း ပုဂံဒေသခံ ကိုနေဝင်းမောင်ထံမှ သိရသည်။

COVID-19 ရောဂါကူးစက်ခံရမည်စိုးသဖြင့် ပြည်တွင်းခရီးသွားများ လုံးဝဝင်ရောက်မှု မရှိတော့ခြင်းကြောင့် ဒေသခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်နေသည့် အငှားယာဉ်များ၊ သုံးဘီး၊ စက်လှေ၊ မြင်းလှည်း လုပ်ကိုင်သူများ၊ eBike၊ စက်ဘီးအငှား ဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုခန်း ဝန်ဆောင်မှုလုပ်ငန်းများ ရပ်နားထားရကြောင်း သိရသည်။

**ကိုထိန်**
**(ငွါသရောက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀-၃-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁,၆၈၀ | ၁၆,၈၀၀,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၄,၀၇၃ | ၁၃,၉၃၅,၆၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၄ | ၃၀,၈၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၀၀၀ | ၄၂ | ၈၈၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၅၀၉ | ၁,၃၂၃,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၃၀

ရန်ကုန်(ရွှေဈေး) ၁၁၄၇၀၀၀ မန္တလေး(ရွှေဈေး) ၁၁၄၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၅၀ ကျပ် | ၅၃၀/၅၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၁၀/၅၈၀ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၇၀/၃၄၀ ကျပ် | ၄၃၀/၄၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၅၄၅/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၀/၄၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၀/၄၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၀၀/၃၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၃.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၆.၅၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၅၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၆၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၄၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၅.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၇၆ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၈.၃၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၇.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## ကြေးမုံ

### စောစောပြော၊ စောစောသိ အားလုံးအကျိုးရှိ

ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုသည့်လုပ်ငန်းများအား သက်ဆိုင်ရာဌာနများက အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များ၊ ဆေးရုံများ၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ နေ့စဉ်အချိန်ပြည့် အထူးဂရုစိုက်၍ ပိုမိုအလေးထားလုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် အဆိုပါရောဂါပိုးရှိသူနှစ်ဦးကို မတ်လ ၂၃ ရက်နေ့က စတင်တွေ့ရှိပြီး မတ်လ ၃၀ ရက်နေ့အထိ တစ်ပတ်ကြာကာလတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအပါအဝင် စုစုပေါင်း ၁၄ ဦးတွင် ရောဂါပိုး တွေ့ရှိရကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်တွင် ပြည်ပမှရောက်ရှိခဲ့ကြသူများအနက် နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာသူတစ်ဦးတွင် ပထမဆုံးစတင်တွေ့ရှိခဲ့ရာ ရောဂါနှင့်ပတ်သက်၍ ပိုမိုအလေးထား ဂရုစိုက်ရတော့မည်ဖြစ်ကြောင်း အချက်ပေးခေါင်းလောင်းထိုးလိုက်ခြင်းပင် ဖြစ်သည်။

ပြည်တွင်း၌ ရောဂါထပ်ဆင့်ကူးစက်မှုအနေဖြင့် မတ်လ ၂၉ ရက်နေ့တွင် တွေ့ရှိသည့်လူနာအမှတ် (၁၀) သည် မတ်လ ၂၇ ရက်နေ့တွင်တွေ့ရှိသည့် လူနာအမှတ် (၅) မှတစ်ဆင့် ပြည်တွင်း၌ ပထမဆုံးကူးစက်ခံရသည့် လူနာဖြစ်သည်။ လူနာအမှတ် (၉) သည် မတ်လ ၂၃ ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြဝတီမြို့မှတစ်ဆင့် ရောက်ရှိလာကြသူများအနက်မှ တစ်ဦးဖြစ်ရာ ထိုလူနာနှင့် ထိတွေ့ဆက်ဆံခဲ့ကြသူများကိုလည်းကောင်း၊ ထိုလူနာနှင့် အလားတူရောက်ရှိလာသူများကိုလည်းကောင်း စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်သည်။ မတ်လ ၂၈ ရက်နေ့က ပြည်ပသို့သွားရောက်ခြင်းမရှိဘဲ ပြည်တွင်း၌ နိုင်ငံခြားသားများနှင့် အနီးကပ်နေထိုင်ခဲ့သည့် အတည်ပြုလူနာအမှတ် (၈) နှင့်ထိတွေ့ခဲ့သူများကို သက်ဆိုင်ရာက ရှာဖွေထောက်လှမ်းခဲ့ရာ လူ ၄၇၀ ကျော်တွေ့ရှိခဲ့သည်ဟု ဆိုထားသည်။

ထို့ကြောင့် ပြည်ပမှလေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာသူများအား ရောဂါပိုး ရှိ၊ မရှိ ရှာဖွေစိစစ်ရေးအခက်အခဲထက် ပြည်တွင်း၌ ရောဂါရှိနိုင်သူများနှင့် နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ သောင်းနှင့်ချီ ဝင်ရောက်လာသူများတွင် ရောဂါရှိ၊ မရှိ ရှာဖွေထောက်လှမ်းရေးမှာ အလွန်ခက်ခဲပြီး ရောဂါဘေးနှင့်ပတ်သက်၍ ကြီးမားသောစိန်ခေါ်မှုကြီးဖြစ်လာသည်။ ယခုအချိန်တွင် ရောဂါဖြစ်ပွားမှုကျယ်ပြန့်မလာစေရန် အထူးအလေးထားဆောင်ရွက်နေရာ ကျန်းမာရေးဌာနက သံသယလူနာ၊ စောင့်ကြည့်လူနာများကို ဂရုစိုက်နေရသည်။ ရောဂါပြန့်ပွားကူးစက်မှုကို ထိန်းချုပ်ရန် သတ်မှတ်အဆောက်အဦတွင်ထားရှိ၍ အသွားအလာကန့်သတ်ခြင်း၊ ဟိုတယ်တွင် အသွားအလာကန့်သတ်ခြင်း၊ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ၊ အဆောက်အဦတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်းနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်ခြင်းတို့ကို စနစ်တကျတင်းကျပ်စွာ လုပ်ဆောင်လျက်ရှိသည်။

ဆိုခဲ့သည့်အတိုင်း ရှာဖွေထောက်လှမ်းထားသော အမှတ် (၈) လူနာနှင့် ထိတွေ့ခဲ့သူ ၄၇၀ ကျော်နှင့် နယ်စပ်ဂိတ်မှတစ်ဆင့် ပြည်ပမှ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာကြသောသူများနှင့် ပတ်သက်ဆက်နွှယ်ခဲ့သူများ အားလုံးကို စောင့်ကြည့်ရှာဖွေစစ်ဆေး ကြည့်ရှုနိုင်ရန်အလုပ်မှာ အလွန်ကြီးမားသောစိန်ခေါ်မှုကြီး ဖြစ်နေသည်။ ထို့ကြောင့် ပြည်သူလူထုသာလျှင် အဓိကဖြစ်၍ ရောဂါမကူးစက်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသော လိုက်နာရမည့်အချက်များကို အလေးထား လိုက်နာ တိတိကျကျဆောင်ရွက်ကြပါရန်နှင့် အသွားအလာကန့်သတ်ခြင်းခံရသည့် ဦးရေ၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ဆောင်ရွက်ရန်အချက်များကို နေ့စဉ်ဆိုင်ရာသို့ သတင်းပို့ကြရန်ဖြစ်သည်။

သို့ဖြစ်ရာ COVID-19 ရောဂါသည် ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံများ အားလုံးနှင့် မြန်မာနိုင်ငံအတွက် အရေးကြီးဆုံးအချိန်ဖြစ်နေသဖြင့် ပြည်သူများအနေဖြင့် တစ်မျိုးသားလုံး အရေးဖြစ်နေသည်ကို အထူးသိရှိနားလည်ပြီး ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေးဌာနများနှင့် လက်တွဲပူးပေါင်းကာ မိမိတို့၏ရပ်ရွာဒေသများအတွင်း သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်မှုများ၊ မသင်္ကာဖွယ်အခြေအနေများကို တွေ့ရှိရပါက စောစောပြော၊ စောစောသိ အားလုံးအကျိုးရှိသည် ဆိုသည့်အတိုင်း ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

* ရှေ့ဖုံးမှ

လိုက်နာဆောင်ရွက်နေရစဉ်ကာလအတွင်းမှာ သူ့ရဲ့ကျန်းမာရေးအခြေအနေကို နေ့စဉ် စောင့်ကြည့်ပေးနေမယ့်စနစ်ဖြစ်ပါတယ်။ ကိုယ့်ရဲ့ ကျန်းမာရေး အခြေအနေကို Mobile App ဖုန်းကတစ်ဆင့် သတင်းပို့ရမှာဖြစ်ပါတယ်။ အဲဒီစနစ်မှာ ပူးပေါင်းပါဝင်ခြင်းအားဖြင့် မိမိရဲ့မိသားစု၊ မိမိရဲ့ပတ်ဝန်းကျင်အပြင် မိမိနိုင်ငံကြီးကို ရောဂါဆိုးအန္တရာယ်ကနေပြီးတော့ ကူးစက်ဖြစ်ပွားမှုကနေ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

**ဒီ App လေးကို ထည့်ပေးမှာဖြစ်**

"အခုဆိုရင် ဒီ App ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့လွှတ်တော်ကတာဝန်ရှိသူတွေ၊ မြန်မာနိုင်ငံက ကွန်ပျူတာကျွမ်းကျင်သူတွေ၊ နည်းပညာနဲ့ ကျွမ်းဝင်တဲ့ စေတနာ့ဝန်ထမ်း လူငယ်လေးတွေက ဝိုင်းဝန်းကူညီပံ့ပိုးမှာပဲ ဖြစ်ပါတယ်။ Quarantine လုပ်ထားတဲ့ နေရာတွေဖြစ်တဲ့ ဆေးရုံ၊ ဟိုတယ်၊ ဘုန်းကြီးကျောင်းတွေကအစ ဝိုင်းဝန်းကူညီဆောင်ရွက်နေကြတာဖြစ်ပါတယ်။ Quarantine ဒေသတွေသွားပြီး ဒီ App လေးကို ထည့်ပေးမှာဖြစ်ပါတယ်။ လေဆိပ်၊ မြဝတီနယ်စပ်စစ်ဆေးရေးဂိတ်တွေ၊ အခြားတိုင်းဒေသကြီး ဂိတ်တွေမှာ ဒါကိုဆောင်ရွက်မှာဖြစ်ပါတယ်။ အိုကေလို့ နှိပ်လိုက်တာနဲ့ App မှာ ပါဝင်တဲ့ သတင်းအချက်အလက်တွေရယ်၊ ဒီ App နှင့်အတူ လိုက်နာဆောင်ရွက်ရမယ့် အချက်ကို ရှင်းလင်းပြောကြားသွားမှာပါ။

"အဲဒါကိုလည်း မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ ဖော်ပြပေးထားပါတယ်။ အဲဒီသဘောကတော့ မြန်မာလူမျိုးကလည်း မြန်မာလိုဖတ်ပြီး ဖြည့်သွင်းနိုင်တယ်။ တိုင်းတစ်ပါးက ဝင်ရောက်လာမယ့်သူဆိုရင်လည်း ကျွန်မတို့ရဲ့ ဒီ App လေးကနေတစ်ဆင့် အချက်အလက်ကို ပြည့်စုံအောင်ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ အဲဒါဖတ်ရှုပြီးလို့ နားလည်သဘောပေါက်ရင် နောက်ထပ် Page လေးတစ်ခု ကျလာပါလိမ့်မယ်။ အဲဒါကတော့ နာမည်၊ မှတ်ပုံတင်(သို့)ပတ်စ်ပို့ကို ဖြည့်သွင်းရမှာဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ သူ့ရဲ့ဖုန်းနံပါတ်ပါ။ ဖုန်းနံပါတ်နဲ့ကျွန်မတို့က သူ့ကို စောင့်ကြည့်နေမှာဖြစ်လို့ အဲဒီဖုန်းနံပါတ်ကို မှန်ကန်စွာဖြည့်သွင်းမှသာလျှင် ဒီဖုန်းနံပါတ်ကို စောင့်ကြည့်နေရမှာ ဖြစ်ပါတယ်။

" Mobile App သုံးစွဲမယ့် Quarantine လုပ်ခံရသူတစ်ဦးချင်းကို မိုဘိုင်းအော်ပရေတာတွေကနေပြီးတော့ ဆင်းကတ်တွေနဲ့ အင်တာနက်ဒေတာတွေ အခမဲ့ပေးမယ်လို့ သိရှိထားရပါတယ်။ သူ့ရဲ့ မှတ်ပုံတင်နံပါတ်လေးနဲ့ သူ့ဖုန်းနံပါတ်နဲ့ ဖြည့်မယ်ဆိုရင် သူ့ရဲ့လိပ်စာ တောင်းပါတယ်။ သူနေထိုင်တဲ့ တိုင်းဒေသကြီး မြို့နယ်တွေကို Dropdown Menu ရွေးချယ်ရုံပါပဲ။ သူ့ကို လက်ကလေးနဲ့ တစ်ချက်နှိပ်လိုက်ရုံပါပဲ၊ ရိုက်ထည့်စရာ မလိုပါဘူး။ ရန်ကုန်တိုင်းဒေသကြီးကို ရွေးချယ်မယ်ဆိုရင် သူနေတဲ့ ကြည့်မြင်တိုင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ် စသဖြင့် ရွေးချယ်ရုံပါပဲ။

"နောက်ပြီး သူသွားရောက်ခဲ့တဲ့နိုင်ငံကို မေးပါ့မယ်။ သူကဘယ်ဂိတ်က ဝင်လာသလဲ။ မြဝတီဂိတ်ကဝင်လာသလား၊ လေကြောင်းလိုင်းက ဝင်လာသလား၊ သူဝင်လာတဲ့ POE လေးကို ပြောရပါမယ်။ ပြီးရင် သူ Quarantine ကို စောင့်ကြည့်ခံရတဲ့ ရက်စွဲလေးကို လွယ်ကူစွာပဲ ပြက္ခဒိန်ပေါ်လာပြီးတော့ ဖြည့်သွင်းနိုင်မှာဖြစ်ပါတယ်။ ပြီးရင် သူ့ကို အရေးပေါ် ဆက်သွယ်ရမယ့် မိခင်၊ အစ်ကိုဖြည့်ပြီးရင် နောက်ထပ် Page ကို ရောက်သွားပါမယ်။ နောက်ထပ် Page မှာ သူသည် ဆေးရုံမှာ Quarantine လုပ်ခံရတာလား၊ ဟိုတယ်မှာလား၊ အစိုးရစီစဉ်ထားတဲ့ အဆောင်မှာလား၊ ဘုန်းကြီးကျောင်းမှာလား၊ ရပ်ရွာက ပြင်ဆင်ထားတဲ့နေရာမှာလား၊ ရပ်/ရွာက စောင့်ကြည့်နေတဲ့ နေအိမ်(သို့) အခြားနေရာမှာလား၊ အဲဒါလေးကို လက်ညှိုးလေးတစ်ချောင်းတည်းနဲ့ ရွေးချယ်ဖြည့်တင်းဖို့ပဲ လိုပါတယ်။

"အဲဒါလေး ရွေးချယ်ပြီးတာနဲ့ တစ်ပြိုင်နက်တည်း App code လေးကျလာမှာ ဖြစ်ပါတယ်။ အလိုအလျောက် App ကုတ်လေးဟာ ဖုန်းရဲ့ SMS ကိုလည်း ပို့ပေးမှာ ဖြစ်ပါတယ်။ သူဖြည့်သွင်းသွားပြီးရင် Active ဆိုတာနဲ့တစ်ပြိုင်နက် သူ့ရဲ့ ရောဂါလက္ခဏာကိုစပြီး မေးပါမယ်။ သူဟာ ကောင်းမွန်သလား၊ ဖျားနာ



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိန်

သလား၊ ချောင်းဆိုးသလား၊ အားအင်ကုန်ခန်းသလား။ အသက်ရှူကျပ်သလား။ သူ့ရဲ့ ရောဂါအခြေအနေကို မေးပါမယ်။ အဲဒါလေးကို Metal report လို့ခေါ်တဲ့ အကွက်လေးတွေရှိပါတယ်။ အဲဒီအကွက်လေးမှာ ကောင်းမွန်တယ်ဆိုရင် ကောင်းမွန်တဲ့နေရာလေးမှာ ခြစ်လိုက်ပါ။ အဲဒီအချိန်မှာ ဖျားနာတယ်၊ ချောင်းဆိုးတယ်ဆိုရင် ဖျားနာတဲ့နေရာမှာ တစ်ခါနှိပ်မယ်၊ ချောင်းဆိုးတဲ့ နေရာမှာတစ်ခါ နှိပ်မယ်ဆိုရင်၊ ပြီးရင် သူဖြစ်တဲ့ရောဂါလက္ခဏာကို သတင်းပေးပို့ပါဆိုတဲ့ ခလုတ်လေးပါပါတယ်။

**အကူအညီဆိုတာကို နှိပ်လိုက်မယ်ဆိုရင်**

"သတင်းပို့ပါကိုနှိပ်လိုက်ရင် ကျွန်မတို့ရဲ့ Database ထဲကို အချက်အလက်က အလိုအလျောက်ရောက်ရှိလာမှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဖုန်းရဲ့ ဆင်းကတ်ကတစ်ဆင့်၊ အင်တာနက်ကတစ်ဆင့် ဖုန်းထဲမှာရှိတဲ့ GPS ကို အသုံးပြုပြီးတော့ သူ့ရဲ့တည်နေရာကို သိနိုင်ပါတယ်။ သူဟာ မြဝတီက ဝင်လာတယ်၊ ပဲခူးတိုင်းဒေသကြီးကို သွားတယ်။ မြဝတီကဝင်လာတယ်၊ ရန်ကုန်တိုင်းဒေသကြီးကို သွားတယ်။ ဗဟို Database ကနေ စောင့်ကြည့်နိုင်မှာ ဖြစ်ပါတယ်။ သူက သတင်းပို့ပြီးရင် အောက်မှာ Icon လေးနှစ်ခုရှိပါတယ်။ အကူအညီနဲ့ သတင်းနဲ့ ကြေညာချက်များ အကူအညီဆိုတာကို နှိပ်လိုက်မယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သူအကူအညီတောင်းလို့ရမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဖုန်းနံပါတ်များ ပေါ်လာပါမယ်။ ဖုန်းနံပါတ်ကို သူနှိပ်စရာမလိုပါဘူး။

"အလိုအလျောက် အဲဒီဖုန်းကို ခေါ်ဆိုပြီးရင် ကျန်းမာရေးနဲ့ပတ်သက်တဲ့ အကူအညီများကို ချက်ချင်းတောင်းနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အကူအညီရဲ့ နောက်တစ်ဖက်မှာတော့ သတင်းအချက်အလက်ဆိုတာပါပါတယ်။ သတင်းနှင့် ကြေညာချက်ဆိုတဲ့ Icon လေးကိုနှိပ်မယ်ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်ကို ရောက်ပါမယ်။ အဲဒီ ဝက်ဘ်ဆိုက်ထဲမှာ COVID-19 နဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ သတင်းအချက်အလက်တွေကို အပြည့်အစုံ ရရှိမှာဖြစ်ပါတယ်။"

**ထို Mobile App ထဲတွင် အရေးပေါ်ခေါ်ဆိုနိုင်မည့် Hot Line ဖုန်းနံပါတ်လည်း ထည့်သွင်းထားမည်ဖြစ်သည့်အတွက် App မှ တစ်ခါတည်း ဖုန်းခေါ်ဆို သတင်းပို့နိုင်မည်ဖြစ်သည်။ Quarantine ဝင်နေရသည့် ပြည်သူတစ်ဦးချင်းစီ၏ တင်ပြချက်များ၊ ကျန်းမာရေးအခြေအနေများနှင့် တည်နေရာများကို အချိန်အလိုက် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းအလိုက်၊ နေ့ရက်အလိုက်၊ အချိန်အပိုင်းအခြားအလိုက် ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်**

Quarantine လုပ်နေသည့် ပြည်သူတစ်ဦးချင်းကို MPT, Telenor, Ooredoo နှင့် Mytel စသည့် အော်ပရေတာ လေးခုလုံးမှ တယ်လီဖုန်း Sim Card နှင့် အင်တာနက် ဒေတာ 1 GB အခမဲ့ ပေးအပ်ကြမည်ဖြစ်သည်။ Quarantine ဝင်နေရသည့် ပြည်သူတစ်ဦးချင်းစီအနေဖြင့် နေ့စဉ် ကိုယ်အပူချိန်တိုင်းတာရန်၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း ရှိ-မရှိ စသည့် ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ အချက်အလက်များကို နေ့စဉ် သတိပေးစစ်ဆေးပေးသွားမည်ဖြစ်သည်။ အလားတူ Location ကိုလည်း ဖုန်းထဲရှိ GPS ကို အသုံးပြုပြီး အပေါ်မှ အချက်အလက်များနှင့်အတူ "စောစောပြော" Platform ကို ပေးပို့မည်ဖြစ်သည်။ သတင်းပေးပို့မှုကို မှတ်တမ်းတင်ပြီး Database နှင့် သိမ်းဆည်းထားမည်ဖြစ်ကြောင်း သိရသည်။

**ပြန်လည်ကြည့်ရှုနိုင်မည်**

ထို Mobile App ထဲတွင် အရေးပေါ်ခေါ်ဆိုနိုင်မည့် Hot Line ဖုန်းနံပါတ်လည်း ထည့်သွင်းထားမည်ဖြစ်သည့်အတွက် App မှ တစ်ခါတည်း ဖုန်းခေါ်ဆို သတင်းပို့နိုင်မည်ဖြစ်သည်။ Quarantine ဝင်နေရသည့် ပြည်သူတစ်ဦးချင်းစီ၏ တင်ပြချက်များ၊ ကျန်းမာရေးအခြေအနေများနှင့် တည်နေရာများကို အချိန်အလိုက် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းအလိုက်၊ နေ့ရက်အလိုက်၊ အချိန်အပိုင်းအခြားအလိုက် ပြန်လည်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအနှံ့အပြားမှ နည်းပညာကျွမ်းကျင်သူ စေတနာ့ဝန်ထမ်းလူငယ်များအနေဖြင့် "စောစောပြော" Mobile App အသုံးပြုရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်လိုပါက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး နေဘ်ပန်းသဇ္ဇာမျိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဦးရဲနိုင်မိုး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် ဦးသောင်းစုငြိမ်းတို့ထံ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် တိုက်တွန်းထားသည်။ **သတင်းအဖွဲ့**

# COVID-19 ရောဂါကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများ ကုစားနိုင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် မတ် ၂၇ ရက်က COVID-19 ကြောင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို ကုစားနိုင်ရေး မန္တလေးမြို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်များအသင်း(မန္တလေးဇုန်)တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း၊ မတ် ၂၈ ရက်တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့်လည်းကောင်း၊ မတ် ၂၉ ရက်တွင် နေပြည်တော်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) နှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) တို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုကြုံတွေ့နေရသည့် COVID – 19 ကာလတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ သာမက ဆက်စပ်လုပ်ငန်းများအပေါ်တွင် များစွာထိခိုက်လျက်ရှိရာ သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အခက်အခဲကြုံတွေ့နေရသည်ကို သိရှိရပါကြောင်း၊ ထိုကဲ့သို့ ထိခိုက်မှုများကို နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ထိရောက်စွာ ပံ့ပိုးပေးရန်အတွက် အချက်အလက်များ ကောက်ခံရန် ဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအပြင် ဆက်စပ်လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းထိခိုက်ရမှုများကို စနစ်တကျ တင်ပြနိုင်ရန်လိုအပ်ပြီး သက်ဆိုင်ရာ အသင်းအဖွဲ့များက ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး မေတ္တာရပ်ခံလိုပါကြောင်း။

**ကူညီဆောင်ရွက်သွားမည်**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုရရှိစေရေးအတွက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က COVID-19 ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများအဖြစ် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးစားပေးကုစားရမည့်ကဏ္ဍများအဖြစ် သတ်မှတ်၍ ချေးငွေများထုတ်ချေးပေးရန် ဆောင်ရွက်လျက်ရှိရာ လိုအပ်မည့် ဘဏ္ဍာအရင်းအမြစ် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအသီးသီးဆောင်ရွက်နေမှုနှင့် လိုအပ်သည့်ကိန်းဂဏန်းများကို တိတိကျကျ ကောက်ခံထားရှိတင်ပြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနလျာထားရန်ပုံငွေမှ ကျခံ၍ ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများအတွက် အခြေခံသင်တန်းများ၊ မွမ်းမံသင်တန်းများနှင့် အရည်အသွေးမြှင့် သင်တန်းများ ပို့ချနိုင်ရန်သာမက ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နယ်ပယ်



များမှ လက်လုပ်လက်စားလုပ်သားများကိုပါ ခရီးသွားဝန်ဆောင်မှုသင်တန်းများ ပို့ချသွားနိုင်ရန် ဟိုတယ်နှင့် ခရီးသွားဆိုင်ရာအသင်းအဖွဲ့များနှင့် ဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၎င်းတို့၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ၊ COVID-19 ကြောင့် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများနှင့် COVID-19 အလွန်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် မြန်မာနိုင်ငံသားများအား ပန်ကြားချက်

၁။ မြန်မာနိုင်ငံ၌ (၂၉-၃-၂၀၂၀) ရက်နေ့အထိ COVID-19 ရောဂါပိုးတွေ့ရှိသူ (၁၀)ဦး ရှိလာပြီး၊ ၎င်းတို့အနက် အသက်(၄၄)နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးသည် (၂၃-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ဝင်ရောက်ကာ မင်္ဂလာဒုံမြို့နယ်သို့ ရောက်ရှိနေထိုင်ခဲ့ပြီး (၂၉-၃-၂၀၂၀) ရက်နေ့ဓာတ်ခွဲ နမူနာအဖြေအရ COVID-19 ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ အဆိုပါအခြေအနေအရ နယ်စပ်ဂိတ်များမှ အစုလိုက်အပြုံလိုက် ပြန်လည်ဝင်ရောက်လာသူ အချင်းချင်းကြား တွင်လည်းကောင်း၊ ပြည်တွင်းတွင် နေထိုင်သူများထံသို့လည်းကောင်း ရောဂါကူးစက်ပြန့်ပွားပြီး ကပ်ရောဂါကြီး ဖြစ်ပွားရန် အလားအလာအလွန်များပြားနေပါသည်။

၃။ သို့ဖြစ်ပါ၍ နယ်စပ်ဂိတ်များမှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအားလုံးကို မိမိတို့၏ နေရပ်ဌာနေများသို့ တိုက်ရိုက်ပြန်ခွင့်ပြုတော့မည်မဟုတ်ဘဲ နိုင်ငံတော်အစိုးရမှ စီစဉ်ပေးထားသော သတ်မှတ်နေရာများ တွင်သာ ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု (Quarantine) ပြုလုပ်ခြင်းကို (၁၄) ရက် မဖြစ်မနေ ခံယူကြရမည် ဖြစ်ပါသည်။

၄။ နိုင်ငံတော်အစိုးရအနေဖြင့် နောက်ထပ်ဝင်ရောက်လာမည့်သူများအတွက် ထိန်းချုပ်ကန့်သတ်စောင့်ကြည့်မှု (Quarantine) ပြုလုပ်ရန် နေရာထိုင်ခင်းများ ထပ်မံတိုးချဲ့စီစဉ်ဆောင်ရွက်နေဆဲဖြစ်ပါသဖြင့် နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာမည့်သူများအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ နောက်ထပ် ရက်သတ္တ(၂)ပတ်ခန့် စောင့်ဆိုင်းပြီး (၁၅-၄-၂၀၂၀) ရက်နေ့ နောက်ပိုင်းမှသာ ပြန်လည်ဝင်ရောက်ကြပါရန် ပန်ကြားအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးညဏ်ထွန်းကို ယင်းလုပ်ငန်း၏ ဦးဆောင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့၏ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❑ နိုင်ငံခြားရေးဝန်ကြီးဌာနမှ

အလျောက် ပြည်ပမှ COVID-19 ကူးစက်ပြန့်ပွားမှုများ ကာကွယ်တားဆီး ထိန်းချုပ်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ကြီးဌာန များအကြား ညှိနှိုင်းဆောင်ရွက်ပေးရေး၊ သံတမန်များအပါအဝင် နိုင်ငံခြားသား များနှင့် ပြည်ပရောက် မြန်မာနိုင်ငံသားများအရေးကိစ္စများ ကူညီပံ့ပိုးပေးရေး အတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသားအဆင့် ဗဟို ကော်မတီမှချမှတ်ထားသည့်လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရမည့် အစီအမံ များအား အချိန်နှင့်တစ်ပြေးညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှေးဦးစွာရောဂါကူးစက် ပြန့်ပွားမှုနှုန်း မြင့်မား သည့်နိုင်ငံများမှ လာရောက်မည့် ခရီးသွားများအတွက် ခရီးသွားလာခြင်းဆိုင်ရာ ကန့်သတ်မှုများ ထုတ်ပြန်ခြင်း၊ ဆိုက်ရောက် ဗီဇာ (VOA)နှင့် အီလက်ထရွန်နစ် ဗီဇာ(E-Visa) ထုတ်ပေးမှုရပ်ဆိုင်းခြင်း၊ မည်သည့်နိုင်ငံခြားသားမဆို COVID-19 ကင်းရှင်းကြောင်း ဆေးလက်မှတ်ပါမှ ဝင်ခွင့်ပြုခြင်း၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြည်ဝင်ဗီဇာဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများအား ပြည်ဝင်ခွင့် ရပ်ဆိုင်းခြင်းစသည်ဖြင့် အဆင့်ဆင့်တားဆီး ပိတ်ပင်မှုနှင့် ကန့်သတ်မှု များ ပြုလုပ်ခဲ့ပြီးနောက် နောက်ဆုံးအခြေအနေအရ မတ် ၂၈ ရက်မှစ၍ ပြည်ပမှ ပြည်တွင်းသို့ ရောဂါကူးစက်မှုအန္တရာယ်မှ တားဆီးဟန့်တားနိုင်ရေးအတွက် ပြည်ဝင်ဗီဇာထုတ်ပေးခြင်းကို လုံးဝရပ်ဆိုင်းခဲ့ခြင်းတို့ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ဆက်လက်၍လည်း နိုင်ငံတကာမှ ကာကွယ်၊ ထိန်းချုပ်ကုသရေး အစီအမံများကို မျက်ခြည်မပြတ် စောင့်ကြည့်၍ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီမည့် အစီအမံများကို အမျိုးသားအဆင့် ဗဟိုကော်မတီသို့ တင်ပြအကြံပြု ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် နိုင်ငံတကာဆက်ဆံရေး ရှုထောင့်မှ စဉ်းစားသုံးသပ်လျက် ရောဂါကာကွယ်ရေးအတွက် လိုအပ်သည့်အစီ အမံများကို ထိရောက်စွာ ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအခြေစိုက်သံတမန်များနှင့် ကုလသမဂ္ဂဝန်ထမ်းများကိုလည်း COVID-19 နှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် အစီအမံများ၊ ၎င်းတို့သိရှိလိုသည့် အချက်များကို စဉ်ဆက်မပြတ် အသိပေးရေးဆောင်ရွက်ကြရန်နှင့် မိမိတို့ ဝန်ကြီး ဌာနအတွင်း ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများ တိုးမြှင့်ပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့်အားကစားဝန် ကြီးဌာနမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို ဝန်ထမ်းတစ်ဦးချင်းစီက တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ မိမိတို့၏ မိသားစု များ၊ မိမိတို့ရုံး၏ လူမှုအသိုက်အဝန်းကိုလည်း လက်ဆင့်ကမ်းအသိပညာပေးမှုများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် က အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များ နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြပြီး တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဝင်များ က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြရာ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ဆောင်ရွက်လျက်ရှိသည့် COVID-19 ရောဂါကာကွယ် ထိန်းချုပ် ရေးဆိုင်ရာ အစီအမံများနှင့် COVID-19 ရောဂါပြန့်ပွားမှုနှင့်အတူ ဖြစ်ပေါ် လာသော စီးပွားရေးဂယက်ရိုက်ခတ်မှုများကြောင့် နိုင်ငံအလိုက် စီးပွားရေး လုပ်ငန်းများ ထိခိုက်မှုအခြေအနေ၊ စီမံဖြေရှင်း ဆောင်ရွက်လျက်ရှိသည့် အစီအမံ များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့်အစီအမံများကို အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စုစည်း တင်ပြရေး၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သော နိုင်ငံခြား အကူအညီများရရှိရေးအတွက် သက်ဆိုင်ရာ သံရုံးများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအတွင်းရောက်ရှိနေသာ နိုင်ငံခြားသားများ အား ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံများသို့ ထွက်ခွာရေး အစီအစဉ်များ ဆောင်ရွက် ပေးရာတွင် လေယာဉ်ဖြတ်ကျော်ပျံသန်းခွင့်ရရှိရေးအပါအဝင် လိုအပ်သည့် အကူအညီများပံ့ပိုးပေးရေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်မိသားစုများအား ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာစေရန် အတွက် အမိန့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အသိပညာပေးခြင်း၊ ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ခြင်းတို့ဆောင်ရွက်ရေး၊ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် စနစ်ကျ သည့် အစီအမံများ ချမှတ်ရေးတို့ကို ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ပြသသွားမည်

နေပြည်တော် မတ် ၃၀

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက် မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာ မဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများတွက် အထူးအစီအစဉ် အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြား သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့် ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယို ဇာတ်ကားကောင်းများကို နေ့စဉ် နေ့လယ်ပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလအတွင်း ပြသမည့် နိုင်ငံခြားနှင့် မြန်မာဇာတ်လမ်းတွဲများ

| စဉ် | ဇာတ်လမ်းတွဲအမည် | ပြသချိန် | မှတ်ချက် |
|---|---|---|---|
| ၁ | နတ်ဆိုးမလေးရဲ့ ကိုယ်ရံတော်(ထိုင်း) | ညနေ ၄:၃၀ နာရီမှ ၅:၃၀ နာရီထိ | ၁၀.၄.၂၀၂၀ မှ၂၇.၄.၂၀၂၀ ထိ နေ့စဉ်(၁)နာရီ |
| ၂ | Flowers and Butterflies (မြန်မာ) | နံနက် ၁၀:၃၀ နာရီ မှ ၁၁:၃၀ နာရီထိ | ၁.၄.၂၀၂၀ မှ ၃၀.၄.၂၀၂၀ ထိ နေ့စဉ်(၁)နာရီ |

# ပြည်သူသာလျှင် အဓိက

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ထိုင်းနိုင်ငံမှ ပြန်လာသူများကို သီးခြားထားရှိရန် စီစဉ်ထားသည့်နေရာများ ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၃၀**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၃၀ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာကြသည့် မြန်မာနိုင်ငံသားများအား သီးခြားထားရှိရန် စီစဉ်ထားရှိသည့်နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်း၊ စိုက်ပျိုးရေးသိပ္ပံ(ဇွဲကပင်)၊ အုန်းတစ်ပင်အထက်တန်းကျောင်း(ခွဲ)နှင့် ဘားအံပညာရေးကောလိပ်တို့သို့ သွားရောက်ပြီး လိုအပ်ပါက သီးခြားထားရှိမည့်နေရာအဖြစ် အသုံးပြုသွားရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးသန်းနိုင်က "အခုလောလောဆယ် ဒီနေ့ထိုင်းနိုင်ငံက ပြန်လည်ဝင်ရောက်လာတဲ့ ရန်ကုန်နဲ့ ဒေသတချို့ သွားကြမယ့်သူတွေကို ကျွန်တော်တို့က မပို့ပေးတော့ဘဲနဲ့ အသွားအလာကန့်သတ်စောင့်ကြည့်ခြင်း ၁၄ ရက်ကို ဒီမှာပဲ လုပ်လိုက်တော့မယ်။ ကရင်ပြည်နယ်က လူတွေကိုကျတော့ ကျွန်တော်တို့က လေးကေ့ကော်ကိုပို့ပြီး လေးကေ့ကော် ကနေတစ်ဆင့် ဘားအံကိုပြန်ခွဲမယ်။ ၁၄ ရက်ထားမှာဖြစ်တဲ့အတွက် သံလွင်တံတားအနီး အမှတ်(၈)ရပ်ကွက် မိုးကုတ်ဝိပဿနာတရားစခန်း၊ စိုက်ပျိုးရေးသိပ္ပံ(ဇွဲကပင်)၊ လှာကမြင်ကွက်သစ် မူလတန်းလွန်ကျောင်းတို့မှာ သုံးနေရာထားရှိသွားမှာဖြစ်တယ်။ ထပ်လိုမယ်ဆိုရင်လည်း အုန်းတစ်ပင် အထက်တန်းကျောင်း(ခွဲ)ကို အရန်အနေနဲ့ စီစဉ်ထားတာ ရှိပါတယ်။ အလှူရှင်လည်းရှိတဲ့အတွက် လူတစ်ဦးကို မွေ့ရာခင်း၊ ခေါင်းအုံး၊ ရေခွက်၊ ဆပ်ပြာ၊ ရေသန့်ဘူး စသည်ဖြင့် မနက်၊ ည ထမင်းကျွေးမှာဖြစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်နဲ့ ဒေသတချို့ပါ။ ကျန်တဲ့ဒေသတွေကတော့ သူတို့အစီအစဉ်နဲ့သူတို့ ပြန်မှာပါ။ မန္တလေး၊ စစ်ကိုင်းတို့ကလည်း သူတို့ကိုကြိုဖို့ ကားတွေလာစောင့်နေတာရှိပါတယ်" ဟု ပြောသည်။

မြဝတီမြို့ အမှတ်(၂)ချစ်ကြည်ရေးတံတားမှ ယနေ့ နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ ၃၄၂ ဦးအနက် ရန်ကုန်သို့ ပြန်မည့်သူများအား ယနေ့ ညနေပိုင်းမှစ၍ ဘားအံမြို့၌ သီးခြားထားရှိရန် စီစဉ်ထားသည့်နေရာများတွင် လက်ခံထားရှိပြီး လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## စစ်တွေခရိုင်၌ COVID - 19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ မတ် ၃၀**

COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် စစ်တွေခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက COVID – 19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်ရမည်ဖြစ်ရာ ပြည်သူများပူးပေါင်းပါဝင်ရန် လိုကြောင်း၊ ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများနှင့် ထပ်မံရောက်ရှိလာမည့်သူများအား စောင့်ကြပ်ကြည့်ရှုခြင်းပြုလုပ်နိုင်ရန် ပြည်သူများက ဝိုင်းဝန်းကူညီပေးရမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းသည် အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်၍ မရပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ခြင်းဖြင့် ကာကွယ်ရမည်ဖြစ်ကြောင်း၊ လူစည်ကားသောနေရာများ၊ ဈေးများ၊ ရပ်ကွက်၊ ကျေးရွာများတွင် အသံချဲ့စက်ဖြင့် အသိပညာပေး ကြော်ငြာမှုများကို အဆက်မပြတ်လုပ်ဆောင်ပေးရန်လိုကြောင်း ပြောကြားသည်။



ဆက်လက်၍ COVID – 19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စစ်တွေခရိုင်ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများအခြေအနေ၊ နေအိမ်များတွင် စောင့်ကြပ်ကြည့်ရှုထားမှုအခြေအနေ၊ ၁၄ ရက်တာ သီးသန့်စောင့်ကြည့်ထားရှိရန် စီစဉ်ထားရှိမှုအခြေအနေနှင့် ထပ်မံ၍ နေရပ်ပြန်လည်ရောက်ရှိလာသူများအား လူမှုရေးအဖွဲ့အစည်း ၂၁ ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး အဝင်၊ အထွက်စစ်ဆေးရေးဂိတ်များနှင့် တိုက်ပွဲရှောင်စခန်းများတွင် ကျန်းမာရေးစစ်ဆေးသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာခိုင်နှင်းဝေက စစ်တွေဆေးရုံကြီးရှိ သံသယလူနာများ၏ အခြေအနေနှင့် COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် ခရိုင်ကော်မတီဝင်များ၊ မြို့မိ မြို့ဖများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ စစ်တွေမြို့မဈေးကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများက COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**



## လားရှိုး၌ COVID – 19 ရောဂါကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**လားရှိုး မတ် ၃၀**

COVID – 19 ရောဂါကာကွယ်ရေးအတွက် လားရှိုးမြို့ နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်း၌ ရေဖျန်းခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မတ် ၃၀ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

**ကူညီဆောင်ရွက်ပေးဖို့**

"ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်ပြီး သံသယလူနာတွေ့ခဲ့ရင် ကူညီဆောင်ရွက်ပေးဖို့အတွက် သက်ဆိုင်ရာဌာနတွေပါဝင်တဲ့ လူမှုကူညီရေးအရပ်ဘက်အဖွဲ့အစည်းများလည်းပါဝင်တဲ့အဖွဲ့ ဖွဲ့ထားပါတယ်။ ကျန်းမာရေးဦးစီးဌာနရဲ့ ညွှန်ကြားချက်အတိုင်း လိုက်နာလုပ်ဆောင်နေပါတယ်"ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက ပြောသည်။

နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်း၊ မန်ဆူကားလေးဂိတ်တို့တွင် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်နေသည့်အပြင် ဧပြီ ၁ ရက်၌ လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးရှေ့ လမ်းမတော်လမ်းမှစတင်၍ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လားရှိုးမြို့နယ် ယာဉ်လိုင်းများသည် Coronavirus Disease 2019(COVID–19) အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါကြိုတင်ကာကွယ်ခြင်းအတွက် လူတစ်ဦးနှင့်တစ်ဦး သုံးပေအကွာ သို့မဟုတ် တစ်မီတာအကွာနေထိုင်ရမည်ဖြစ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအား ပူးပေါင်းပါဝင်လိုက်နာသည့်အနေဖြင့် ခရီးသည်တစ်ဦးလျှင် ထိုင်ခုံနှစ်ခုံစာဖြတ်ပြီး တစ်ဦးတည်းစီးနင်းခြင်းဖြင့် ရောဂါကူးစက်မှုမှကင်းဝေးစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟန်ဒွေး(လားရှိုး)**

# စောစောပြော၊ စောစောသိ အားလုံးအကျိုးရှိဖို့ ဝိုင်းဝန်းကူညီကြပါစို့

ဝင်းထွဋ်ဦး

လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ COVID-19 ဖြစ်ပွားမှုအခြေအနေဟာ တစ်ကမ္ဘာလုံးက နိုင်ငံအသီးသီး ကူးစက်ပြန့်ပွားလျက်ရှိရာ ကျွန်တော်တို့နိုင်ငံကိုလည်း ဒီရောဂါကူးစက်ရောက်ရှိလာခဲ့ပါပြီ။ COVID-19 ရောဂါ ယခုထက်ပိုပြီး မကူးစက်မပြန့်ပွားအောင် ကာကွယ်ထိန်းချုပ်ဖို့ လိုအပ်လာတာအမှန်ပါပဲ။ ထိန်းချုပ်ဖို့ဆိုရင် ကျွန်တော်တို့တစ်တွေအားလုံး မြို့ပေါ်ရော ကျေးရွာနေပြည်သူတွေပါ တစ်ဦးတစ်ယောက်မှ မကျန်ဘဲ ညီညီညွတ်ညွတ်နဲ့ စုစည်းပူးပေါင်းပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ အားလုံးပါဝင်ဆောင်ရွက်ပြီး စနစ်တကျ တုံ့ပြန်တဲ့နည်းလမ်းဟာ အထိရောက်ဆုံး၊ အကောင်းမွန်ဆုံး ဖြစ်ပါလိမ့်မယ်။

ကျွန်တော်တို့တစ်တွေ စနစ်တကျ တုံ့ပြန်ဆောင်ရွက်ကြရာမှာ တစ်ဦးချင်းစီကိုယ်တိုင် လိုက်နာလုပ်ဆောင်ရမယ့်အချက်တွေကို မဖြစ်မနေ တိတိကျကျလိုက်နာကြရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ နှာချေ၊ ချောင်းဆိုးပြီးတိုင်း၊ အပြင်က ပြန်လာတိုင်း၊ အများအသုံးပြုတဲ့ အရာဝတ္ထုပစ္စည်းတွေ (တံခါးလက်ကိုင်တို့၊ လှေကားလက်ရန်းနဲ့ ခလုတ်လှေကားခလုတ် စတာတွေ) ကိုင်တွယ်ပြီးတိုင်း လက်ကိုစနစ်တကျဆေးဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် အစားအစာချက်ပြုတ်ရန် ပြင်ဆင်တဲ့အခါ၊ အစာမစားမီနဲ့ အိမ်သာအသုံးပြုပြီးတဲ့အခါ၊ လူနာနဲ့ထိတွေ့ပြုစုပြီးတဲ့အခါတွေမှာ လက်ကိုဆေးဖို့လိုအပ်ပါတယ်။ စနစ်တကျလည်း ဆေးကြရမှာဖြစ်ပါတယ်။ အဖြစ်သဘောမျိုး ပြီးပြီးရောဆေးတာဟာ ဗိုင်းရပ်စ်ပိုးကို ကာကွယ်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။

နှာချေ၊ ချောင်းဆိုးရင်လည်း နှာခေါင်း၊ ပါးစပ်ကို တစ်ရှူး ဒါမှမဟုတ် တံတောင်ကွေးနဲ့ လုံခြုံအောင် ဖုံးအုပ်ပါ။ သုံးပြီးတစ်ရှူးကိုလည်း အမှိုက်ပုံးထဲ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးရင်လက်ကို စနစ်တကျပြန်ဆေးပါ။ လူစုလူဝေး၊ လူထူထပ်ပြီး လူသူများတဲ့နေရာကို လုံးဝရှောင်ကြဉ်ပါ။ လုံးဝကို မသွားပါနဲ့။

လက်ရှိအခြေအနေအရ အရေးကြီးဆုံးလိုက်နာဆောင်ရွက်ကြရမှာက ရောဂါဖြစ်ပွားတဲ့နေရာတွေ၊ နိုင်ငံတွေက ပြန်လာကြတဲ့သူတွေပါပဲ။ သက်ဆိုင်ရာကို သတင်းပို့ဆက်သွယ်ပေးကြဖို့ပါ။ မိမိနေထိုင်ရာဒေသက အုပ်ချုပ်ရေးအဖွဲ့နဲ့ ကျန်းမာရေးဦးစီးဌာနတွေကို အသိပေးအကြောင်းကြားကြဖို့လိုပါတယ်။ မဖြစ်မနေကို လုပ်ဆောင်ပေးကြပါ။ ဒ့ါအပြင် နိုင်ငံရပ်ခြားက ပြန်ဝင်လာကြတဲ့သူတွေ ကိုယ့်ပတ်ဝန်းကျင်မှာရှိပါက မိမိကိုယ်မိမိ ပိုပြီးဂရုစိုက်ကြဖို့ လိုသလို သံသယဖြစ်စရာ အဖြစ်အပျက်အကြောင်းအရာတွေ့ရှိရင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နဲ့ အဖွဲ့အစည်းတွေကို သတင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ အရေးကြီးတာထက်ပိုပြီး အရေးကြီးတယ်လို့ပြောနိုင်တယ်။ ကျွန်တော်တို့ မြို့ရွာနေပြည်သူတွေအနေနဲ့ ဒီ COVID-19 ရောဂါနဲ့သက်ဆိုင်တဲ့ သတင်းတွေ ကိစ္စပါပဲ။ မှန်ကန်တဲ့သတင်းတွေကိုသာ ယုံကြည်ကြဖို့၊ ကောလာဟလသတင်းတွေကို အယုံအကြည်မရှိကြဖို့ပါပဲ။ ဒါကလည်း အသိတရားရှိရှိနဲ့ လိုက်နာကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတစ်ဦးချင်းစီကိုယ်တိုင် လိုက်နာဆောင်ရွက်ရမယ့် အချက်တွေနဲ့ တစ်ဆက်တည်း အဲဒီ COVID-19 ရောဂါကူးစက်တတ်တဲ့ နည်းလမ်းတွေကိုလည်း သိထားသင့်ပါတယ်။ ရောဂါရှိသူတွေ နှာချေ၊ ချောင်းဆိုးရာက ထွက်လာတဲ့ အမှုန်အမွှားတွေကို တိုက်ရိုက် ရှူရှိုက်မိရင်၊ ရောဂါပိုးကပ်နေတဲ့ အရာဝတ္ထုတွေ၊ ပိုးရှိတဲ့ လူနာကိုင်တွယ်ခဲ့တဲ့ ပစ္စည်းတွေကို ထိတွေ့ကိုင်တွယ်မိရင် ကူးစက်ပြီဖြစ်ပါတယ်။ COVID-19 ရောဂါဟာ လူစုလူဝေးရှိတဲ့နေရာမှာ လူအများကို လျင်မြန်စွာ ကူးစက်ပါတယ်။ ကူးစက်ပြန့်ပွားနှုန်းမြန်ပါတယ်။

ဒီလိုအချိန်တိုအတွင်း ကူးစက်ပြန့်ပွားနှုန်းမြန်တဲ့ ရောဂါဆိုးကို ကာကွယ်ထိန်းချုပ်နိုင်ဖို့ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီတွေဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိနေပါပြီ။ ကျွန်တော်တို့ပြည်သူတွေအားလုံးကလည်း စနစ်တကျတုံ့ပြန်တဲ့နည်းကို တစ်ဦးချင်းစီက ပါဝင်ကူညီလုပ်ဆောင်ကြရတော့မှာဖြစ်ပါတယ်။ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရမယ့် အချိန်ရောက်နေပါပြီ။

တစ်ဦးချင်းစီရဲ့ ပူးပေါင်းပါဝင်လုပ်ဆောင်မှုဟာ ရောဂါကာကွယ်တုံ့ပြန်ရာမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတာမို့ မိမိကိုယ်တိုင် ဂရုစိုက်နေထိုင်တုံ့ပြန်ကြဖို့ အရေးကြီးပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ မြို့ရွာနေ ပြည်သူအားလုံးဟာ လတ်တလောဖြစ်နေတဲ့ COVID-19 ရောဂါအတွက် စိုးရိမ်စိတ်တွေ လွန်ကဲမှုမဖြစ်ကြဘဲ ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ဖို့ "စောစောပြော၊ စောစောသိ အားလုံးအကျိုးရှိ" ဆိုတဲ့ အသိကို လက်ကိုင်ထားပြီး အစွမ်းကုန်ဝိုင်းဝန်းကူညီလုပ်ဆောင်ကြပါစို့လို့ အသိပေးတိုက်တွန်းလိုက်ရပါတယ်။ ။

**တစ်ဦးချင်းစီရဲ့ ပူးပေါင်းပါဝင်လုပ်ဆောင်မှုဟာ ရောဂါကာကွယ်တုံ့ပြန်ရာမှာ အဓိကအခန်းကဏ္ဍကပါဝင်နေတာမို့ မိမိကိုယ်တိုင် ဂရုစိုက်နေထိုင်တုံ့ပြန်ကြဖို့ အရေးကြီးပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့ မြို့ရွာနေ ပြည်သူအားလုံးဟာ လတ်တလောဖြစ်နေတဲ့ COVID-19 ရောဂါအတွက် စိုးရိမ်စိတ်တွေ လွန်ကဲမှု မဖြစ်ကြဘဲ ရောဂါပြန့်ပွားမှုကို ကာကွယ် ထိန်းချုပ်နိုင်ဖို့ "စောစောပြော၊ စောစောသိ အားလုံးအကျိုးရှိ"ဆိုတဲ့အသိကို လက်ကိုင်ထားပြီး အစွမ်းကုန်ဝိုင်းဝန်း ကူညီလုပ်ဆောင်ကြပါစို့**

# ကမ္ဘောဇဘဏ်မှ လှူဒါန်းထားသည့် ဆေးရုံသုံးပစ္စည်းများ ဖြန့်ဝေလှူဒါန်း



**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်မှ လှူဒါန်းထားသည့် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ကုန်းလမ်းမှ မူဆယ်မြို့နှင့် မန္တလေးမြို့သို့ စတင်ရောက်ရှိကြောင်း သိရသည်။

မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် မူဆယ်မြို့သို့ စတင်ရောက်ရှိလာသော ဆေးရုံသုံး နှာခေါင်းစည်း ခုရေ ၃၀၀၀၀၀ ကို မူဆယ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟန်နိုင်စိုးထံ လှူဒါန်းခဲ့သည်။ အဆိုပါလှူဒါန်းခဲ့သော ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအစီအစဉ်ဖြင့် မူဆယ်မြို့မှ မြန်မာနိုင်ငံအနှံ့ အပြားသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

ကမ္ဘောဇဘဏ်နှင့် KBZ MS General Insurance တို့သည် မတ် ၁၈ ရက်မှစတင်၍ သက်ဆိုင်ရာပြည်သူ့ဆေးရုံအသီးသီးရှိ ကျန်းမာရေးဝန်ထမ်းများနှင့် သံသယရှိ စောင့်ကြည့်လူနာများအတွက် ကနဦး မတည်ငွေကျပ်သိန်း ၁၀၀၀ ကို လှူဒါန်းခဲ့ပြီး တရုတ်နိုင်ငံမှ တိုက်ရိုက်မှာယူထားသည့် ဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်း ခေါင်းစွပ်၊ မျက်မှန်၊ နှာခေါင်းစည်း၊ လက်အိတ်များ အပြည့်အစုံ ပါဝင်သော CE Standard PPE ဝတ်စုံ ၂၃၀၀၀၊ ၅၀၀ မီလီ ပါဝင်သည့် လက်ဆေးဆပ်ပြာရည်ဘူး ၁၀၀၀၀ တို့ မြန်မာနိုင်ငံသို့ ရောက်ရှိလာလျှင် ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။ ထို့အပြင် ရှမ်းပြည်နယ်အစိုးရနှင့်ပူးပေါင်း၍ ဆန်နှစ်ပြည်၊ ဆီတစ်ဘူး၊ ကုလားပဲတစ်ပိဿာနှင့် ငွေကျပ်တစ်သောင်းစီပါသော ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို အရေးပေါ်လိုအပ်လာပါက လှူဒါန်းသွားရန် အသင့်ပြင်ဆင်ထားသည်။

ကမ္ဘောဇဘဏ်သည် မတ် ၃၀ ရက်အထိ COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော် လှူဒါန်းထားပြီး တစ်နိုင်ငံလုံးအတိုင်းတာဖြင့် လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာများတွင် လိုအပ်သည်တို့ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလှူဒါန်းသွားရန် စီစဉ်ထားသည်။

ကိုဇော်

# မိုင်းဖြတ်၌ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မိုင်းဖြတ် မတ် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကိုရိုနာဗိုင်းရပ်စ် (COVID- 19)ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် တာဝန်ရှိသူများက ပြည်သူများ COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုများ မဖြစ်ပွားစေရေးနှင့် အများပြည်သူများ အလွယ်တကူ သိရှိလိုက်နာစေရေး ပညာပေးလှုံ့ဆော်ခြင်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးပြည့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးရာဇာဝင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့များက မြို့မဈေးရှေ့၊ ဟိုနားကျေးရွာ၊ ဝမ်ပုံကျေးရွာတို့တွင် ကိုရိုနာဗိုင်းရပ်စ် (COVID-19) ရောဂါအကြောင်း သိကောင်းစရာများ၊ ရောဂါလက္ခဏာများ၊ ကူးစက်ပုံနည်းလမ်းများ၊ ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများဖြစ်သည့် လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ ပုံမှန်ဆေးခြင်းဖြင့် ကာကွယ်ခြင်း၊ လူထူထပ်သည့် နေရာများသို့မသွားဘဲ မိမိအိမ်တွင် တတ်နိုင်သမျှ နေထိုင်ရေး စသည့် အချက်များကို ပြည်သူများသို့ အသိပေးရှင်းလင်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ် ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သင်္ဂဟလူမှုကူညီရေးအဖွဲ့များနှင့် ဌာနဆိုင်ရာများက တာချီလိတ်- မိုင်းဖြတ်- ကျိုင်းတုံသွား ခရီးသွားပြည်သူများအား ကူးစက်ရောဂါပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကိုယ်ပူချိန်များ တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၃ / ၂၀၂၀**
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တပ်ဦး သီတာရပ်ကွက်နေ မဝေဝေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၂၃-၃-၂၀၂၀ ရက်နေ့တွင် ကလေးမြို့၊ တပ်ဦးသီတာ ရပ်ကွက်နေ မဝေဝေ(ခ)ခက်ခက်ဝေ(၃၂)နှစ်၊ (ဘ) ဦးစန်းဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး) မယ(ပ) ၃၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူ ထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လယ်ရင်းတဲကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၃-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ လယ်ရင်းတဲ ကျေးရွာ၊ အင်ပိုင်ကြီးလယ်ကွင်းအတွင်း၌ မူးယစ်ဆေးဝါး သတင်းအရ စိစစ်ရန်သွားရောက်စဉ် ၎င်းမြို့နယ်၊ ကြေးအင်းကျေးရွာနေ ကျော်စိုးဦး(ခ) ကြွက်နီ(၂၉)နှစ်၊ (ဘ)ဦးမြင့်မောင်၊လယ်ရင်းကျေးရွာနေ မြို့မောင် (ခ) ဒင်ဟို (၂၉)နှစ်၊ (ဘ)ဦးသံမောင်နှင့် အောင်မျိုးဦး (ခ)မျိုးဦး (၄၁)နှစ်၊ (ဘ)ဦးဖိုးဆက်တို့ (၃)ဦးအနက် ကျော်စိုးဦး (ခ)ကြွက်နီနှင့်မြို့မောင်(ခ) ဒင်ဟိုတို့(၂)ဦးမှာ ထွက်ပြေးသွားပြီး အောင်မျိုးဦး(ခ)မျိုးဦးအား ဘိန်းဖြူများနှင့် အတူဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ (ကောလင်း) မယ(ပ)၄၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၃-၂၀၂၀ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ နမ့်တောကျေးရွာနေ ထွန်းနိုင်(ခ)မောင်အဲ(၂၈)နှစ်၊ (ဘ) ဦးသာမြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းကျေးရွာနေ မောင်ခါး (၃၆)နှစ်၊(ဘ)ဦးဖိုးထူးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား နမစ(မိုင်းကိုင်း)မယ (ပ)၂၅/ ၂၀၂၀၊မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပြီး ၎င်းကျေးရွာနေ မောင်ခါး၏ နေအိမ်အား ဆက်လက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ ရန်နိုင်အောင်(ခ) ရန်နိုင် (၄၉)နှစ်၊ (ဘ)ဦးခင်မြနှင့် မော်လိုက်မြို့၊ တံတားဦးရပ်ကွက်နေ မင်းသူ (၃၀) နှစ်၊(ဘ)ဦးတင်လှတို့ (၃)ဦးအား ဘိန်းဖြူများနှင့်အတူ ထပ်မံဖမ်းဆီးရမိသဖြင့် နမစ(မိုင်းကိုင်း)မယ (ပ)၂၆/ ၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွား လမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူးရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၃-၂၀၂၀ ရက်နေ့တွင် အဘစ်-ခလယ်တံခွန်တိုင် ကျေးရွာသွား ကားလမ်းပေါ်၌ ကျိုက္ခမီမြို့နယ်၊ ရေတွင်းကုန်းကျေးရွာနေ ကိုကိုဝင်း(၂၃) နှစ်၊ (ဘ)ဦးစိုးဝင်းနှင့် မာမက်ရာဟင်(၄၈)နှစ်၊ (ဘ)ဦးအဒူမာတင်တို့(၂) ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်)မယ (ပ)၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၎င်းကားလမ်းပေါ်၌ပင် မော်လမြိုင်မြို့နယ်၊ ကြာအင်းကျေးရွာနေ တေဇဟိန်း (ခ)ကတုံး (၃၂)နှစ်၊(ဘ)ဦးကိုကိုနှင့် အောင်ဇေယျ(ခ)အရ (၄၉)နှစ်၊(ဘ)ဦးဖိုးရင်တို့(၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့် စိစစ်ရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ) ၁၀/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ ဖြန့်ဖြူး ရောင်းချသူများ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၃-၂၀၂၀ ရက်နေ့တွင် မုဒုံမြို့နယ်၊ တော်ကူးကျေးရွာနေ ဖုန်းမြင့်ဦး(၄၂) နှစ်၊ (ဘ)ဦးမင်းအောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မုဒုံ) မယ(ပ) ၁၉/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့၊ မြို့ဟောင်း အရှေ့ရပ်ကွက်နေ သိန်းမင်းနိုင်သည် မူးယစ် ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၃-၂၀၂၀ ရက်နေ့တွင် သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားကြီးလမ်းဘေးရှိလက်ဖက်ရည်ဆိုင်၌ မြို့ဟောင်းအရှေ့ရပ်ကွက်နေ သိန်းမင်းနိုင် (၄၀)နှစ်၊ (ဘ)ဦးမြသန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သန်လျင်) မယ(ပ) ၁၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီး အနောက်ရပ်ကွက်နေ ကျော်စိုးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၃-၂၀၂၀ ရက်နေ့တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီး အနောက်ရပ်ကွက်နေ ကျော်စိုး(ခ)ကျော်စိုးထွန်း (၂၆)နှစ်၊(ဘ)ဦးကုလား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဆိပ်ကြီးခနောင်တို) မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၈-၃-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၄၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၃၃၈) ဦး၊ မ(၂၆၂)ဦး၊ပေါင်း(၁၆၀၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၅၇၁.၀၀၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၀၄၀၄.၃၃၈၈၆) ဂရမ်၊အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ဘိန်းစာမှုန့်(၅၃၂၅၂.၇၆)ဂရမ်၊ဘိန်းစာရွက် (၁၂၀၉၇.၃၂)ဂရမ်၊ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၅၁၅၆၇၃)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၅) လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ကင်မွန်းခြံကျေးရွာ၌ ဖရဲစိုက်တောင်သူများ၏ ဖရဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**ဝန်းသို မတ် ၃၀**

ဝန်းသိုမြို့နယ် ကင်မွန်းခြံကျေးရွာတွင် ဖရဲစိုက်တောင်သူများ၏ ဖရဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဖရဲစိုက်တောင်သူ ဦးထွန်းထွန်းက ပြောကြားသည်။

ယခုနှစ်တွင် ဖရဲစိုက်ခင်းတစ်ဧကကို ပျမ်းမျှအားဖြင့် ကျပ် ၁၆ သိန်း ကုန်ကျပါကြောင်း၊ သုံးဧကအတွက် ကုန်ကျစရိတ် စုစုပေါင်း ငွေကျပ် ၄၈ သိန်းနီးပါး ကုန်ကျမည်ဖြစ်ပါကြောင်း၊ ဖရဲစိုက်ခင်း သုံးဧကကို ကားနှစ်စီးရရှိကြောင်း၊ ယခုနှစ် နယ်စပ်ဖရဲသီးပေါက်ဈေးမှာ ကားနှစ်စီး လျှင် ငွေကျပ်သိန်း ၁၄၀ နီးပါး ရနိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအထိ သယ်ယူစရိတ် ကားခတစ်စီးလျှင် ငွေကျပ် ၂၃ သိန်း၊ ကားနှစ်စီးအတွက် ငွေကျပ် ၄၆ သိန်း ကုန်ကျမည်ဖြစ်ကြောင်း၊ ဖရဲစိုက်ခင်း သုံးဧကအတွက် ကုန်ကျစရိတ် ငွေကျပ် ၄၈ သိန်းနှင့် ကားနှစ်စီးအတွက် သယ်ယူစရိတ် ငွေကျပ် ၄၆ သိန်းဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်မှာ ငွေကျပ် ၉၄ သိန်း ဖြစ်ပါကြောင်း၊ ဖရဲစိုက်ရာသီအတွက် သုံးဧကစိုက်လျှင် မိမိအတွက် ငွေကျပ် ၄၆ သိန်းနီးပါးရရှိမည်ဖြစ်ကြောင်း၊ မိမိ၏ ဖရဲသီးက စံချိန်မီလျှင် ငွေကျပ်သိန်း ၆၀ အထိ မိမိအတွက် ရနိုင်မည်ဖြစ်ကြောင်း " ဖရဲစိုက်တောင်သူ ဦးထွန်းထွန်းက ပြောသည်။

**အကောင်အထည်ဖော် ဆောင်ရွက်ပေး**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိသားစုများ ဝင်ငွေတိုးပွားစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီဖြင့် မတည်ပေးကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ကင်မွန်းခြံကျေးရွာသို့ ယင်းစီမံကိန်းချေးငွေရယူ၍ ဖရဲသီးစိုက်ပျိုးသောတောင်သူများ၏ ဖရဲခင်းများသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**



# ငါန်းဇွန်မြို့နယ်၌ စောင့်ကြည့်လူနာထားရှိရန်နေရာများ ပြင်ဆင်ထားရှိမှု လှည့်လည်ကြည့်ရှုစစ်ဆေး

**ငါန်းဇွန် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် အဖွဲ့သည် ငါန်းဇွန်မြို့နယ်တွင် COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပြည်ပမှ နေရပ်ပြန်လာမည့်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေးအတွက် ထားရှိမည့်နေရာများ ပြင်ဆင်ထားရှိမှုများကို မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် မြို့သာစက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းအတွင်းရှိ ပေါင်ဆန်းလုပ်ကွက် မြို့သာ အထကနှင့် ငါန်းဇွန်အထကတို့၌ စောင့်ကြည့်လူနာထားရှိရန်နေရာများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး ငါန်းဇွန်မြို့နယ်အတွက် နှာခေါင်းစည်း အခု ၂၀၀ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများမှ လက်ခံရယူခဲ့ကြောင်း သိရသည်။



အဆိုပါခရီးစဉ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ သက်ဆိုင်ရာမြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စက်မှုဇုန်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လိုက်ပါဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်နိုင်ရန် မော်တော်ယာဉ်နှင့် ခရီးသည်များအား စောင့်ကြည့်စစ်ဆေး

**မင်းတုန်း မတ် ၃၀**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၂၈ ညနေ ၄ နာရီက မင်းတုန်းမြို့နယ်မှထွက်ခွာပြေးဆွဲသည့် မော်တော်ယာဉ်များ၊ မင်းတုန်းမြို့နယ်အတွင်းသို့ ပြေးဆွဲသည့်မော်တော်ယာဉ်များတွင် လိုက်ပါသည့် ခရီးသွားပြည်သူများအား COVID–19 ရောဂါကာကွယ်တားဆီးထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာမော်တော်ယာဉ်လိုင်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

"လောလောဆယ်တော့ မြို့အဝင်/အထွက်ကားဂိတ်တွေပါပဲ၊ ရန်ကုန်–မန္တလေးက မင်းတုန်းဆင်းမယ့်ခရီးသည်တွေ၊ နိုင်ငံခြားသားခရီးသည်၊ ပြည်ပကပြန်လာတဲ့ခရီးသည်တွေကို စောင့်ကြည့်နေပါတယ်။ ကျန်းမာရေးထူးခြားရင် သတင်းပို့ဖို့ စောင့်ကြည့်အနေအထားပါပဲ" ဟု မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦးထံမှသိရသည်။

အဆိုပါအစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းထွန်းတို့ တက်ရောက်ခဲ့ကြသည်။

**မကွေးဝင်းမောင်**

# မိတ္ထီလာ၌ ကျန်းမာရေးစောင့်ရှောက်မည့်နေရာများ ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ မတ် ၃၀**

မိတ္ထီလာ၌ နိုင်ငံရပ်ခြားမှ နေရပ်ပြန်လာသူများအား ၁၄ ရက်တာ ကျန်းမာရေးစောင့်ကြည့်ရန် ထားရှိမည့်နေရာများနှင့် လတ်တလောထားရှိသည့်နေရာများသို့ ခရိုင် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် တာဝန်ရှိသူများအဖွဲ့သည် မတ် ၂၉ ရက် နံနက် ၉ နာရီက လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခရိုင် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဋ္ဌေးဦး၊ မြို့နယ် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများက ညောင်ကုန်းကျေးရွာရှိ အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မရိပ်သာဆောင်တွင် နေရပ်ပြန်သူလာသူများအား ၁၄ ရက်တာ ကျန်းမာရေးစောင့်ကြပ်ကြည့်ရှုထားရှိမည့် အခြေအနေကို အလိုတော်ပြည့်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာရအား လျှောက်ထားတင်ပြပြီး ထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့၏အနောက်ဘက်မိုင် ၂၀ ခန့်ဝေးကွာသည့် ရေဝေကျေးရွာအ–ထ–ကနှင့် ရှမ်းမငယ်ကျေးရွာအ–လ–ကတို့တွင် နေရပ်ပြန်လာသူများအား ၁၄ ရက်ထားရှိ၍ ကျန်းမာရေးစောင့်ကြည့်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကျောင်းများတွင်နေထိုင်လျက်ရှိသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အဖွဲ့ဝင်များကို အားပေးစကားပြောကြားပြီး ခေါက်ဆွဲခြောက်ထုပ်များ၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာရည်ဘူးများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ထောက်ပံ့သည်။

မိတ္ထီလာတွင် နိုင်ငံရပ်ခြားမှ အလုပ်လုပ်၍ နေရပ်ပြန်လာသူများအား သီးကုန်းအမြန်လမ်း ယာဉ်ရပ်နားစခန်းတွင် စောင့်ဆိုင်း၍ ကျန်းမာရေးစစ်ဆေးမှုဆောင်ရွက်ခြင်း၊ ရပ်ကွက်ကျေးရွာများအလိုက် ၁၄ ရက်တာ ကျန်းမာရေးစောင့်ကြည့်မှုစခန်းများဖွင့်လှစ်၍ COVID–19 ရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ကြည့်မှုစခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ထောက်ပံ့ညှိနှိုင်းဆောင်ရွက်ခြင်းစသည့်COVID–19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက နေ့စဉ် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ဒေသအတွင်းရှိခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံများကလည်း COVID–19 ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး အလှူရှင်၊ စေတနာရှင်များကလည်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ လိုအပ်လျက်ရှိသည့် COVID–19 ရောဂါ ကာကွယ်စောင့်ရှောက်ရေး အထောက်အကူပြုပစ္စည်းများ၊ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းလျက်ရှိသည်။

COVID–19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းစဉ်များအတွင်း နိုင်ငံခြားမှ နေရပ်ပြန်လာသူများနှင့် လိုအပ်ချက်ရှိသူများအား ထားရှိရန်နေရာများကိုလည်း အရန်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**





# COVID-19 ရောဂါ တားဆီးကာကွယ်ထိန်းချုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ကြာအင်းဆိပ်ကြီး မတ် ၃၀**

ထိုင်းနိုင်ငံမှပြန်လည်ဝင်ရောက်လာသူ ၅၅ ဦးတို့ကို ၎င်းတို့၏သဘောဆန္ဒအရ မတ် ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တွင် စုစုပေါင်း ၄၉ ဦး၊ ထီးဖိုးနိုင်း(မွန်) အ–မ–က မူလတန်းလွန်ကျောင်းတွင်ခြောက်ဦး သီးခြားပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါသီးခြားပြောင်းရွှေ့နေထိုင်လျက်ရှိသော ထိုင်းနိုင်ငံမှ နေရပ်ပြန်ပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးသည် မတ် ၂၉ ရက်က သွားရောက်ကာ အားပေးစကားပြောကြားခြင်း၊ ကျန်းမာရေးအသိသတိရှိရှိနေထိုင်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတိပေးလမ်းညွှန်ချက်များ အလေးအနက်ထားလိုက်နာရန်လိုအပ်ကြောင်း၊ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ ထူးခြားမှုတစ်စုံတစ်ရာဖြစ်ပွားပါက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ချက်ချင်းသတင်းပေးရန်ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ပြီး တစ်လီတာဆံ့ ရေသန့်ဘူး ၅၀၀ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး (ဇမိမြေ)**

# ဖားကန့်မြို့နယ် ဝင်/ထွက်ပေါက်များတွင် ကိုယ်အပူချိန်တိုင်းခြင်းများဆောင်ရွက်

**ဖားကန့် မတ် ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ COVID–19 ကြိုတင်ကာကွယ်ရေးအတွက်ကျန်းမာရေးဌာနနှင့် အတူ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းပြီး မြို့နယ်ဝင်/ထွက်ပေါက်များတွင် ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်၏ ဝင်/ထွက်ပေါက်များဖြစ်သော ကာမိုင်းမြို့ စုပေါင်းစစ်ဆေးရေးဂိတ်၊ လုံးခင်းကျေးရွာလယ်ပြင်စစ်ဆေးရေးဂိတ်၊ ဖားကန့်မှ အင်းတော်ကြီးဒေသနှင့် အခြားမြို့များသို့ ဆက်သွယ်ထားသော မကားပင်ကျေးရွာနှင့် ဥရုချောင်းတစ်လျှောက် ရေလမ်းခရီးမှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အထိ ဆက်သွယ်ထားသော ဆယ်ဇင်းကျေးရွာ စစ်ဆေးရေးဂိတ်တို့တွင် ကိုယ်အပူချိန်တိုင်းတာစောင့်ကြည့်စစ်ဆေးခြင်းကို ဧပြီလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဖားကန့်မြို့နယ်၌ COVID–19 ကူးစက်ပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်ကုသနိုင်ရန် ဖားကန့်မြို့နယ်ပြည်သူ့ဆေးရုံရှိ သံဃာဆောင်တွင် ခုတင်လေးလုံး၊ သီတဂူစက္ခုဒါနဆေးရုံတော်တွင် ခုတင် ၅၀၊ အိုးအိမ်တိုက်ခန်းတွင် ၉၆ ခုတင်၊ ကာမိုင်းတိုက်နယ်ဆေးရုံတွင် ၂၂ ခုတင်၊ ကာမိုင်းအ.ထ.က(ခွဲ) မြို့မ–၂ တွင် ခုတင် ၄၀၊ ကာမိုင်းဆေးရုံဝန်ထမ်းအိမ်ရာဟောင်းတွင် ခုတင်သုံးလုံး၊ အ.ထ.ကနမ့်ယားတွင် ခုတင် ၂၀ စုစုပေါင်းနေရာခုနစ်ခုတွင် ခုတင် ၂၃၅ လုံး အသင့်ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်**

**(ပြန်/ဆက်)**

■

# မန္တလေးမြို့ ဈေးများပိတ်သိမ်းမှုနှင့်ပတ်သက်၍ အစိုးရိမ်မလွန်ကြရန် အသိပေး



**မန္တလေး မတ် ၃၀**

COVID-19 ရောဂါကာကွယ်ရေးနှင့် မပြန့်ပွားရေးအတွက် နိုင်ငံတကာ၏ ခါးသီးတဲ့အတွေ့အကြုံတွေကို နမူနာယူတတ်ဖို့ အင်မတန်အရေးကြီးပါကြောင်း၊ COVID-19 ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းတွေ နှောင့်နှေးခဲ့တဲ့ အီတလီနဲ့ အမေရိကန်နိုင်ငံတွေမှာ တရုတ်နိုင်ငံထက် လူနာဦးရေပိုများလာသလို အီတလီနိုင်ငံရဲ့ သေဆုံးသူဦးရေကလည်း ကမ္ဘာမှာ အများဆုံးဖြစ်လာပြီး တရုတ်ပြည်မှာ သေဆုံးမှုထက် သုံးဆဖြစ်နေပြီဖြစ်ကြောင်း၊ မန္တလေးမြို့တော်အနေနဲ့ ပထမဆုံး စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေကို လုံးဝပိတ်တာမျိုးမဟုတ်ဘဲ ပါဆယ်နဲ့ဝယ်ခွင့်ပဲပေးတာဟာ လူလူချင်းထိတွေ့မှု လျှော့ချခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့ရဲ့ ဈေးတွေစပိတ်ပြီဖြစ်ပြီး ဈေးပိတ်ခြင်းနှင့်ပတ်သက်၍ အစိုးရိမ်မလွန်ကြရန်နှင့် ဈေးသည်အားလုံး ပိတ်တာမျိုး မဟုတ်ဘဲ သားငါးဟင်းသီးဟင်းရွက်ဈေး၊ အခြေခံစားသောက်ကုန် နှင့် ဆေး၊ ဆေးပစ္စည်းဆိုင်တွေကို မပိတ်ဘဲ ဖွင့်ထားပေးသွားမည်ဖြစ်ကြောင်း မြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောသည်။

ပိတ်တဲ့ဆိုင်တွေကိုလည်း အရောင်းအဝယ်မပျက်စေချင်လို့ အိမ်မှာဆက်ရောင်းချင်ရင် လိုအပ်တဲ့ပစ္စည်းတွေ ပြန်သယ်ခွင့်ပေးထားပါတယ်။ အဝေးပြေးခရီးသည်တင်ယာဉ်လိုင်း၊ အဲကွန်းဘတ်စ်ကားများမှာ ခရီးသည်အရေအတွက်တစ်ဝက်လျှော့ချ၍ တင်ဆောင်ကြဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ လေယာဉ်ခရီးစဉ်တွေ ဖျက်သိမ်းမှုကြောင့် အနောက်နိုင်ငံမှပြန်လာသူတွေ မန္တလေးရောက်ရှိတာနည်းသွားပေမယ့် ကြေညာချက်မတိုင်မီ ရောက်ရှိလာသူတွေကို မန္တလေးမဟာအောင်မြေမြို့နယ် ၆၂ လမ်းရှိ နဒီမြန်မာမှာထားရှိရန် ဆက်လက်လုပ်ဆောင်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှ ပြန်လာသူတွေကို အရင်က မိမိနေထိုင်ရာအိမ်မှာပဲနေဖို့လုပ်ခဲ့ပေမယ့် ဒီနေ့ကစပြီး ချမ်းမြသာစည်မြို့နယ်ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှာ စောင့်ရှောက်မှု စတင်ပေးသွားမှာပါ။ ဗဟိုဝန်ထမ်းတက္ကသိုလ် အစရှိတဲ့ လူပေါင်းမြောက်မြားစွာ လက်ခံပေးနိုင်တဲ့ နေရာဆယ်ခုလောက် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ပြန်လာသူတွေနဲ့ မိဘပြည်သူတွေ ထိတွေ့မှုနည်းအောင်ဖြစ်ပါတယ်ဟု ဆက်လက်ပြောပြသည်။

**လွယ်ကူစွာဝယ်ယူနိုင်**

အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီးအကျိုးတော်ဆောင်အဖွဲ့အတွင်းရေးမှူး ဦးမျိုးမင်းထွန်းက "နေ့စဉ်မသုံးမဖြစ်သုံးနေရတဲ့ ဆေးဝါးတွေ၊ ပစ္စည်းတွေ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ မပြတ်လပ်ရေး အထူးသဖြင့် အရည်အသွေးမြင့်နှာခေါင်းစည်းတွေကို ကျပ် ၄၀၀ နှုန်းနဲ့ အလွယ်တကူဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်နေသလို အခြေခံစားသောက်ကုန်တွေ ဈေးနှုန်းတည်ငြိမ်ရေးနဲ့ မပြတ်လပ်ရေးအတွက် ဈေးချိုရှိ ဆေးဆိုင်အချို့က အွန်လိုင်းကတစ်ဆင့် မှာယူပြီး အိမ်အရောက်ပို့ပေးနိုင်အောင်လည်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်၊ ဝယ်သူတွေအနေနဲ့ ထိတွေ့မှုနည်းအောင် ကုန်ခြောက်လိုဟာမျိုးတွေဆိုရင် ရောင်းချသူအနေနဲ့ ၁၀ သား၊ ၂၀ သားဆိုပြီး ကြိုတင်ထုပ်ပေးထားတာတွေကို ဝယ်ယူသူများက လွယ်ကူစွာဝယ်ယူနိုင်မှာဖြစ်ပြီး ဒီလိုလုပ်ပေးခြင်းအားဖြင့် ထိတွေ့မှုနည်းပါးပြီး ကာကွယ်မှုကို အထောက်အကူဖြစ်အောင်ဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

ထို့အပြင် ယမန်နေ့က အစိုးရအဖွဲ့ရုံး၌ကျင်းပခဲ့သည့် COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်၍ ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အခြေခံလူတန်းစားများကို COVID-19 ရောဂါပိုး ကူးစက်ပျံ့နှံ့မှုအခြေအနေပေါ် မူတည်၍ အခြေခံစားသောက်ကုန်များ လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း၊ အခြေခံလူတန်းစားများ လည်ပတ်နေသည့်လုပ်ငန်းများ မရပ်ဆိုင်းစေရေးအတွက် အလေးအနက်ထားဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က ပြောကြားသည်။

**လှူဒါန်းပေးထား**

မန္တလေးမြို့ရဲ့ ပထမဆုံးလူနာနဲ့ ထိတွေ့ခဲ့သူတွေကိုလည်း အသွားအလာကန့်သတ်မှုတွေလုပ်ထားသလို Screening test အနေနဲ့ CLIA (Chemiluminescence Immunoassay)နည်းနဲ့ စစ်ဆေးခဲ့တာအားလုံးရောဂါပိုးမတွေ့ရှိပေမယ့် အသွားအလာကန့်သတ်မှုကို ၁၄ ရက်ပြည့်သည်အထိ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ ကုန်စည်များစီးဆင်းမှုကို မကန့်သတ်ကြောင်း၊ ဈေးများမှာလည်း စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများကိုသာ ဖွင့်လှစ်ရောင်းချစေခြင်းဖြင့် လူအများစုဝေးခြင်းကို လျှော့ချနိုင်မှာဖြစ်ပြီး လူသုံးကုန်၊ အလှကုန် အစရှိတဲ့ဆိုင်တွေပိတ်ရန် ညွှန်ကြားထားကြောင်း၊ COVID-19 ရောဂါကာကွယ်ရေးအတွက်လည်း ဈေးပိတ်ရက်များတွင် ဈေးဧရိယာတစ်ခုလုံးကို ပိုးသတ်ဆေးဖျန်းပေးသွားမည်ဖြစ်ပြီး မပိတ်ဘဲဖွင့်လှစ် ထားသည့်ဈေးဆိုင်များကိုလည်း ညနေဈေးပိတ်တိုင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးများကိုလည်း ဈေးချိုတော် ချည်ဆိုးဆေးရောင်းဝယ်ရေးမိသားစုမှ လှူဒါန်းပေးထားကြောင်း သိရသည်။

COVID-19 ရောဂါ တားဆီးကာကွယ်ရေး အသံလွှင့်နှိုးဆော်ခြင်းကို မြို့နယ်အသီးသီးတွင် မြို့တော်စည်ပင်သာယာရေးကော်မတီမှLED သုံးဘက်မြင် လှုံ့ဆော်ရေးယာဉ်ဖြင့် ညနေပိုင်း၌ လှည့်လည်နှိုးဆော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ပါ၍ မလိုအပ်ဘဲ ပြည်သူများမိမိနေထိုင်ရာအိမ်၏ပြင်ပကို လုံးဝမထွက်စေချင်ကြောင်း မြို့တော်ဝန်က ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# COVID-19 ရောဂါ အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ဒိုက်ဦး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း COVID-19 ရောဂါကူးစက်မှုမဖြစ်ပွားစေရန်နှင့် ကာကွယ်နိုင်ရန်ရည်ရွယ်၍ COVID-19 အသိပညာပေးလှုံ့ဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် နံရံကပ်စာစောင်များပြသခြင်းကို မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများသို့ ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းနှင့် ဝန်ထမ်းများကယနေ့နံနက် ၈ နာရီတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် COVID-19 ရောဂါအကြောင်းကို ပြည်သူများသိရှိနားလည်ပြီးရောဂါဖြစ်ပွားမှုမဖြစ်စေရန် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာ နေထိုင်ရေး၊ လူထူထပ်သော နေရာများသို့ သွားရောက်ပါကရှောင်ရန်နည်းလမ်းများကို သိရှိစေရန်အတွက်ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

ယခုအခါတွင် ဒိုက်ဦးမြို့နယ်တွင် ပြည်ပမှပြန်လာသူဦးရေ ၁၃၃၉ ဦးရှိပြီး ဒိုက်ဦးမြို့ပေါ်၌ မိုးလုံလေလုံအားကစားရုံအတွင်း၌ ၆၅ ဦး၊ အ.ထ.က(၁)၌ ၅၃ ဦး ထားရှိစောင့်ကြည့်လျက်ရှိပြီး သက်ဆိုင်ရာကျေးရွာများ၌ ပြည်ပမှပြန်လာသူများကို ၎င်းတို့နေထိုင်ရာ ကျေးရွာစာသင်ကျောင်းများ၌ ထားရှိ၍ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

# မူဆယ်၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ညဈေးတန်းနှင့် ငါးရက်တစ်ခါဈေးနေ့တို့ကို တစ်လတိတိပိတ်မည်

**မူဆယ် မတ် ၃၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ အမှတ်(၁)စည်ပင်သာယာဈေးအနီးတစ်ဝိုက်တွင် နေ့စဉ်ဖွင့်လှစ်သည့် ညဈေးတန်းနှင့် ဟိုမွန်ရပ်ကွက်၊ မြောက်ရပ်ကွက်နှင့် ကောင်နောင်ရပ်ကွက်အတွင်း ငါးရက်တစ်ခါဖွင့်လှစ်သည့် ဈေးများကို COVID-19 ကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် မတ် ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိပိတ်မည်ဖြစ်ကြောင်း မူဆယ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းက ပြောသည်။

“COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရာမှာ လူစုလူဝေးမဖြစ်ဖို့ဆိုပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီက ဒီနေ့ရက်စွဲနဲ့ ကြေညာချက်တစ်စောင်ထုတ်ပြန်တယ်၊ ဒီမှာက အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေး၊ ဆင်ဖြူဈေးနဲ့ ညဈေးဆိုပြီး ရှိတယ်၊ ပြီးတော့ ငါးရက်တစ်ခါဈေးနေ့ဆိုတာလည်း ရှိတယ်၊ အဲဒီညဈေးနဲ့ ငါးရက် တစ်ခါဈေးနေ့တွေမှာက ရပ်ဝေးကနေလာရောင်း၊ လာဝယ်တဲ့သူတွေများပြီး စည်ကားလှေ့ရှိတယ်၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရာမှာ လူစုလူဝေးတွေမဖြစ်ဖို့ အရေးကြီးတာကြောင့် ညဈေးနဲ့ ငါးရက်တစ်ခါဈေးကိုပိတ်ပြီး အမှတ်(၁)ဈေး၊ အမှတ်(၂)ဈေးနဲ့ဆင်ဖြူဈေးတို့ကိုတော့ လပြည့်နဲ့လကွယ်နေ့ကလွဲပြီး ပုံမှန်အတိုင်းဖွင့်သွားမှာဖြစ်ပါတယ်”ဟု ဦးကျော်မိုးထွန်းက ရှင်းပြသည်။

COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အများပြည်သူနှင့်သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်သောကြောင့် ညဈေးအား တစ်လတိတိပိတ်မည်ဆိုသည်မှာ ဖြစ်သင့်ပါကြောင်းနှင့် ပြည်သူတစ်ယောက်အနေနှင့် လေးစားလိုက်နာသင့်ပါကြောင်း ညဈေးအတွင်း အထည်များခင်းကျင်းရောင်းချသည့် ကိုသိန်းဟန်က ပြောသည်။

“တစ်လတိတိပိတ်မှာဆိုတော့ မိသားစုရဲ့ဝင်ငွေကိုတော့ ထိခိုက်တာပေါ့၊ ဒါပေမယ့် အများနဲ့သက်ဆိုင်တဲ့ COVID-19 ရောဂါကို ကာကွယ်တာဖြစ်တာကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ဒီအချိန်မှာ တာဝန်ရှိသူတွေရဲ့ လုပ်ဆောင်ချက်တွေကို လေးစားလိုက်နာသင့်တယ်”ဟု ၎င်းက ဆက်လက် ပြောပြသည်။

မူဆယ်မြို့ စည်ပင်သာယာဈေးများ၌ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် လူမှုရေးပရဟိတအသင်းများက COVID-19 ကြိုတင် ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ဈေးအတွင်း ပိုးသတ်ဆေးများဖျန်းပေးခြင်း၊ လက်ဆေးရေစင်များထားရှိပေးခြင်း၊ အသိပညာပေးပိုစတာများ ကပ်ထားခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မိုင်းဘညဏ်**
**(ကွတ်ခိုင်)**

COVID-19 ရောဂါကာကွယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၈) ရပ်ကွက်အတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ကရုဏာရုံသီလူမှုကူညီရေးအသင်းနှင့် (၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့က ယနေ့ နံနက် ၈ နာရီမှစတင်၍ စုပေါင်းပြုလုပ်ခဲ့ ကြသည်။

**ဖိုးခွား**



# မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေ**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄ ။)**
**၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဘူမိသိပ္ပံပညာ** ဆိုသည်မှာ ကမ္ဘာဂြိုဟ်နှင့် စကြဝဠာဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းထားပုံ၊ အချိန်နှင့်အမျှ လှုပ်ရှားပြောင်းလဲဖြစ်ပေါ်နေပုံ၊ သက်ရှိများ ရှင်သန်ပျံ့နှံ့ခဲ့ပုံ၊ မြေမျက်နှာအသွင်အပြင် အမျိုးမျိုး ဖြစ်တည်လာပုံအစရှိသည့် ကမ္ဘာဂြိုဟ်နှင့် သက်ဆိုင်သည်များကို လေ့လာသော ပညာရပ်ဖြစ်ပြီး ၎င်းလေ့လာတွေ့ရှိချက်များကို အခြေခံ၍ ပိုမိုသိရှိနားလည်ရန် ဆက်လက်လေ့လာခြင်းဖြင့် ရရှိလာသော အသိပညာများကို အသုံးပြုကာ လူ့လောက ကောင်းကျိုးအတွက် အသိဉာဏ်နှင့်ယှဉ်၍ အသုံးချရသော သိပ္ပံပညာရပ်ကို ဆိုလိုသည်။

( ခ ) **အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်** ဆိုသည်မှာ ဘူမိသိပ္ပံပညာကို အခြေခံပြီး အခြားသက်ဆိုင်သော သိပ္ပံပညာရပ်များနှင့်ပေါင်းစပ်၍ လူသားတို့အကျိုးအတွက် သတ္တုနှင့် တွင်းထွက်သယံဇာတများ၊ စက်မှုကုန်ကြမ်းများ၊ ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ဘူမိအပူစွမ်းအင် ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းနှင့် သုတေသနပြုခြင်း၊ စီးပွားဖြစ် မြေအောက်ရေ ရှာဖွေဖော်ထုတ်အသုံးချခြင်းနှင့် ထိန်းသိမ်းစီမံခန့်ခွဲခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ် ဘူမိဆိုင်ရာ လေ့လာစစ်ဆေးအကြံပေးခြင်း၊ အဆောက်အအုံ၊ လမ်းတံတားနှင့် ဆည်မြောင်းတာတမံများ တည်ဆောက်ရေးတွင် အင်ဂျင်နီယာ ဘူမိဗေဒပညာနှင့် ဘူမိနည်းပညာဆိုင်ရာ ဆန်းစစ်စမ်းသပ်တိုင်းတာခြင်း စသည့်လုပ်ငန်းများတွင်အသုံးပြုသော လက်တွေ့အသုံးချ ဘူမိသိပ္ပံပညာများကို ဆိုသည်။ ယင်းစကားရပ်တွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာလုပ်ငန်းများ ပါဝင်ခြင်း မရှိစေရ။

( ဂ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဘူမိသိပ္ပံပညာ လုပ်ငန်းတာဝန်များထမ်းဆောင်ရန် ဘူမိသိပ္ပံပညာရှင်များအား ခန့်အပ်တာဝန်ပေးသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။

( င ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီကို ဆိုသည်။

( စ ) **ကောင်စီဝင်** ဆိုသည်မှာ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဝင် တစ်ဦးဦးကို ဆိုသည်။

(ဆ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကိုဆိုသည်။

( ဇ ) **မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင် အလုပ်သင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသားမှတ်ပုံတင် ဘူမိသိပ္ပံပညာရှင်လက်မှတ်၊ နိုင်ငံခြားသား မှတ်ပုံတင်ကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်လက်မှတ်တို့ကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်များ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) ဘူမိသိပ္ပံပညာရှင်များ၏ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းကြပ်မတ်မြှင့်တင်ရန်၊

( ဂ ) နိုင်ငံတော်၏ ဓာတ်သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေး ကဏ္ဍနှင့် ရေအရင်းအမြစ်ရှာဖွေရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးကဏ္ဍ စသည် များတွင် ခေတ်မီဘူမိသိပ္ပံပညာများကို ထိရောက်မှန်ကန်စွာ စနစ်တကျ အသုံးချလာစေခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊

(ဃ) ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရနှင့် အစိုးရမဟုတ်သော လုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဘူမိသိပ္ပံပညာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) နိုင်ငံတကာအဆင့်မီ မှတ်ပုံတင်ဘူမိသိပ္ပံပညာရှင်များ ပေါ်ထွန်းလာစေရန်နှင့် ဘူမိသိပ္ပံပညာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်၊

( စ ) နိုင်ငံတကာရှိ ဘူမိသိပ္ပံပညာ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပညာရှင်များအား အပြန်အလှန် အသိအမှတ်ပြုမှု ရယူနိုင်ရန်၊

(ဆ) ဘူမိသိပ္ပံပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို ထောက်ပံ့ကူညီရန်။

**အခန်း(၃)**

**မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သည့် ခုနစ်ဦးထက်မပိုသော ကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၅။ နာယကအဖွဲ့သည်–

(က) ကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အဖွဲ့ဝင် ၅၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည်–

(၁) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင့်လျော်သည့် ကျွမ်းကျင်ဘူမိသိပ္ပံပညာရှင်များ၊ — ၁၅ ဦး

(၂) ပြည်တွင်းတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ ဘူမိသိပ္ပံပညာ ပါမောက္ခအဆင့်ထက်မနိမ့်သော တာဝန်ရှိသူများ၊ — ၁၅ ဦး

(၃) ပြည်တွင်းရှိ အစိုးရမဟုတ်သော ဘူမိသိပ္ပံပညာ အသင်းအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့အစည်းများက အဆိုပြုသော နိုင်ငံသားကျွမ်းကျင် ဘူမိသိပ္ပံပညာရှင်များ။ — ၂၅ ဦး

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ နာယကအဖွဲ့သည် ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက် အတွင်းရေးမှူးတစ်ဦးတို့ကို ပုဒ်မ ၁၁ ပါ အရည်အချင်းများနှင့်အညီ ကောင်စီဝင် များထဲမှ ရွေးချယ်ခန့်အပ်တာဝန်ပေးရမည်။ ကောင်စီဝင်များသည် ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦး၊ ဘဏ္ဍာရေးမှူးနှင့် အလုပ် အမှုဆောင် အဖွဲ့ဝင်ရှစ်ဦးတို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့ထဲမှ လျှို့ဝှက် ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

၇။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် အောက်ပါအတိုင်း ဖြစ်သည်–

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ် ဖြစ်သည်။

( ခ ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

( ဂ ) ကောင်စီဥက္ကဋ္ဌသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ် ထမ်းဆောင်ခြင်း မပြုရ။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိသည်။

( င ) ကောင်စီဝင်တစ်ဦး၏ နေရာလစ်လပ်သည့်အခါ သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ကောင်စီဝင်အသစ်ကို ဖြည့်စွက်ခန့်ထားရမည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကောင်စီဝင်၏ တာဝန်ယူရ သည့်ကာလကို သက်တမ်းတစ်ခုအဖြစ် သတ်မှတ်ခြင်း မပြုရ။

( စ ) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်း ပြီးသည့်အချိန်ထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရ မည်။

**အခန်း(၄)**

**အလုပ်အမှုဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်း**

၈။ ကောင်စီသည် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အလုပ်အမှုဆောင် အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(က) ကောင်စီ၏ ဥက္ကဋ္ဌ — ဥက္ကဋ္ဌ

( ခ ) ကောင်စီ၏ ဒုတိယဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌများ

( ဂ ) ကောင်စီ၏ အတွင်းရေးမှူး — အတွင်းရေးမှူး

(ဃ) ကောင်စီ၏ တွဲဖက်အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူးများ

( င ) ကောင်စီ၏ ဘဏ္ဍာရေးမှူး — ဘဏ္ဍာရေးမှူး

( စ ) ကောင်စီ၏ အလုပ်အမှုဆောင် ရှစ်ဦး — အဖွဲ့ဝင်

၉။ ကောင်စီ၏ သက်တမ်းအတွင်း အလုပ်အမှုဆောင်အဖွဲ့ဝင် လစ်လပ်ပါက အနီးကပ်ဆုံးကျင်းပသည့် ကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ်ရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့သည်–

(က) ကောင်စီကို တာဝန်ခံရမည်။

( ခ ) ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။

( ဂ ) မိမိ၏ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံးကျင်းပသည့် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့၏ ပုံမှန်နှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူကျင်းပရမည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) နိုင်ငံသားဖြစ်ရမည်။

( ခ ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( ဂ ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို စိတ်ဝင်စားမှုရှိပြီး ဦးဆောင် စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။

(ဃ) ဘူမိသိပ္ပံပညာလုပ်ငန်းများကို ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံ ရှိသူဖြစ်ရမည်။

( င ) ပြည်တွင်းပြည်ပရှိ အစိုးရအသိအမှတ်ပြု တက္ကသိုလ်ကောလိပ် တစ်ခုခုက အပ်နှင်းသည့် ဘူမိသိပ္ပံပညာဘွဲ့ ရရှိသူဖြစ်ရမည်။

၁၂။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက် နိုင်ရန် အောက်ပါလုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်း ပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်–

(က) မှတ်ပုံတင်လက်မှတ် စိစစ်ထုတ်ပေးရေးလုပ်ငန်းကော်မတီ၊

( ခ ) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊

( ဂ ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်များ စဉ်ဆက် မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊

(ဃ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံနှုန်းများ စိစစ်ရေးလုပ်ငန်း ကော်မတီ၊

( င ) ကျင့်ထုံးများ ပြုစုရေးဆွဲပြဋ္ဌာန်းရေးလုပ်ငန်းကော်မတီ၊

( စ ) ဘူမိသိပ္ပံပညာနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ်ဆိုင်ရာ လုပ်ငန်းများ အရည်အသွေး စစ်ဆေးအသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ၊

(ဆ) ခေတ်မီဘူမိသိပ္ပံပညာများနှင့် အသုံးချဘူမိသိပ္ပံအထူးပြုပညာရပ် များ သင်ကြားရေးနှင့် သုတေသနပြုရေးလုပ်ငန်းကော်မတီ၊

( ဇ ) အခြားလိုအပ်သောလုပ်ငန်းကော်မတီများ။

၁၃။ ကောင်စီသည် လုပ်ငန်းကော်မတီများကို ကောင်စီဝင်များနှင့် ပြင်ပမှ သင့်လျော်သည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၁၄။ လုပ်ငန်းကော်မတီများသည် အလုပ်အမှုဆောင်အဖွဲ့မှတစ်ဆင့် ကောင်စီ ကို တာဝန်ခံရမည်။

**အခန်း(၅)**

**ကောင်စီ၏တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ**

၁၅။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လိုအပ်သည့် အရည် အချင်းများ သတ်မှတ်ခြင်း၊ သတ်မှတ်သည့် အရည်အချင်း ပြည့်မီရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းစစ်ဆေးခြင်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ခ ) မှတ်ပုံတင်လက်မှတ် အမျိုးအစားအလိုက် လုပ်ကိုင်ခွင့်ပြုသည့် ဘူမိသိပ္ပံပညာလုပ်ငန်းများ သတ်မှတ်ခြင်း၊ လိုက်နာရမည့် တာဝန် နှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

( ဂ ) ဘူမိသိပ္ပံပညာရှင်များ လိုက်နာရမည့်ကျင့်ဝတ်နှင့် စည်းမျဉ်း စည်းကမ်းများကို သတ်မှတ်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခြင်း၊ မှတ်ပုံတင်စာရင်းပြုစု ထားရှိခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

( င ) ဘူမိသိပ္ပံပညာရှင်များ၏ စွမ်းဆောင်ရည်နှင့် ကျင့်ဝတ်သိက္ခာ မြင့်မားလာရေးအတွက် စီမံဆောင်ရွက်ခြင်း၊

( စ ) အရည်အသွေးနှင့် အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန် အလို့ငှာ ဘူမိသိပ္ပံပညာ စံချိန်စံညွှန်း၊ လုပ်ငန်းဆိုင်ရာ အခြေခံစံနှုန်း နှင့် ကျင့်ထုံးများကို ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အကူအညီရယူရေးဆွဲသတ်မှတ်ခြင်း၊

(ဆ) ပြည်ထောင်စုအစိုးရ၏ တာဝန်ပေးချက်အရ အစိုးရနှင့် အစိုးရ မဟုတ်သော လုပ်ငန်းဌာနအဖွဲ့အစည်းများက ဆောင်ရွက်နေသော ဘူမိသိပ္ပံပညာ လုပ်ငန်းများကို လိုအပ်သလို စိစစ်ကြီးကြပ်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် ကူညီဆောင်ရွက်ခြင်း၊

( ဇ ) ဘူမိသိပ္ပံပညာ စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အတွက် စာတွေ့လက်တွေ့သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများ၊ ညီလာခံများကို အခါအားလျော်စွာ ကြီးမှူးကျင်းပပေးခြင်း၊

( ဈ ) သင့်လျော်သည့် နိုင်ငံသား ဘူမိသိပ္ပံပညာရှင်များကို ရွေးချယ်၍ နိုင်ငံတကာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကျင်းပပြုလုပ်သော ဘူမိသိပ္ပံပညာ သင်တန်းများ၊ အစည်းအဝေး များနှင့် ညီလာခံများသို့ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက် ပေးခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူ ခုနစ်သိန်းကျော်ရှိလာ



**ပါရီ မတ် ၃၀**

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ ၇၂၄၉၄၅ ဦး ကျော်သွားပြီဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအပေါ် အခြေခံသည့် အေအက်ဖ်ပီသတင်းဌာန၏ သတင်းအချက်အလက်များအရ သိရသည်။

**ရောဂါကူးစက်ခံရသူ ၇၁၅၂၀၄ ဦးထက်မနည်းရှိ**

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၈၃ ခုတို့တွင် ရောဂါကူးစက်ခံရသူပေါင်း ၇၁၅၂၀၄ ဦး ထက်မနည်းရှိပြီး ၎င်းတို့အနက် ၃၃၅၆၈ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများက ဖော်ပြသည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုနှုန်း အများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ယင်းရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံမှာ အီတလီနိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၃၀၂၅ ဦးရှိပြီး ယင်းရောဂါကြောင့် ၂၅၁၄ ဦးသေဆုံးခဲ့သည်။ ထို့အတူ အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၆၈၉ ဦးရှိပြီး ယင်းရောဂါကြောင့် ၁၀၇၇၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် တရုတ်နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၈၂၁၅၆ ဦးရှိပြီး ယင်းရောဂါကြောင့် သေဆုံးသူ ၃၃၀၄ ဦးရှိသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့်နိုင်ငံများဖြစ်သော စပိန်နိုင်ငံတွင် ၈၀၁၁၀၊ ဂျာမနီတွင် ၆၂၄၃၅ ဦး၊ ပြင်သစ်တွင် ၄၀၁၇၂ ဦး၊ အီရန်တွင် ၃၈၃၀၉ ဦး၊ ဗြိတိန်တွင် ၁၉၇၈၄ ဦး၊ ဆွစ်ဇာလန်တွင် ၁၄၉၄၄ ဦး၊ နယ်သာလန်တွင် ၁၀၉၃၀ စသည်ဖြင့် အသီးသီးရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အိန္ဒိယ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၇၁ ဦး၊ သေဆုံးသူ ၂၉ ဦးရှိလာ

**နယူးဒေလီ မတ် ၃၀**

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်သည် မတ် ၃၀ ရက်တွင် ၂၉ ဦးသို့ ရောက်ရှိခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ အတည်ပြုလူနာ ၁၀၇၁ ဦးသို့ ရောက်ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ကျန်းမာရေးဝန်ကြီးဌာန၏အဆိုအရ လူပေါင်း ၁၀၀ သည် ကျန်းမာရေး အခြေအနေကောင်းမွန်လာပြီးနောက် ဆေးရုံများမှ ဆင်းသွားကြပြီဟု ဆိုသည်။

နိုင်ငံအတွင်းရှိ လက်ရှိ ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာအရေအတွက်မှာ ၉၄၂ ဦးဖြစ်သည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်သည့် သတင်းအချက်အလက်တွင် ဖော်ပြသည်။ ကီရာလာပြည်နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားသူ ၁၉၄ ဦးရှိပြီး အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်အများဆုံးရှိသည့် ပြည်နယ်ဖြစ်သည်။ မဟာရတ်ရှ်ထရာပြည်နယ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉၃ ဦးရှိသည်။

တနင်္လာနေ့တွင် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အစိုးရက ကြေညာခဲ့သည့် နိုင်ငံတစ်ဝန်း ၂၄ ရက်ကြာ အဝင်၊ အထွက် တားမြစ်မှု၏ ခြောက်ရက်မြောက်နေ့ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင် လူအများ သွားလာလှုပ်ရှားမှုများကို တားမြစ်ရန်အတွက် အပြင်မထွက်ရအမိန့်ကဲ့သို့သော တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားသည်။

မရှိမဖြစ် ဝန်ဆောင်မှုများမှအပ ကုန်းလမ်း၊ ရထားလမ်းနှင့် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုအားလုံးကို အဝင်၊ အထွက် တားမြစ်မှုပြုလုပ်ထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဘရာဇီး၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၆ ဦးရှိလာ

**ရီယိုဒီဂျနေယိုး မတ် ၃၀**


ဘရာဇီးနိုင်ငံတွင် အတည်ပြုထားသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ဦးရေ ၄၂၅၆ ဦးရှိပြီး သေဆုံးသူမှာ ၁၃၆ ဦး အထိ မြင့်တက်လာခဲ့ပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ကူးစက်ခံရသူ ဦးရေ ၃၅၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြား သည်။ ဘရာဇီးနိုင်ငံ တောင်ပိုင်း ဆော်ပေါ်လိုပြည်နယ်မှာ ကူးစက်ခံရသူ ၁၄၅၁ ဦး၊ သေဆုံးသူ ၉၈ ဦးဖြင့် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးခံရသည့်ဒေသဖြစ်သည်။ ရီယိုဒီဂျနေယိုးပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၀၀၊ သေဆုံးသူ ၁၇ ဦးအထိ ရှိလာခဲ့သည်။ ဘရာဇီးနိုင်ငံရှိ ပြည်နယ် ၁၃ ခုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများရှိခဲ့ကြောင်း တရားဝင် အချက်အလက်များက ပြသနေသည်။ ဘရာဇီးနိုင်ငံရှိ ပြည်နယ်အများစုက လူများနှင့် ထိတွေ့မှုကန့်သတ်ရန် ခြေချုပ်အမိန့် ထုတ်ပြန်ခဲ့ပြီး မရှိမဖြစ် ကုန်စည်များမှလွဲ၍ ရောင်းချခြင်းမပြုရန် စတိုးဆိုင်များကို ညွှန်ကြားခဲ့သည်။



ဗဟိုအစိုးရကလည်း အိမ်နီးချင်းတိုင်းပြည်များနှင့် ထိစပ်နေသည့် နယ်စပ်ဂိတ်များကို ပိတ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြီးမားသော တိုင်းပြည်များနှင့် လေကြောင်းပျံသန်းမှုများကို ကန့်သတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရုရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၀ ကျော်ရှိ၊ ကိုးဦး သေဆုံး



**မော်စကို မတ် ၃၀**

ပြီးခဲ့သော တစ်ရက်အတွင်း ဖြစ်ပွားခဲ့သည့် စံချိန်တင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၂ ဦးအပါအဝင် ရုရှားနိုင်ငံ၏ ဒေသကြီး ၇၁ ခုတွင် စုစုပေါင်း ကူးစက်ခံရသူ ၁၈၃၆ ဦးရှိကြောင်း သိရသည်။

**ပြန်လည်ကောင်းမွန်**

ပက်စကိုဒေသတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူနာတစ်ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူ ကိုးဦးအထိ ရောက်ရှိလာခဲ့ပြီဟု ရုရှားကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါတုံ့ပြန်ရေး ဗဟိုဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ လက်ရှိအချိန်အထိ ပြီးခဲ့သော ၂၄ နာရီအတွင်း ပြန်လည်သက်သာလာသူ နှစ်ဦးအပါအဝင် ၆၆ ဦး ပြန်လည်ကောင်းမွန်လာခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

**ကြေညာ**

မော်စကိုမြို့တော်မှာ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါဒဏ်အဆိုးရွားဆုံးခံခဲ့ရသည့်ဒေသဖြစ်ပြီး ပြီးခဲ့သော တစ်ရက်အတွင်း ကူးစက်ခံရသူ ၂၁၂ ဦးထပ်မံအတည်ပြုခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူမှာ ၁၂၂၆ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုတားဆီးရန် မတ် ၃၀ ရက်မှစတင်၍ ပြည်သူအားလုံးအတွက် ရက်သတ္တပတ် တစ်ပတ်ကြာ လစာပြည့်ခွင့်ရက်အဖြစ် သမ္မတဗလာဒီမာပူတင်က ကြေညာခဲ့သည်။

မော်စကိုဒေသတစ်ခုလုံးက ယနေ့ ဒေသခံအားလုံးအတွက် စည်းမျဉ်းဥပဒေအရ သီးသန့်ခွဲ၍ နေထိုင်သည့် အစီအစဉ်စတင်ခဲ့ပြီး ဝန်ကြီးချုပ် မီခေးလ်မီရှူစတင်က အလားတူ ကန့်သတ်ချက်များ လုပ်ဆောင်ရန် ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများအားလုံးသို့ တိုက်တွန်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဘယ်လ်ဂျီယံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၅၀၀ ကျော် သေဆုံး

**ဘရပ်ဆဲလ် မတ် ၃၀**

ဘယ်လ်ဂျီယံနိုင်ငံတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်သည် မတ် ၃၀ ရက်တွင် ၅၀၀ ကျော်သွားပြီဖြစ်ကြောင်း၊ ကူးစက်ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၂၀၀၀ နီးပါး စမ်းသပ်တွေ့ရှိပြီး ဖြစ်ကြောင်း သိရသည်။

**အတည်ပြုလူနာ ၁၁၈၉၉ ဦးရှိ**

လူဦးရေ ၁၁ ဒသမ ၄ သန်းရှိသည့် ဘယ်လ်ဂျီယံနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၁၃ ဦးရှိပြီး ခတ်ခွဲစမ်းသပ်မှုများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ အတည်ပြုလူနာ ၁၁၈၉၉ ဦးရှိကြောင်း ကျန်းမာရေးဌာန အာဏာပိုင်များက ပြောသည်။ ဆေးရုံသို့ ပို့ဆောင်ရသည့်လူနာအရေအတွက်နှင့် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူရသူ အရေအတွက် မြင့်တက်မှုသည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း အနည်းငယ်နှေးကွေးသွားခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

မိမိတို့သည် ဗိုင်းရပ်စ်ပျံ့နှံ့မှုအများဆုံးအချိန်သို့ မရောက်သေးကြောင်း၊ သို့သော်လည်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အတက်၊ အကျဖြစ်နေသည့်အချိန်သို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ် နှစ်ပတ်အတွင်း မိမိတို့၏ ဆောင်ရွက်ချက်များကြောင့် ဗိုင်းရပ်စ်ကူးစက်မှုသည် စတင်လျော့ပါးလာနေပြီဖြစ်ကြောင်း၊ ဗိုင်းရပ်စ်ကူးစက်မှုရပ်တန့်ရေး ကြိုးစားအားထုတ်မှုများကို ဆက်လက်ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း အစိုးရ၏ ကူးစက်ရောဂါနှိမ်နင်းရေးအသင်းမှ ပြောရေးဆိုခွင့်ရှိသူ အီမန်ညူရယ်အန်ဒရေက ပြောသည်။

နိုင်ငံအတွင်းရှိ စာသင်ကျောင်းများ၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်အများစုကို ပိတ်ထားသည်။ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာရှိနေစေရန်အတွက် ဈေးဝယ်စင်တာများသို့ လူဝင်ရောက်မှုကို ကန့်သတ်ထားပြီး ပြည်သူများကို နေအိမ်မှအလုပ်လုပ်ကြရန် သက်ဆိုင်ရာက ညွှန်ကြားထားသည်။

**ခွင့်ပြုထားဆဲဖြစ်**

အပြင်ထွက်၍ အားကစားလှုပ်ရှားမှု ဆောင်ရွက်ခြင်းနှင့် လမ်းလျှောက်ထွက်ခြင်းတို့ကို ခွင့်ပြုထားဆဲဖြစ်သည်။ သို့သော်လည်း တစ်မိုးအောက်တွင် အတူနေသည့် မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် အစုအဖွဲ့သေးသေးဖြင့်သာ ထိုသို့ ပြုလုပ်ရန်ခွင့်ပြုထားခြင်းဖြစ်သည်။ အခြေအနေအရ လိုအပ်ပါက အသွားအလာကန့်သတ်တားမြစ်မှုကို မေ ၃ ရက်အထိ နောက်ထပ် ရက်သတ္တပတ် နှစ်ပတ် ထပ်မံတိုးချဲ့ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဆိုဖီဝီလ်မတ်စ်က ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

ကြေးမုံ
မတ် ၃၁၊ ၂၀၂၀

# ဂျပန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက်မြင့်တက်နေ



**တိုကျို မတ် ၃၀**

ဂျပန်နိုင်ငံရှိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အတည်ပြုလူနာအရေအတွက်သည် တနင်္လာနေ့ မွန်းတည့်ချိန်တွင် ၁၈၉၆ ဦးသို့ ရောက်ရှိခဲ့သည်။ ယင်းကိန်းဂဏန်းတွင် စင်းလုံးငှား လေယာဉ်ဖြင့် တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ ပြန်လာသူ ၁၄ ဦး ပါဝင်သည်။

အဆိုပါကိန်းဂဏန်းကို ဒေသန္တရအစိုးရများနှင့် ကျန်းမာရေးဝန်ကြီးဌာနက စုစည်းကောက်ယူခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သီးသန့်ထားရှိမှုခံယူနေသူ တာဝန်ရှိသူများနှင့် လေဆိပ်များ၌ ရောက်ရှိလာစဉ်အတွင်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည်ဟု စစ်ဆေးတွေ့ရှိရသူများ စုစုပေါင်း ၄၁ ဦး ပါဝင်သည်။

စီရင်စုနယ်မြေအလိုက်ကြည့်ပါက တိုကျိုစီရင်စုတွင် ၄၃၀၊ အိုဆာကာစီရင်စုတွင် ၂၀၈ ဦး၊ ဟော့ကိုင်းဒိုးစီရင်စုတွင် ၁၇၅ ဦး၊ အိုင်ချီစီရင်စုတွင် ၁၆၇ ဦး၊ ချီဘာစီရင်စုတွင် ၁၅၈ ဦးနှင့် ဟီယိုဂိုစီရင်စုတွင် ၁၃၃ ဦးတို့ ဖြစ်သည်။

ဒိုင်းမွန်းပရင့်ဆက်စ်ဇိမ်ခံသင်္ဘောမှ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၁၂ ဦးကို ထည့်ပေါင်းပါက တစ်နိုင်ငံလုံးရှိ ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် စုစုပေါင်းသည် ၂၆၀၈ ဦးဖြစ်သည်။ ဇိမ်ခံသင်္ဘောပေါ်မှ ၁၀ ဦးအပါအဝင် လူပေါင်း ၆၇ ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပြောကြား**

သောကြာနေ့မှစ၍ အဆိုပါဇိမ်ခံသင်္ဘောပေါ်မှ ကိုးဦးအပါအဝင် လူ ၆၅ ဦးသည် စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ဇိမ်ခံသင်္ဘောပေါ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၀၃ ဦးနှင့် ဂျပန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၇၂ ဦး စုစုပေါင်း ၉၇၅ ဦးသည် ပြန်လည်ကျန်းမာလာပြီး ဆေးရုံများမှ ဆင်းသွားကြပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ဇော်လင်း

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် တစ်တိုင်းပြည်လုံး ပိုးသတ်ဆေးဖျန်းမှု မလေးရှားအစိုးရ စတင်လုပ်ဆောင်

**ကွာလာလမ်ပူ မတ် ၃၀**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်ရန်ရည်ရွယ်ကာ ယနေ့ စတင်သည့် တစ်တိုင်းပြည်လုံးအတိုင်းအတာ ပိုးသတ်ဆေးဖျန်းရေးစီမံချက်တစ်ခု၏ တစ်စိတ်တစ်ဒေသအဖြစ် မလေးရှားနိုင်ငံက အန္တရာယ်များသော ဇရိယာအချို့တွင် ပိုးသတ်ဆေးဖျန်းမှုကို စတင်လိုက်ပြီဖြစ်သည်။

အထူးသဖြင့် မလေးရှားနိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပျံ့နှံ့မှုဖြစ်စေခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဝတ်ပြုကျောင်းတစ်ခု၌ ဘာသာရေးအခမ်းအနားတစ်ခု ကျင်းပခဲ့ရာ ဆရီပီတာလင်း၌ ပိုးသတ်ဆေးဖျန်းမှု လေ့ကျင့်မှုတစ်ရပ် လုပ်ဆောင်ခဲ့သည်။ ပီရက်ပြည်နယ်တွင် ဒေသန္တရအာဏာပိုင်များက ဈေးများ၊ ပန်းခြံများ၊ ဝတ်ပြုရာနေရာများနှင့် ရဲစခန်းများကဲ့သို့သော အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ၌ ပိုးသတ်ဆေးဖျန်းမှုများ လုပ်ဆောင်ခဲ့သည်။ အီပို့ဘူတာရုံနှင့် ရဲဌာနချုပ်တို့ကိုလည်း မီးသတ်နှင့် ကယ်ဆယ်ရေးဌာနတို့က ပိုးသတ်ဆေးဖျန်းခဲ့သည်။

ဆီလန်ဂေါ၊ မလက္ကာနှင့် ဂျိုဟိုးရှိ ဈေးများ၊ အများသုံးအိမ်သာများ၊ စားသောက်ဆိုင်များ၊ ဘတ်စ်ကားဂိတ်များနှင့် ဆိပ်ခံတံတားများကိုလည်း ပိုးသတ်ဆေးဖျန်းမှုများ လုပ်ဆောင်ခဲ့သည်။ ပီနန်၊ တီရန်ဂါနူနှင့် ကီဒါပြည်နယ်တို့တွင်လည်း ယနေ့ ပိုးသတ်ဆေးဖျန်းလေ့ကျင့်မှုဆောင်ရွက်ခဲ့သည်။ မလေးရှားနိုင်ငံက ကိုဗစ်-၁၉ ဖြစ်ပွားမှု ထိန်းချုပ်ရန် မတ် ၁၈ ရက်တွင် ပြည်သူများခရီးသွားလာမှုကို ပိတ်ပင်ခဲ့သည်။ လှုပ်ရှားမှုကန့်သတ်ချက် အမိန့်အရ ဘာသာရေး၊ အားကစား၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခမ်းအနားများ ကျင်းပခွင့်ပိတ်ပင်ခဲ့ပြီး ဈေးဝယ်စင်တာ၊ ကျန်းမာရေးဌာနနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော မရှိမဖြစ်လုပ်ငန်းများမှလွဲ၍ ကျောင်း၊ တက္ကသိုလ်နှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်ခဲ့သည်။

အဆိုပါအမိန့်ကို မတ် ၃၁ ရက်မှ ဧပြီ ၁၄ ရက်အထိ သက်တမ်းတိုးခဲ့သည်။ စနေနေ့က ထိန်းသိမ်းခံခဲ့ရသည့် လူ ၆၄၉ ဦးအပါအဝင် ကန့်သတ်ချက်များ ချိုးဖောက်မှုကြောင့် ရာနှင့်ချီသောပြည်သူများကို ဖမ်းဆီးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး အစ္စမေးလ်ဆာဘာရီယာကော့ဘ်က ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု ၂၄၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ၃၀ ကျော် သေဆုံးခဲ့ကာ အရှေ့တောင်အာရှဒေသတွင် ကူးစက်မှုအမြင့်ဆုံး တိုင်းပြည်ဖြစ်လာခဲ့သည်။

ကိုးကား-သည်စထရိတ်တိုင်းမ်
ဘာသာပြန်-ကျော်ထိုက်စိုး



မလေးရှားနိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကာကွယ်ရန် ပိုးသတ်ဆေးဖျန်းနေသည်ကို တွေ့ရစဉ်။

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် စပိန်နိုင်ငံတွင် နှစ်ရက်အတွင်း ၈၁၂ ဦးသေဆုံး

**မက်ဒရစ် မတ် ၃၀**

စပိန်နိုင်ငံတွင် COVID-19 ရောဂါကြောင့် နှစ်ရက်အတွင်း ၈၁၂ ဦး သေဆုံးခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူ ၇၃၄၀ ထက်မနည်းရှိလာကြောင်း စပိန် ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

စပိန်နိုင်ငံ၌ COVID-19 ရောဂါကြောင့် နှစ်ရက်တာအတွင်း ၈၁၂ ဦး သေဆုံးမှုသည် မတ် ၂၆ ရက်ကတည်းက သေဆုံးမှု ပထမအကြိမ်ကျဆင်းလာခြင်းဖြစ်သည်။ စပိန်နိုင်ငံသည် အီတလီနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

**ကူးစက်မှု မြင့်တက်**

စပိန်နိုင်ငံတွင် တစ်နေ့လျှင် ၈ ဒသမ သုည ရာခိုင်နှုန်းဖြင့် COVID-19 ရောဂါကူးစက်မှု မြင့်တက်လာခဲ့ပြီးနောက် လောလောဆယ် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသည်ဟု အတည်ပြုထားသော လူနာ ၈၅၁၉၅ ဦးအထိ ရှိလာခဲ့သည်။



စပိန်အစိုးရသည် နိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ရန် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် အပြင်မထွက်ဘဲ နေအိမ်၌ နေထိုင်ရေးအစီအမံများကို မတ် ၁၄ ရက်က နိုင်ငံတစ်ဝန်းလုံးနီးပါးတွင် ချမှတ်ခဲ့ပြီး လုပ်ငန်းခွင်သို့ သွားခြင်း၊ အစားအစာများနှင့် ဆေးဝါးများဝယ်ယူခြင်းနှင့် လူနာများအား ဆေးဝါးကုသပေးခြင်းမှလွဲ၍ အပြင်မထွက်ရန် ပြည်သူများအား တားမြစ်ပိတ်ပင်ထားသည်။

**ကြေညာ**

သို့သော် စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်သည် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု လျှော့ချရေးအတွက် ပြည်သူ ၄၇ သန်းခန့်ကို လာမည့်သီတင်းပတ် နှစ်ပတ်အတွင်း အပြင်မထွက်ဘဲ နေအိမ်၌ နေထိုင်ကြရန် ပို၍တင်းကျပ်သောအစီအမံကို မတ် ၂၈ ရက်တွင် ကြေညာလိုက်ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - ဂျေတီ

# ဩစတြေးလျအစိုးရက ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်သစ်များ ထုတ်ပြန်

**ဆစ်ဒနီ မတ် ၃၀**

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်မည့် အစီအမံသစ်များကို ဩစတြေးလျအစိုးရက ကြေညာလိုက်ပြီဖြစ်သည်။ လူနှစ်ဦးထက်ပိုသော အများပြည်သူစုဝေးမှုကို ကန့်သတ်မည်ဟု ဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က မတ် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

**တိုက်တွန်းထား**

အစားအသောက်ကဲ့သို့သော မရှိမဖြစ်ပစ္စည်းများ ဈေးဝယ်ထွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်းနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်း သို့မဟုတ် လုပ်ငန်းခွင်၊ ပညာရေးဌာနသို့ သွားရောက်ခြင်းများမှလွဲ၍ အိမ်ပြင်မထွက်ကြရန် အစိုးရက ပြည်သူများသို့ တိုက်တွန်းခဲ့သည်။ အသက် ၇၀ ကျော် လူကြီးသူမများ နေအိမ်၌သာနေကြရန် အထူးတိုက်တွန်းထားသည်။ လူကြီးသူမများမှာ ရောဂါကူးစက်ခံရလျှင် အန္တရာယ်ရှိနိုင်သည်ဟု ယူဆကြသည်။ ဩစတြေးလျအစိုးရက လူအများအပြား စုဝေးနိုင်သည့် ရုပ်ရှင်ရုံများ၊ အပန်းဖြေဥယျာဉ်များနှင့် အခြားအဆောက်အအုံများကို ပိတ်ခဲ့ပြီး ဖြစ်သည်။

ပြည်သူများ အိမ်ပြင်ထွက်လျှင် အနည်းဆုံး ၁ ဒသမ ၅ မီတာကွာ၍ နေကြရန်လည်း အစိုးရက အကြံပေးခဲ့သည်။ သို့သော်လည်း ဩစတြေးလျနိုင်ငံတွင် ယမန်နေ့က ကိုဗစ်-၁၉ ကူးစက်မှု ၃၀၀ ကျော် ထပ်မံတွေ့ရှိခဲ့ရာ ကူးစက်မှုပေါင်း ၄၀၀၀ ကျော်အထိ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

# လာအိုနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု ထိန်းချုပ်သည့်အနေဖြင့် ခရီးသွားလာမှုများကန့်သတ်

**ဗီယင်ကျန်း မတ် ၃၀**

လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်သည့်အနေဖြင့် နိုင်ငံတစ်ဝန်း ခရီးသွားလာမှုများ ကန့်သတ်လိုက်ပြီဖြစ်ကြောင်း လာအိုအစိုးရက ယနေ့ကြေညာခဲ့သည်။

သို့သော် ကုန်စည်ပို့ဆောင်ရေးစနစ်များကို ခွင့်ပြုပေးမည်ဖြစ်သည်။

နိုင်ငံအတွင်းရှိ ပြည်သူများကိုလည်း နေအိမ်အတွင်းမှာသာ နေထိုင်ကြရန်နှင့် အရေးကြီးကိစ္စများအတွက်သာ နေအိမ်ပြင်ပသို့ ထွက်ကြရန် လာအိုအစိုးရက တိုက်တွန်းပြောကြားထားသည်။

ကုန်စည်ပို့ဆောင်ရေး (သို့မဟုတ်) ဆေးရုံသို့လူနာပို့ဆောင်ခြင်းကဲ့သို့သော အာဏာပိုင်များခွင့်ပြုထားသည့် အရေးကြီးကိစ္စရပ်များ လုပ်ဆောင်ခြင်းမှအပ ဗိုင်းရပ်စ်ကူးစက်မှုနှုန်းမြင့်တက်သည့်ဒေသများသို့ သွားလာခွင့်ကို ပြည်သူများအား ပိတ်ပင်ထားကြောင်း သိရသည်။ ထို့ပြင် လူစုလူဝေးခြင်းများကိုလည်း ရှောင်ရှားရန် အမိန့်စာတွင် ပါရှိသည်။

နိုင်ငံအတွင်း ခရီးသွားလာခြင်းကန့်သတ်မှုသည် မတ် ၃၀ ရက်မှ ဧပြီ ၁၉ ရက်အထိ အာဏာသက်ရောက်မှုရှိမည်ဖြစ်သည်။

ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံအတွင်း ခရီးသွားလာမှု ကန့်သတ်ခြင်းကို



လာအိုနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုအထိမ်းအမှတ် ပက်တူဆိုင်းဂိတ်ကို တွေ့ရစဉ်။

ဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်က မတ် ၂၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မဖြစ်မနေတာဝန်ထမ်းဆောင်ရမည့် ပြည်သူ့ဝန်ထမ်းများမှအပ ကျန်ဝန်ထမ်းများအားလုံးကိုလည်း ဧပြီ ၁ ရက်မှ ၉ ရက်အထိ အလုပ်တာဝန်များကို နေအိမ်မှသာ လုပ်ဆောင်ကြရန် အစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း သိရသည်။

နိုင်ငံအတွင်း ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများကို ယာယီပိတ်ပင်ထားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ချာလင်ယီရာဘာအိုဟာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိမ်နီးချင်းထိုင်းနိုင်ငံမှ လာအိုနိုင်ငံအတွင်းသို့ ပြည်သူအများအပြား ပြန်လည်ရောက်ရှိလာပြီးနောက် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့သည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ပြည်တွင်းရှိ ကုန်သည်များအနေဖြင့် ကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများ မပြုလုပ်ရန် ဝန်ကြီးချုပ်၏ အမိန့်စာကို ကိုးကားပြီး အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူက သတိပေးပြောကြားခဲ့သည်။

ထို့ပြင် ဗိုင်းရပ်စ်ကူးစက်မှုအခြေအနေနှင့်ပတ်သတ်ပြီး သတင်းမှားများဖြန့်ဝေသူများကို ပြစ်ဒဏ်များချမှတ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လာအိုနိုင်ငံအတွင်း၌ မတ် ၂၃ ရက်မှစပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူရှစ်ဦး စစ်ဆေးတွေ့ရှိထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အိုလံပစ်အားကစားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင်လသို့ ရွှေ့ဆိုင်းကျင်းပမည်

**တိုကျို မတ် ၃၀**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပရန်ရွှေ့ဆိုင်းခဲ့သည့် ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တိုကျိုအုပ်ချုပ်ရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း၊ မသန်စွမ်းအားကစားပြိုင်ပွဲများကို ၂၀၂၁ ခုနှစ် ဩဂုတ် ၂၄ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတကာအိုလံပစ်ကော်မတီ၊ တိုကျိုအားကစားပြိုင်ပွဲစီမံခန့်ခွဲရေးကော်မတီနှင့် တိုကျိုမြို့အုပ်ချုပ်ရေးတာဝန်ရှိသူများအပါအဝင် ဂျပန်အစိုးရအဖွဲ့ဝင်များက အားကစားပြိုင်ပွဲများ ကျင်းပမည့်ရက်ကို သဘောတူညီခဲ့ကြသည်။

အဆိုပါတာဝန်ရှိသူများက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲများကို အချိန်တစ်နှစ်ခန့် ရွှေ့ဆိုင်းကျင်းပမည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေးအတွက် ပြည်တွင်းဝင်ရောက်ခွင့်ကို ကန့်သတ်

**တိုကျို မတ် ၃၀**

ဂျပန်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကို ထိန်းချုပ်သည့်အနေဖြင့် အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဥရောပနိုင်ငံအချို့နှင့် အရှေ့တောင်အာရှနိုင်ငံအချို့တို့မှ နိုင်ငံသားများအား နိုင်ငံတွင်းဝင်ရောက်ခွင့်ကို ပိတ်ပင်ခဲ့ကြောင်း သိရသည်။ ဂျပန်အစိုးရသည် အမေရိကန်နိုင်ငံ၏ နေရာဒေသအားလုံးကို ခရီးသွားလာမှုဆိုင်ရာသတိပေးအဆင့်သတ်မှတ်ချက် အဆင့်(၃)အဖြစ် သတ်မှတ်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် လွန်ခဲ့သောရက်သတ္တနှစ်ပတ်အတွင်း နေထိုင်ခဲ့သောနိုင်ငံခြားသားများကိုလည်း ဂျပန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပိတ်ပင်ထားသည်။

ယခုဂျပန်နိုင်ငံ၏ ဆောင်ရွက်ချက်သည် အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုများမြင့်တက်နေသောကြောင့် ဖြစ်သည်။ ဂျပန်အစိုးရအနေဖြင့် ယခုကဲ့သို့ကန့်သတ်မှုများကို တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားအပါအဝင် ဥရောပမှ ဗြိတိန်နှင့် အရှေ့တောင်အာရှမှ ထိုင်းနိုင်ငံတို့အပေါ်တွင်လည်း ချမှတ်ခဲ့သည်။ ယခုကဲ့သို့ ပြည်ဝင်ခွင့်ပိတ်ပင်မှုအရ ဂျပန်အနေဖြင့် ကမ္ဘာ့နိုင်ငံသုံးပုံတစ်ပုံခန့်မှ နိုင်ငံသားများအား အထူးအကြောင်းအရာကိစ္စမရှိပါက ပြည်ဝင်ခွင့်ပိတ်ပင်နိုင်သည်။ ယခုပိတ်ပင်တားမြစ်ချက်တွင် မပါဝင်သောနိုင်ငံများကိုမူ ခရီးသွားလာမှုဆိုင်ရာသတိပေးချက်ကို အဆင့် (၂)အဖြစ် သတ်မှတ်ထားပြီး မလိုအပ်ဘဲခရီးများကို သွားလာခြင်း မပြုလုပ်ရန် ဂျပန်အစိုးရက နိုင်ငံသားများအား ညွှန်ကြားထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ဗြိတိန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၉၅၂၂ ဦးအထိ မြင့်တက်

**လန်ဒန် မတ် ၃၀**

မတ် ၂၉ ရက်ဆေးမှတ်တမ်းများအရ ဗြိတိန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၄၃၃ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ စုစုပေါင်း ၁၉၅၂၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဗြိတိန်ကျန်းမာရေးနှင့်လူမှုစောင့်ရှောက်ရေးဌာနက ယနေ့ပြောကြားသည်။

မတ် ၂၉ ရက်တွင် ဗိုင်းရပ်စ်ကူးစက်လူနာ ၁၂၂၈ ဦး သေဆုံးခဲ့သည်ဟု အဆိုပါဌာနက ဆိုသည်။

လာမည့်ရက်သတ္တပတ်မှစပြီး နိုင်ငံတစ်ဝန်းရှိ ပြည်သူ သန်း ၃၀ အား အစိုးရအဖွဲ့၏ ချမှတ်ထားသော ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာရန်အကြံပြုရေးသားထားသော ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ပေးစာများကို ပြည်သူများ၏ နေအိမ်များသို့ ပေးပို့မည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတစ်ဝန်း ဗိုင်းရပ်စ်ကာကွယ်ရေး လုပ်ငန်းစဉ်များကို



အချိန်ပြည့်လုပ်ဆောင်လျက်ရှိသည့် အမျိုးသားကျန်းမာရေးဝန်ဆောင်မှုအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ယင်းစာထဲတွင် ဂျွန်ဆင်က ရေးသားထားသည်။

နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကို ကာကွယ်သည့်အနေဖြင့် အိမ်တွင်း၌ နေထိုင်ကြသော ပြည်သူများအား စိတ်ခံစားမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် စိတ်ကျန်းမာရေးဆိုင်ရာ လူမှုရေးအဖွဲ့များအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်းကို ကျန်းမာရေးနှင့်လူမှုစောင့်ရှောက်ရေးဌာနက မတ် ၂၉ ရက်တွင် မတည်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# စပိန်ကျန်းမာရေးအရေးပေါ်ဌာန အကြီးအကဲ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**မက်ဒရစ် မတ် ၃၀**

စပိန်နိုင်ငံ ကျန်းမာရေး၊ စားသုံးသူရေးရာနှင့် လူမှုဝန်ဆောင်မှုဝန်ကြီးဌာန၊ ကျန်းမာရေးအရေးပေါ်အခြေအနေ ညှိနှိုင်းရေးဌာန၏ ညွှန်ကြားရေးမှူး ဖာနန်ဒိုဆိုင်မွန်သည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မတ် ၃၀ ရက်တွင် အတည်ပြုပြောကြားသည်။

ဝန်ကြီးဌာန၏အဆိုအရ အသက် ၅၇ နှစ်အရွယ်ရှိ ဆိုင်မွန်တွင် မတ် ၂၉



ရက်က ကိုရိုနာဗိုင်းရပ်စ်လက္ခဏာများ တွေ့ရှိခဲ့ကြောင်း၊ ၎င်းသည် နေအိမ်တွင် သီးခြားခွဲ၍ နေထိုင်လျက်ရှိကြောင်း သိရသည်။ ယင်းဝန်ကြီးဌာနမှ မာရီယာဂျို့စ်ဆီယာရာက တနင်္လာနေ့က ပြုလုပ်သည့် နေ့စဉ်သတင်းစာရှင်းလင်းပွဲတွင် ဆိုင်မွန်အစား တာဝန်ယူဆောင်ရွက်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်က ပြည်သူ့စောင့်ရှောက်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး လော်ရန်တီနို စီနာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည်ဟု အတည်ပြုချက်ထွက်ပေါ်ခဲ့ပြီးနောက် ဆိုင်မွန်၏ ဗိုင်းရပ်စ်ကူးစက်ခံရမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

တနင်္လာနေ့အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်သည့် အတည်ပြုလူနာ အရေအတွက်သည် ၈၅၁၉၅ ဦးသို့ ရောက်ရှိသွားပြီး ဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၇၃၄၀ ရှိသည်။ ယခုအခါ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် နှေးကွေးလာနေသည်ကို တွေ့ရသည်။

မတ် ၂၅ ရက်မှစ၍ ဗိုင်းရပ်စ် နေ့စဉ်ကူးစက်ပျံ့နှံ့မှုသည် နှစ်ဆတိုး၍ ပြောင်းလဲနေသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ မတ် ၁၅ ရက်မှ ၂၅ ရက်အကြား အသွားအလာကန့်သတ်မှုများ စတင်ဆောင်ရွက်ချိန်မှစ၍ ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာသစ် အရေအတွက် မြင့်တက်မှုသည် ၂၀ ရာခိုင်နှုန်းဝန်းကျင်သာရှိခဲ့ကြောင်း၊ ထိုမှတစ်ဆင့် ၁၂ ရာခိုင်နှုန်းသို့ လျော့နည်းသွားကြောင်း ဆီယာရာက ရှင်းလင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# မောင်တောမြို့နယ်၌ ARSA အဖွဲ့က ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသားနှစ်ဦး သေဆုံး၊ သုံးဦး ဒဏ်ရာရ


**နေပြည်တော် မတ် ၃၀**
မောင်တောမြို့နယ်၌ ယနေ့နံနက်ပိုင်းတွင် ARSA အဖွဲ့က ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသားနှစ်ဦး သေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၈ နာရီ ၅၅ မိနစ်တွင် မောင်တောမြို့နယ် မင်္ဂလာညွန့်ကျေးရွာနေ ဦးစံအောင်ဖြူ (အသက် ၅၀)အပါအဝင် ဒိုင်းနက်အမျိုးသား ၁၂ ဦးသည် ငှက်ထောင်ချောက်များ သိမ်းရန်အတွက် ၎င်းတို့၏ ဆိုင်ကယ် လေးစီးအား ခမောင်းဆိပ်ကျေးရွာနှင့် အောင်ဇူကျေးရွာကြား ရပ်တန့်ထားခဲ့ကာ တောအတွင်းသို့ ခြေကျင်ဝင်ရောက်စဉ် ဘော်တလာကျေးရွာသွား လမ်းဆုံအနီး လှိုင်သီချောင်းတံတားနှင့် ပေ ၂၀ ခန့်အကွာ အရောက်၌ ARSA အဖွဲ့ က ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ဦးစံအောင်ဖြူနှင့်အဖွဲ့ ထွက်ပြေးစဉ် ၎င်းတို့၏ ဆိုင်ကယ်များအား မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရကြောင်း၊ နံနက် ၉ နာရီကျော်တွင် ဦးစံအောင်ဖြူပါ ၁၀ ဦးသည် ခမောင်းဆိပ်ကျေးရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ဦးစံအောင်ဖြူ အပါအဝင် သုံးဦးတွင် ပေါက်ပြဲ ဖူးရောင်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိကာ အောင်သပြေကျေးရွာနေ ဦးကျော်သိန်းမောင်(၃၅ နှစ်)နှင့် ခမောင်းဆိပ်ကျေးရွာနေ ဦးမောင်မဲ (အသက် ၂၀)တို့ နှစ်ဦး ပျောက်ဆုံးနေခဲ့ကြောင်း။

နံနက် ၉ နာရီခွဲတွင် ခမောင်းဆိပ်ဗျူဟာမှ တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ခမောင်းဆိပ်မှထွက်ခွာ၍ အခင်းဖြစ်နေရာသို့ ရောက်ရှိပြီး နယ်မြေရှင်းလင်းခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် မြေသားလမ်းတွင် အကျယ် ၁၀ ပေ၊ အနက် ၈ ပေခန့် မြေကျင်းတစ်ခု ဖြစ်ပေါ်ပြီး အရှည်ပေ ၅၀ ခန့် နီ/နက် ဝါယာကြိုးတစ်ချောင်း၊ AK 47 ကျည်အ တစ်တောင့်၊ ယင်းကျည်ခွံသုံးခု၊ ပျောက်ဆုံးနေသူ ဦးကျော်သိန်းမောင်နှင့် အနီးရှိ လှိုင်သီ ချောင်းဘေးတွင် ဦးမောင်မဲတို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း။

နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဦးစံအောင်ဖြူအပါအဝင် ဒဏ်ရာရရှိသူ သုံးဦးသည် ခမောင်းဆိပ်မှတစ်ဆင့် မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း၍ ဆေးကုသပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**




## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၉ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၉၆၈ စီး၊ သွင်းကုန် ၂၀၄၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် တစ်သန်း)ရှိ အကောက်ခွန်မဲ့ Puratos CARAT Coverlux Dark Chocolate (1x8Kg) 10 Pkgs ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကလိန်အောင်မြို့၌ တရားမဝင်ရွှေဖောင်လုပ်ငန်း လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**ကလိန်အောင် မတ် ၃၀**
တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ်(၄)ရပ်ကွက် ကလိန်အောင်ချောင်းအတွင်း ယမန်နေ့ ညနေ၄ နာရီခွဲခန့်က တရားမဝင်ရွှေဖောင်လုပ်ငန်း လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံတပ်ရင်းမှ တပ်ရင်းတပ်ဖွဲ့များသည် အမှတ်(၄) ရပ်ကွက် ကလိန်အောင်ချောင်းအတွင်း တရားမဝင် ရွှေဖောင်လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသော ရွှေဖောင် လေးဖောင်၊ အင်ဂျင်စက်လေးလုံး၊ လေအိုး နှစ်လုံး၊ ကွန်ပရက်ဆာ သုံးလုံးနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ သန်းဇော်၊ သန်းနိုင်ဦး၊ ညွန့်ဝင်း၊ သိန်းဝင်း၊ စိုင်းလတ်နှင့် ဆန်းဝင်းတို့ ခြောက်ဦးအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ရွှေဖောင်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးတို့အား ကလိန်အောင်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးမိုးခိုင်(ပြန်/ဆက်)**

## ကန့်ဘလူ၌ ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ကန့်ဘလူ မတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မတ် ၂၉ ရက် ည ၁၁ နာရီခန့်က အမှတ်(၃)ရပ်ကွက်၌ ဆေးလိပ်မီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ ဦးထိန်လင်း၏ ဆိုင်ကယ်ကူရှင်ဆိုင်၌ စွန့်ပစ်ဆေးလိပ်မီးမှတစ်ဆင့် ဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်ရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ထူးမောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ဋ္ဌေးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ပြည်သူများက ခရိုင်မီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အမြှုပ်ငြိမ်းသတ်ယာဉ် တစ်စီး၊ စည်ပင်သာယာမှ ရေသယ်ယာဉ် တစ်စီး တို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၁ နာရီ ၂၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၁ နာရီ ၅၅ မိနစ်၌ မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



မီးလောင်မှုကြောင့် ဆိုင်ခန်း သုံးခန်း၊ နေအိမ်တစ်လုံး၊ ဆိုင်ကယ် ခြောက်စီး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးထွန်းကျော်တွင် ယာပေါင်ပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)၊ ဦးမောင်နိုင်တွင် ဝဲလက်မောင်း မီးဟပ်ဒဏ်ရာရ (မစိုးရိမ်ရ)၊ ဦးထိန်လင်းတွင် ဝဲလက်ဖျံ မီးဟပ်ဒဏ်ရာရ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်နေ ဦးထိန်လင်းအား ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


## မှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေးရောနှောသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးသည် မှတ်ပုံတင်ရရှိထားသော်လည်း အနောက်တိုင်းဆေးရောနှောကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့်အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အာရှ ရွှေကြယ် | အဆစ်အမျက် ရောင်ရောဂါ သောက်ဆေး | ဆေးမှုန့် / ထုပ် | ဒေါ်ဟုန်ဆန်ဆိုင်၊ အမှတ် (၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြိုင်သာယာ၊ မော်လမြိုင်မြို့။ | Paracetamol |
| ဘေးထွက်ဆိုးကျိုးအနေဖြင့် အသည်းထိခိုက်ပျက်စီးခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းများ ဖြစ်စေနိုင်ပါသည်။ | | | | | |



Paracetamol ရောနှောသည့် ဆေးထုပ်နမူနာ

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုယ်ကာကွယ်နိုင်တယ်လို့ထင်တဲ့ နည်းလမ်းတွေကလည်း ကိုယ့်ကိုကူးစက်သွားစေမယ့် အကြောင်းရင်းလည်း ဖြစ်သွားနိုင်တဲ့အတွက် အဲဒီအပိုင်းမှာလည်း တော်တော်လေး ဂရုပြုရပါတယ်

ဒါရိုက်တာ ထူးပိုင်ဇော်ဦး

## COVID–19 အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**COVID–19 ရောဂါနဲ့ပတ်သက်ပြီး ထိခိုက်လွယ်တဲ့လူတွေကို ရောဂါပိုးကူးစက်မှုကနေ ဘယ်လိုကာကွယ်မလဲ အသိပညာပေးဆွေးနွေးပွဲကို မတ်လ ၂၄ ရက်နေ့ ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ခဲ့သည်။**

**အဆိုပါ ဆွေးနွေးပွဲကို ဦးဆောင်ဆွေးနွေးသူအဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်မောင်လွင်၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ ရုပ်ရှင်ဒါရိုက်တာ ထူးပိုင်ဇော်ဦး၊ တေးသံရှင် တင်ဇာမော်၊ စာရေးဆရာ မိုးနီလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်–**

**မှတ်တမ်း - သီတာဌေး (ပြန်/ဆက်)**
**ဓာတ်ပုံ- ရဲသူရအောင် (ပြန်/ဆက်)**

(ယမန်နေ့မှအဆက်)

**ဒေါက်တာခင်မောင်လွင်**

ရောဂါကွင်းဆက်ကိုဖြတ်တောက်ဖို့ ဆွေးနွေးတဲ့အခါမှာ ရောဂါမကူးအောင် တားတဲ့အပိုင်းက တစ်ပိုင်း၊ ရောဂါဖြစ်နေပြီမှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ကိုယ်ကနေပြီး သူများမကူးအောင် တားရမယ့်အပိုင်းတွေ ရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဌာနအနေနဲ့ လုပ်ဆောင်နေတာတွေ နည်းနည်းဖြည့်စွက်ပြီး ပြောစေချင်ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး**

အခုပြောသွားတဲ့ အချက်တွေထဲမှာ ဒါတကယ့်လက်တွေ့ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်တွေပါပဲ။ တစ်ကမ္ဘာလုံးမှာ ဒီလိုပဲဖြစ်နေတာပေါ့။ ကျွန်တော်တို့အနေနဲ့ကတော့ အချက်ငါးချက်ကို အဓိကထားဆောင်ရွက်နေပါတယ်။ နံပါတ် (၁) ကတော့ လက်ဆေးခြင်းပေါ့။ လူတိုင်းလူတိုင်း လက်ဆေးဖို့လိုတယ်။ လက်ဆေးခြင်းဆိုတာကလည်း ကိုယ့်အတွက် ကိုယ်ဆေးတာထက်စာရင် ကိုယ့်မိသားစုအတွက် ဆေးပါ။ ကိုယ့်ကလေးတွေအတွက် ဆေးပါ။ ကိုယ့်ရပ်ရွာအတွက် ဆေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောတဲ့ ကိုယ်ကနေပြီးတော့ ဖြန့်တဲ့သူဖြစ်သွားနိုင်သလို ကိုယ်ကနေပြီးတော့ မသိဘဲနဲ့ ဝင်လာတဲ့သူလည်း ဖြစ်နိုင်တယ်။ ကိုယ်က ဝင်သွားမယ်။ အများအားဖြင့် လက်မှာကပ်ပြီး ပါလာတယ်။ လက်ကတစ်ဆင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံး ဒီဟာတွေကို ထိတွေ့မိရင် ဝင်သွားမယ်။ ဝင်သွားရင် ကိုယ်က မသိဘူးလေ။

ဆရာပြောတဲ့ Window Period။ ကျွန်တော်တို့ကတော့ Induration Period လို့ ခေါ်တာပေါ့နော်။ အဲဒီအချိန်မှာ Asymptomatic ဖြစ်နေတယ်။ ဘာမှလက္ခဏာမပေါ်သေးဘူး။ ဒါပေမယ့် သူ့ခန္ဓာကိုယ်ထဲမှာ ဗိုင်းရပ်စ်က Repetition လာနေပြီ။ လာနေတာ ထွက်နေပြီပေါ့။ အဲဒီအခါကျတော့ အိမ်မှာရှိတဲ့ အဖေ၊ အမေ Vulnerable ထဲပါသွားပြီ။ နောက်တစ်ခုက ဆီးချိုရောဂါဝေဒနာရှင်။ ဒါက ဒီခေတ်မှာ တော်တော်ပေါတယ်။ နောက်တစ်ခုက သွေးတိုးမရှိဘူးလို့လည်း မပြောနိုင်ဘူး။ တော်တော်များများက NCD ဆိုတဲ့ မကူးစက်နိုင်သောရောဂါတွေက ကျွန်တော်တို့တိုင်းပြည်မှာ တစ်ကမ္ဘာလုံးနီးတူ Burden ဖြစ်နေတာ။ နောက်တစ်ချက်က နှာစေး၊ ချောင်းဆိုးတဲ့အခါ ကျင့်ရမယ့်ကျင့်ဝတ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောသလို ကျွန်တော်တို့က မရှိသေးဘူးဆိုပေမယ့် ကျွန်တော်တို့မှာလည်း H1N1 က နဂိုကတည်းက ရှိတယ်။ နှာစေး၊ ချောင်းဆိုးလိုက်တိုင်း ကာကွယ်လိုက်တာနဲ့ ကိုယ့်ဆီက လွင့်စဉ်သွားတဲ့ အမှုန်အမွှားကို တစ်ဖက်သားက မရှူရတော့ဘူး။ ဒါက ကိုယ့်ကိုယ်ကိုယ်လည်း ကာကွယ်ရာကျတယ်။ မိသားစုလည်း ကာကွယ်ရာကျတယ်။ အသိုင်းအဝိုင်းလည်း ကာကွယ်ရာဖြစ်တဲ့အတွက် ကျင့်ဝတ်အရ၊ ပြည်သူ့နီတိ ကျင့်ဝတ်အရ လုံခြုံအောင် ကာကွယ်တာ။ တစ်ရှူးသုံးမယ်ဆိုလည်း သုံးပါ။ ပြီးရင် စနစ်တကျ အမှိုက်ပုံးထဲ စွန့်ပစ်ပါ။ ဒါကို ကျွန်တော်တို့က Promote လုပ်တယ်။

တတိယအချက်ကတော့ Social Distancing ပါ။ တစ်ဦးနဲ့တစ်ဦး နီးနီးကပ်ကပ်မနေပါနဲ့။ ဘာကြောင့်လဲဆိုတော့ ခုနကပြောသလို လူအုပ်စုထဲသွားတယ်။ လူစုလူဝေး ဥပမာ လူစုလူဝေး ၅၀၀၀ လာတယ်၊ ၁၀၀၀၀ လာတယ်၊ ဘယ်သူ့မှာ ဖြစ်နေပြီလဲ မသိဘူး။ သူကလည်း နှာချေပြီးတော့ တောက်လျှောက် ဒီပွဲထဲမှာ သွားလို့ကောင်းနေတယ်။ ဒီနေရာကြည့်လို့မကောင်းလို့ ဟိုဘက်နေရာပြောင်းကြည့်တာမျိုး ရှိတဲ့အခါကျတော့ ရှူမိတဲ့သူဟာ အကုန်လုံး Infection ရကုန်မယ်။ အဲဒီ Infection ရတဲ့သူကလည်း ကျွန်တော်တို့ ကိုရီးယားဖြစ်စဉ်လို ဖြစ်မယ်။ ကိုရီးယား Case 31 ဆိုရင် နောက်ရက်တွေမှာလည်း ဘုရားကျောင်း လေးခါလောက် လာတက်တယ်။



ပထမရက်မှာ ဝင်သွားတယ်ဆိုရင် သုံးရက်၊ လေးရက်ဆို ဗိုင်းရပ်စ်က လက္ခဏာမပြပေမယ့် အတော်ကူးလို့ကောင်းတဲ့အချိန်ဖြစ်ပြီး သူ့ရဲ့ ဖြန့်လိုက်တဲ့ ပမာဏက လူစုလူဝေးထဲမှာ ဖြန့်လိုက်တဲ့အခါ အများကြီးဖြစ်သွားတယ်။ အများကြီးကနေ ထပ်ပြီးတော့ ထပ်ထိတဲ့သူတွေကလည်း နောက်ထပ်အများကြီး။ အဲဒီအများကြီးကနေ နောက်ထပ်သုံးခါလောက်ဆို ကိုရီးယားက Contact Tracing ပေါ့။ ကူးတဲ့ဟာက တစ်ယောက်ချင်းနဲ့ တစ်ယောက်ချင်း ထိလိုက်တိုင်းမှာ သိန်းနဲ့ချီပြီ ဖြစ်လာတယ်။

နံပါတ် (၄) အချက် ပြောချင်တာက Quarantine ။ Quarantine ရဲ့ အကျိုးကျေးဇူး မတင်ဇာမော်ပြောသလို Local Transmission ဧရိယာက ပြန်လာတယ်။ လာတဲ့အခါကျတော့ သူက မသိလိုက်ဘူး။ မသိတာလည်း ဖြစ်နိုင်တယ်။ သိသိကြီးနဲ့ သူ့အလုပ်ပျက်မှာစိုးလို့ ဝင်လာတယ်။ လူအမျိုးမျိုးဆိုတာ ရှိတယ်။ သူ့မှာပါလာပြီဆိုတော့ တွေ့တဲ့၊ သူ့ရဲ့ Work Place မှာရှိတဲ့သူအားလုံးက Risk ရှိသွားပြီ။ အဲဒီလိုနိုင်ငံတွေက ပြန်လာခဲ့ရင်တော့ အရင်ဆုံး ကိုယ့်ကိုယ်ကိုယ် ကျန်းမာရေးဌာနကို သတင်းပို့ပါ။ သတင်းပို့တဲ့အခါ ကျွန်တော်တို့ဆီမှာ Case Definition ရှိတယ်။ ဒီလူက ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ၊ ဒီလူကတော့ အိမ်မှာပဲ သတိထားပြီး စောင့်ကြည့်ရမယ့်လူ၊ ဒီလူကတော့ ထိတွေ့မှုက အလွန်နီးစပ်ခဲ့ရင် ဆေးရုံမှာ ၁၄ ရက်ထားပြီး စောင့်ကြည့်ရမယ်။ ဘာပဲပြောပြော ပြန်လာတဲ့သူတိုင်းက အဲဒီအချက်ကို ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဒါမှ ကျွန်တော်တို့က သူလည်း ၁၄ ရက်ထားပြီး ဘာမှမဖြစ်ဘူးဆိုရင် သူ့အတွက်လည်း အန္တရာယ်ကင်းတယ်။

ကျွန်တော်ပထမဦးဆုံး ပြောခဲ့တဲ့အတိုင်းပဲ။ ဖြစ်လာရင် သူက ၈၀ ရာခိုင်နှုန်းလောက်က Mild Symptom နဲ့ ကောင်းတယ်ဆိုပေမယ့် ၁၄ ရာခိုင်နှုန်း၊ ခြောက်ရာခိုင်နှုန်းက သူကိုယ်တိုင် Critically Ill ဖြစ်သွားတယ်။ အသက်ရှူစက်တွေ လိုလာမယ်။ လိုလာတဲ့အခါမှာ ဆေးရုံမတက်ထားရင် သူအရင်ဆုံး အသက်ဆုံးရှုံးမယ်။ အသက်မဆုံးရှုံးခင်ကာလမှာလည်း ဘာမှန်းမသိဘဲနဲ့ သူ့ကိုပြုစုတဲ့ မိသားစုတွေ၊ အဲဒီမိသားစုတွေနဲ့ ထပ်မံထိတွေ့သူအားလုံးလည်း ဒုက္ခတသီတတန်း ရောက်မယ်။ အဲဒီလို သူတို့ပြန်လာခဲ့ရင် ရောဂါခြေချုပ်ဆိုတာ သူကိုယ်တိုင်အတွက်အကျိုးရှိရုံမက သူ့ရဲ့ ချစ်ခင်ရတဲ့ မိသားစုတွေ၊ သူ့ရဲ့ ချစ်ခင်ရတဲ့ရပ်ရွာအတွက်၊ နိုင်ငံအတွက် အလွန်အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့် ဒီ ၁၄ ရက်ကို သည်းခံပြီးတော့ Quarantine အလုပ်ခံကြမယ်၊ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဆီမှာ Risk က တော်တော်နည်းသွားမယ်။

နံပါတ် (၅) နဲ့ နောက်ဆုံးအရေးကြီးတာ ဆရာပြောတဲ့ Social Media ပဲ။ ကျွန်တော်ကတော့ ဒါကို Rumor Cancellation လို့ ခေါ်တာပေါ့။ Panic Buying ဖြစ်တယ်။ ကြောက်တာက ကြောက်တာတစ်ပိုင်း။ ကျွန်တော်လည်း ကြောက်တာပဲ။ ဒါပေမယ့် ကြောက်တဲ့နောက်မှာ လုပ်ရမယ့် အရာတွေကတော့ အဓိကက လက်ဆေးဖို့ရယ်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျင့်ဝတ်ကို လိုက်နာဖို့ရယ်၊ လူစုလူဝေး တတ်နိုင်သမျှ မသွားဖို့ရယ်၊ အသက်ကြီးတဲ့လူတွေ၊ ရောဂါရှိတဲ့လူတွေ ဒီအချိန်မှာ လုံးဝကို မသွားသင့်ဘူး။ အထူးအကြံပေးလိုတယ်။ ရောဂါခြေချုပ်လုပ်ခြင်း (Quarantine) ရဲ့ အကျိုးကျေးဇူးဟာ ကိုယ်ကိုယ်တိုင်သာမက မိသားစုနဲ့ တိုင်းပြည်အတွက်ပါ အကျိုးရှိတယ်ဆိုတာ သိစေချင်ပါတယ်။

> **ကြောက်တာက ကြောက်တာတစ်ပိုင်း။ ကျွန်တော်လည်း ကြောက်တာပဲ။ ဒါပေမယ့် ကြောက်တဲ့နောက်မှာ လုပ်ရမယ့် အရာတွေကတော့ အဓိကက လက်ဆေးဖို့ရယ်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျင့်ဝတ်ကို လိုက်နာဖို့ရယ်၊ လူစုလူဝေး တတ်နိုင်သမျှ မသွားဖို့ရယ်၊ အသက်ကြီးတဲ့လူတွေ၊ ရောဂါရှိတဲ့လူတွေ ဒီအချိန်မှာ လုံးဝကို မသွားသင့်ဘူး၊ အထူးအကြံပေးလိုတယ်။ ရောဂါခြေချုပ်လုပ်ခြင်း (Quarantine) ရဲ့ အကျိုးကျေးဇူးဟာ ကိုယ်ကိုယ်တိုင်သာမက မိသားစုနဲ့ တိုင်းပြည်အတွက်ပါ အကျိုးရှိ**

**ဒါရိုက်တာ ထူးပိုင်ဇော်ဦး**

ဒါ တကယ့်ကို သည်းထိတ်ရင်ဖိုပါ။ သည်းထိတ်ရင်ဖိုဆိုတာ အခုလက်ရှိမြန်မာနိုင်ငံမှာ ကျွန်တော်တို့ရုပ်ရှင်အရဆိုရင် Horror နဲ့ Suspense Thriller ဆိုပြီး နှစ်မျိုး ရှိတယ်။ Horror ဆိုတာ ကြောက်ဖို့ကောင်းတယ်။ ဗြုံခနဲ ခြောက်လိုက်တယ်။ ကြောက်ပြီးသွားရင် ပြီးသွားပြီပေါ့။ သည်းထိတ်ရင်ဖိုကျတော့ ဒီလိုမဟုတ်ဘူး။ သူက ဒီဟာဖြစ်တော့မယ်။ မဖြစ်ခင်မှာ ဘယ်လိုတွေ၊ လူတွေရဲ့စိတ်က ဘယ်လိုတွေ လှုပ်ရှားနေတယ်ဆိုတာ ပြတာ။ ကိုယ့်မှာ ကိုယ့်ကိုယ်ကိုယ် သံသယရှိရင်ပဲဖြစ်ဖြစ်၊ ကိုယ့်မိသားစုဝင်၊ သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်း ဒါမှမဟုတ် ကိုယ်သတိထားမိတဲ့သူမှာ သံသယရှိရင်ပဲဖြစ်ဖြစ် အသိပေးဖို့လိုတယ်။ ကိုယ့်ကိုယ်ကိုယ် အိမ်မှာကုနေတာ၊ ဒါမှမဟုတ် အိမ်မှာနားနေတာပဲဖြစ်ဖြစ်၊ ဘာမှမဖြစ်ပါဘူးဆိုပြီး လျှောက်သွားနေတာပဲဖြစ်ဖြစ်၊ အလုပ်ပျက်မှာစိုးလို့ အလုပ်ပျက်မှာကြောက်တဲ့စိတ် ပိုပြီးတော့ ဖျားနေရက်နဲ့ သွားတာပဲဖြစ်ဖြစ် ဖြန့်တဲ့သူမဖြစ်စေဘဲနဲ့ ကိုယ်ကိုယ်တိုင်က ဒီစိတ်နဲ့ စစ်ဆေးစရာရှိတာ စစ်ဆေးဖို့လိုမယ်၊ အသိပေးစရာရှိတာ အသိပေးဖို့လိုမယ်။

ဒီရုပ်ရှင်လုပ်ငန်းတွေ လုပ်တယ်။ လူတွေအများကြီးနဲ့ ထိတွေ့ကြတယ်။ ကိုယ်ကိုယ်တိုင်က ရှောင်လို့တိမ်းလို့ ရပေမယ့် သရုပ်ဆောင်တွေကျတော့ တစ်ယောက်နဲ့တစ်ယောက် မထိဘဲ သရုပ်ဆောင်လို့မရတော့ ပိုပြီးတော့ Hand Gel ဖိုးတွေ တစ်ရက်တစ်ရက် အများကြီး ကုန်တယ်။ ရိုက်ကူးရေးအဖွဲ့အားလုံး ၁၀ မိနစ် တစ်ခါ၊ ၁၅ မိနစ် တစ်ခါ တစ်ခုခုကိုင်ပြီးတိုင်း ဆေးရမယ်။ စွန့်ပစ်တဲ့အခါ ပုံမှန်ဆိုရင် တစ်ရှူးလေး တစ်ခုခုသုတ်ပြီး ဒီအတိုင်းထားလိုက်တယ်။ အဲဒါကို နောက်တစ်ယောက်က ကောက်သိမ်းသွားရင် ကိုယ့်ဆီကပိုးက နောက်တစ်ယောက်ဆီ ရောက်သွားနိုင်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က စည်းကမ်းတွေလည်း ပိုလုပ်ရတယ်။ ကိုယ်သုတ်ထားတဲ့ တစ်ခုခုလုပ်ပြီးသားကိုင်ပြီးသား အရာဝတ္ထုတွေဆို ကိုယ်ကိုယ်တိုင် တာဝန်ယူပြီးတော့ အမှိုက်ပုံးထဲကို ပြန်သိမ်းဖို့၊ Mask တပ်တာနဲ့ Hand Gel သုံးတဲ့အပိုင်းမှာလည်း ဒါက စနစ်ကျတဲ့ ကာကွယ်တဲ့ဟာဖြစ်သလို ကူးစက်တဲ့အရာလည်း ဖြစ်နိုင်တယ်။ Hand Gel ကလည်း အကုန်လုံးဝိုင်းကိုင်ကြလို့ အကုန်လုံးကူးသွားတာမျိုးတို့၊ Mask တပ်ပြီးတော့ ခဏလေးချွတ်ပြီး လျှောက်သွားနေကြတယ်။ အဲဒီ Mask ကိုပဲ နောက်တစ်ယောက်က သွားကိုင်မိနိုင်တယ်။

အဲဒီလိုမျိုးဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့က တော်တော်လေးလည်း ပညာပေးရတယ်။ ဒါပုံမှန်ကတော့ Mask တွေ သုံးတယ်ဆိုတာက ဆေးကျောင်းသားတွေ၊ ဆရာဝန်တွေမှာကတော့ ရင်းနှီးပြီးသား။ လက်ဆေးရင်လည်း ဘယ်လိုမျိုးဆေးရမလဲ ကျွန်တော်တို့ သိထားပြီးသား ဖြစ်ပေမယ့် ပြင်ပလူတွေကျတော့ ပုံမှန်လက်ဆေးတယ်ဆိုရင် ပုံမှန်ပဲဆေးလိုက်တယ်။ ရေပိုက်ခေါင်းကို ပြန်ပိတ်တယ်ဆိုရင်လည်း ကိုယ့်လက်ကလေးနဲ့ ပိတ်တာတို့ သေချာစနစ်ကျတဲ့ လက်ဆေးနည်းတွေကိုလည်း ကိုယ့်ပတ်ဝန်းကျင်မှာ ပိုပြီးတော့ ကိုယ်တတ်နိုင်သလောက် ပြောရတယ်။ ကိုယ်ကာကွယ်နိုင်တယ်လို့ထင်တဲ့ နည်းလမ်းတွေကလည်း ကိုယ့်ကို ကူးစက်သွားစေမယ့် အကြောင်းရင်းလည်း ဖြစ်သွားနိုင်တဲ့အတွက် အဲဒီအပိုင်းမှာလည်း တော်တော်လေး ဂရုပြုရပါတယ်။

နိုင်ငံသားတစ်ယောက်ချင်းစီက ကျန်းမာရေးအသိရှိဖို့ လိုတယ်။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် သိဖို့မြန်မာနိုင်ငံမှာက တစ်ခုပြန်ပြီး အသုံးချရမှာက ဖေ့စ်ဘွတ်က ပျံ့နှံ့လွယ်တယ်ဆိုတော့ ဖေ့စ်ဘွတ်မှာ တကယ်သိနားလည်သော ပညာရှင်တွေက ပိုပြီး ကျန်းမာရေးအသိပညာပေးတဲ့ စာတွေ၊ အသိပညာပေးတွေ ပိုပြီးရေးပေးဖို့၊ ဘာလို့လဲဆိုတော့ ဒီမှာက ဘာရေးရေး ယုံကြတာလည်းများတဲ့အတွက် ခွဲခြမ်းစိတ်ဖြာပြီး သူတို့စိတ်ထဲမှာ တကယ်ကို ဘယ် Page တွေ၊ ဘယ်လိုပုဂ္ဂိုလ်တွေ၊ ဘယ်အဖွဲ့အစည်းတွေဆီက သတင်းတွေကိုပဲ ယုံကြည်ဖို့၊ တွေ့သမျှသတင်းတွေကိုလိုက်ပြီး ယုံပြီးတော့ လျှောက်မလုပ်ဖို့ပေါ့။ **စာမျက်နှာ ၁၆ သို့** ❍

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃၀-၃-၂၀၂၀) ရက်နေ့၊ ည (၇:၃၀) နာရီ**

၁။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (၃၀-၃-၂၀၂၀) ရက်နေ့၊ ညနေ (၅:၁၅) နာရီတွင် ထုတ်ပြန်သော ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ(၅၅)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင်ဖော်ပြထားရှိသော လူနာ (၄) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပြီး ကျန်လူနာ (၅၁) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၂။ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (Case-08) (ညှော့်လမ်းညွှန်) ၏ ရောဂါဖြစ်ပွားမှု ရာဇဝင်စစ်ဆေးချက်အရ ၎င်းညှော့်လမ်းညွှန်လုပ်ငန်းဆောင်ရွက်ခဲ့သည့် ပြင်သစ်နိုင်ငံသား ခရီးသွားညှော့်သည် (၄)ဦးအား (၂၈-၃-၂၀၂၀)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ်တစ်ခုတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ခဲ့ပြီး (၂၉-၃-၂၀၂၀) ရက်နေ့တွင် ဓာတ်ခွဲနမူနာရယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ (၄)ဦး အနက် (၃)ဦး (Case-11)၊ (Case-12) နှင့် Case-13) တို့တွင် COVID-19 ရောဂါပိုး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၎င်းတို့ (၃)ဦးအား ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူစေမည် ဖြစ်ပါသည်။ အဆိုပါ (၃)ဦးတွင် လက်ရှိအခြေအနေအရ ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရပါ။

၃။ ဓာတ်ခွဲအတည်ပြုလူနာ (Case-14) သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နယ်တွင် နေထိုင်သော အသက် (၂၄) နှစ်အရွယ် မြန်မာနိုင်ငံသား အမျိုးသားတစ်ဦးဖြစ်ပြီး (၂၅-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကာ တာချီလိတ်မြို့တွင် (၂)ညတာ တည်းခိုနေထိုင်ခဲ့ပါသည်။ (၂၇-၃-၂၀၂၀)ရက်နေ့၊ ညနေတွင် တာချီလိတ်မြို့မှ မန္တလေးမြို့သို့ လေကြောင်းဖြင့်ရောက်ရှိခဲ့ပြီး အဆိုပါနေ့ ညနေပိုင်းတွင် ကိုယ်ပိုင်မော်တော်ယာဉ်ဖြင့် မန္တလေးမြို့မှ ကျောက်မဲမြို့သို့ ရောက်ရှိခဲ့ပါသည်။ (၂၈-၃-၂၀၂၀) ရက်နေ့တွင် အလွန်အမင်း အန်ခြင်း၊ ချောင်းဆိုးခြင်း လက္ခဏာများခံစားခဲ့ရသဖြင့် ပြည်သူ့ဆေးရုံ၊ ကျောက်မဲမြို့သို့ (၂၈-၃-၂၀၂၀) ရက်နေ့၊ ညပိုင်းတွင် လာရောက်ပြသခဲ့ပြီး စောင့်ကြည့်လူနာအဖြစ် သီးသန့်ထားရှိ၍ ဆေးကုသမှုခံယူကာ ဓာတ်ခွဲနမူနာအား ပေးပို့စစ်ဆေးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ လူနာ၏ လတ်တလော ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

ဇယား-၁

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀-၃-၂၀၂၀)ရက်နေ့၊ ည (၇:၃၀)နာရီ**

| စဉ် | အသက် | ကျား/မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရောက်မှု | ယခုဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ | အသွားအလာကန့်သတ်သည့်/ ဆေးရုံတင်ထားသည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 11 | ၆၆ နှစ် | မ | ရှိ (ပြင်သစ်နိုင်ငံ) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ် (၁)ခု | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 12 | ၆၅ နှစ် | ကျား | ရှိ (ပြင်သစ်နိုင်ငံ) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ် (၁)ခု | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 13 | ၆၁ နှစ် | မ | ရှိ (ပြင်သစ်နိုင်ငံ) | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ဟိုတယ် (၁)ခု | ၂၈-၃-၂၀၂၀ | တွေ့ရှိ |
| 14 | ၂၄ နှစ် | ကျား | ရှိ (ထိုင်းနိုင်ငံ) | ပြည်သူ့ဆေးရုံ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၂၈-၃-၂၀၂၀ | တွေ့ရှိ |

* ကျန်စောင့်ကြည့်လူနာ (၅၁) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိပါ။

၄။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာတားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ညောင်ရွှေမြို့၌ အခြေခံစားသုံးကုန်စည်များ ဈေးနှုန်းတည်ငြိမ်မှုရှိရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ မတ် ၃၀**

လတ်တလော ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပွားနေသည့် Coronavirus Disease 2019 (COVID-19) အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့် ကုန်သည်များ ဈေးကစားခြင်း၊ ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းများ ဖြစ်ပေါ်လာမည်ကို ပြည်သူလူထုစိုးရိမ်ပူပန်မှုမရှိစေရန်အတွက် ညောင်ရွှေမြို့နယ် COVID-19 ရောဂါ စောင့်ကြည့်၊ စစ်ဆေး၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ညောင်ရွှေမြို့အတွင်းရှိ ဆန်ကုန်သည်ကြီးများနှင့် ဆွေးနွေးညှိနှိုင်းခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ ဆန်ကုန်သည်အသင်းဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့၊ မြို့မဂင်္ဂလာဈေးအတွင်းရှိ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ရောင်းချသော ဈေးဆိုင်များ၊ မြို့ပေါ်ရပ်ကွက်များရှိ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ လက်လီလက်ကားရောင်းချသော ဈေးဆိုင်များသို့ သွားရောက်၍ ဈေးနှုန်းတည်ငြိမ်မှုရှိရေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချမှုများ မပြုလုပ်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

❍ စာမျက်နှာ ၁၅ မှ

ဒီမှာ အဲဒီအပိုင်းလေးတွေ နည်းနည်းရှိတယ်။ အဲဒီအပိုင်းကို ပညာပေးဖို့ များများတိုက်တွန်းဖို့ လိုမယ်လို့ ထင်ပါတယ်။ အဲဒီလိုလုပ်တဲ့ အချိန်မှာလည်း အနုပညာရှင်တွေဘက်က များများပါဝင်ဖို့ လိုမယ်ပေါ့။ အနုပညာရှင်တွေဘက်က ပြောတယ်ဆိုရင် ပျံ့နှံ့နှုန်းတွေပိုများတဲ့အတွက် အဲဒီအပိုင်းမှာ ပိုပြီးပူးပေါင်းပါဝင်ဖို့လိုမယ်။

တိကျသေချာတဲ့သတင်းတွေ ဖြန့်ဝေတဲ့အပိုင်းမှာလည်း လူတွေရဲ့စိတ်ကို သည်းထိတ်ရင်ဖိုတွေ ထပ်ဆင့်မဖြစ်အောင် အဓိကကြံရတာက သံသယလူနာ၊ စောင့်ကြည့်လူနာတွေ တွေ့တယ်၊ ဆုံးသွားတယ်။ သူ့အဖြေကို ဓာတ်ခွဲခန်းမှာ ပို့ထားတယ်ဆိုတဲ့သတင်းတွေက ပိုပြန့်ပြီးတော့ သူ့မှာ ရောဂါပိုးမရှိဘူးဆိုတဲ့ သတင်းတွေက ထပ်ပြီး မတက်လာတော့ လူတွေက သူ့မှာရှိတာလား၊ မရှိတာလားဆိုပြီး သည်းထိတ်ရင်ဖို ထပ်ဆင့်ထပ်ဆင့်ဖြစ်ရတဲ့အတွက် အဲဒီအပိုင်းတွေမှာလည်း အားလုံးပူးပေါင်းပါဝင်ပေးဖို့ကို ကျွန်တော်တို့အနေနဲ့က ပိုပြီးလိုလားပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ဆရာမိုးနီလွင်အနေနဲ့ ဇာတ်လမ်းဇာတ်ညွှန်းနဲ့ COVID-19 နဲ့ ဘယ်လိုများ ဆက်စပ်ပေးမလဲ။

**စာရေးဆရာ မိုးနီလွင်**

ကျွန်တော် ဒီရောဂါသတင်း စကြားတဲ့အချိန်ကတည်းက၊ အင်္ဂလန်တို့၊ ယူကေတို့၊ အီတလီတို့ ဖြစ်ကတည်းက ကျွန်တော် အပြင်သိပ်မထွက်ဖြစ်တော့ဘူး။ နေအိမ်မှာ သီးသန့်ထားရှိစောင့်ကြည့်ခြင်းလုပ်တယ်။ သို့သော်လည်း နေ့စဉ် အပြင်ကပြန်လာတဲ့ အစ်မဆေးရုံဆေးခန်းက ပြန်လာတဲ့ အခါအမေကလည်း ရှိတဲ့အခါကျတော့ အိမ်ထဲရောက်တာနဲ့ လက်ဆေး၊ အင်္ကျီလဲ ပြောရတယ်။ သူ့တစ်ယောက်တည်းအတွက် မဟုတ်ဘူး။ အိမ်က လူတွေအတွက်ပါ။ ကိုယ်က အတွေ့အကြုံရှိထားတော့ Vulnerable Person ကို စိုးရိမ်လို့ပြောပေမယ့် အပြင်ကလူတွေက မသိကြတာဖြစ်နေတယ်။ အပြင်ကလူတွေ ငါတို့ကတော့ သေမထူး၊ နေမထူး မကြောက်ဘူး ပြောနေတယ်။ သူ့ဘေးပတ်ဝန်းကျင်က လူကို ထိခိုက်သွားတယ်ဆိုတာ ပြည်သူလူထုက မသိကြဘူး။ Vulnerable Person ကို ကူးနိုင်တယ်။ သူတို့အတွက်က ပိုပြီးဆိုးနိုင်တယ်။

**ဒေါက်တာသန်းနိုင်စိုး**

ကျွန်တော်တို့ စကတည်းက MOHS ရဲ့ ဖေ့စ်ဘွတ်နဲ့ ဝက်ဘ်ဆိုက်ပေါ်မှာ လုပ်နေပြီး ဖေ့စ်ဘွတ်ပေါ်မှာတော့ နေ့တိုင်း အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပေးတယ်။ ၈ နာရီတစ်ကြိမ်၊ ၈ နာရီ ၁၅ ကြားထဲမှာ အရေးပေါ်တို့၊ ၁၀ နာရီ အချိန်တွေမှာ ထုတ်လွှင့်ပေးတယ်။ ပညာပေးတဲ့ဟာတွေဆိုလည်း တောက်လျှောက်ထွက်တယ်။ အဲဒီဟာကနေ Link ကနေ ဝင်လိုက်ရင်လည်း ကျွန်တော်တို့ ဝက်ဘ်ဆိုက်ထဲမှာ One Stop Service လုပ်ပေးထားတယ်။ အဲဒီနေရာမှာဆိုရင် ကျန်းမာရေးအသိပညာမြှင့်တင်တဲ့ စာရွက်စာတမ်းတွေ၊ ပညာပေးတဲ့ဟာတွေ အကုန်ရှိတယ်။ ကျွန်တော်တို့ရဲ့ သတင်းထုတ်ပြန်ချက်တွေ၊ လုပ်ငန်းဆောင်ရွက်ချက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက် အသံ၊ ဗီဒီယိုတွေ။ သီချင်းဆိုလည်း အဆိုတော်မနော၊ သွန်းတို့နဲ့ အသံဖိုင်လေး လုပ်ပြီးဖြန့်တယ်။ ကျေးလက်ဒေသကျတော့ လက်ကိုင်စပီကာလေးတွေနဲ့ အော်လို့ရအောင် လုပ်တယ်။

ပြည်သူတွေအားလုံးက တာဝန်ယူမှု၊ တာဝန်ခံမှုပေါ့။ ကိုယ်တိုင်သိပြီးတော့ ကြောက်နေတာထက်စာရင် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ဝိုင်းလုပ်ကြမယ်ဆိုလို့ရှိရင် ကျွန်တော်က ဒီဟာကို ထိခိုက်ရှုနာမှုအနည်းဆုံးနဲ့ ကျော်ဖြတ်နိုင်မှာပါ။ အဲဒီလိုမှမဟုတ်ဘဲနဲ့ ကြောက်ပြီးတော့ ကိုယ်လုပ်ရမယ့် အလုပ်တွေမလုပ်ဘဲနဲ့ အလွန်အကျွံလုပ်တယ်ပေါ့။ ဆရာပြောသလို ဒီမကြောက်ခြင်းနဲ့ ကြောက်ခြင်းရဲ့ကြားရှိနေတဲ့လူတွေကို အတော်ကြီး အလွန်အကျွံဖြစ်ပြီးတော့ ဖြစ်သွားတဲ့ဟာတွေ ကျတော့လည်း မကောင်းဘူး။ အစွန်းရောက်သွားတယ်။ မကြောက်ဘူးကွာ။ ဘာမှမဖြစ်ဘူး။ တို့ကတော့ သေရင်လည်း သေပလေ့စေဆိုတဲ့အထဲ ပါသွားတဲ့လူတွေကျတော့လည်း အလွန်အန္တရာယ်များတယ်။ အဲဒီတော့ ဒီနှစ်ခုကြားထဲမှာ ချိန်ပါ။ အဓိကကတော့ ကြောက်လာရင်လည်း ကြောက်ပါ။ ကျွန်တော်က မကြောက်ဘူးလို့လည်း မပြောဘူး။ ကမ္ဘာ့အခြေအနေနဲ့ကြည့်လိုက်ရင် ကြောက်စရာကြီး။ ဒီလိုကြောက်တဲ့အခါ အင်အားအဖြစ်ပြန်ပြီးအသုံးချပါ။ ကိုယ်တစ်ယောက်တည်း ရင်မဆိုင်ပါနဲ့။ မိသားစုနဲ့အတူ ရင်ဆိုင်ပါ။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ အတူ ရင်ဆိုင်ပါ။ လုပ်ရမယ့်အလုပ်တွေကို လုပ်ပါ။ ဖြစ်လာရင်လည်း သတင်းပို့ပြီး အတူတကွ ဝိုင်းဝန်းကူပြီးတော့ သူ့အသက်ကိုလည်း စောင့်ရှောက်သလို ပတ်ဝန်းကျင် အသိုင်းအဝိုင်းကိုလည်းမပျံ့နှံ့ဖို့ ဒါကတော့ ကျွန်တော်တို့ ထင်ပါတယ်။ ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှုရမယ့်ကိစ္စပါ။

**ဒေါက်တာခင်မောင်လွင်**

ကျွန်တော်တို့ဆွေးနွေးခန်းကို နိဂုံးချုပ်ပေ့ါလေ။ တေးသံရှင်တင်ဇာမော်ကိုမေးပြီး နိဂုံးချုပ်ချင်တယ်။ ဒီကနေ အင်္ဂလန်ကိုပြန်မယ်ဆိုရင် ဒီမှာဘာလုပ်မလဲ။ အင်္ဂလန်ပြန်ရောက်ရောက်ချင်းမှာ ဘာတွေလုပ်မလဲ။ COVID-19 နဲ့ပတ်သက်ပြီးတော့ နားထောင်ချင်ပါတယ်။

**အဆိုတော် တင်ဇာမော်**

မပြန်ခင်မှာရော၊ ပြန်ဖို့လိုနေသေးတဲ့အချိန်မှာရော၊ အရေးအကြီးဆုံးက မိမိကိုယ်ကို စောင့်ရှောက်ခြင်းဟာ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို စောင့်ရှောက်ခြင်းပါပဲ။ ကိုယ့်ကိုယ်ကိုယ် ဂရုတစိုက်နဲ့ ကိုယ့်ရဲ့လှုပ်ရှားပြုမူအားလုံးကို ဂရုစိုက်မယ်ဆိုရင် ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ဂရုစိုက် ကယ်တင်တာနဲ့ အတူတူပါပဲ။ အခုလိုမျိုးဖြစ်နေတဲ့ အချိန်မှာ အထူးဂရုပြုပြီးတော့ နေထိုင်မယ်၊ ဆင်ခြင်မယ်၊ ကိုယ့်ကိုယ်ကိုယ် သံသယရှိသည်ပဲဖြစ်စေ၊ နေမကောင်းဖြစ်လာသည်ပဲဖြစ်စေ၊ ချောင်းဆိုးနှာချေတာ လိုတာထက်၊ ပုံမှန်ထက် ပိုပြီးတော့ပဲဖြစ်စေ ဖြစ်လာရင်တော့ နီးစပ်ရာ ဆရာဝန်၊ ဆေးရုံ၊ ကျန်းမာရေးဌာန တစ်တိုင်းပြည်လုံးမှာ ရှိပါတယ်။ ကိုယ်လည်း ပြည်သူပြည်သားထဲက တစ်ယောက်ဆိုတော့ ကိုယ်လည်းသွားပြီးတော့ စစ်ဆေးမယ်၊ တွေ့သွားမလား၊ စစ်လိုက်လို့ တွေ့သွားရင်ဆိုတဲ့ စိတ်မျိုးမရှိဖို့ အရေးကြီးပါတယ်။ ကိုယ့်အသက်ကို ကာကွယ်စောင့်ရှောက်တာဟာ ပတ်ဝန်းကျင်၊ တစ်ကမ္ဘာလုံးကို စောင့်ရှောက်တာ၊ ကာကွယ်တာနဲ့ အတူတူပါပဲ။ မပြန်ခင်မှာ ကိုယ့်ကိုယ်ကိုယ် အဲဒီလို နေထိုင်ကျင့်သုံးသွားပါမယ်။ ကိုယ့်ရဲ့ပတ်ဝန်းကျင်က လူအားလုံးကိုလည်း အသိပညာပေးဝေမယ်။ အားပေးမယ်။

အကယ်၍ ဖြစ်ပြီဆိုရင်လည်း ရင်ဆိုင်ပြီး စိတ်ရှည်ရှည်နဲ့ ဖြေရှင်းမယ်။ ကိုယ့်မှာရှိနေတဲ့ ရောဂါကို သူများရမသွားအောင်လို့၊ ကိုယ့်ရဲ့အိမ်ထဲမှာ နေတယ်ဆိုပေမယ့်လည်း၊ ဘယ်သူနဲ့မှ ထိတွေ့မှုမဖြစ်ဘူး ဆိုပေမယ့်လည်း အိမ်သားတွေထဲက အပြင်မှာ အလုပ်လုပ်ပြီး ပြန်လာတဲ့သူတွေ ပါနေ ရှိနေမှာပဲ။ အနည်းဆုံးတော့ တစ်ယောက်ယောက်က ဈေးကိုတော့ သွားလိုက်မှာပဲ။ ဈေးထဲကနေပြီးတော့လည်း ပိုက်ဆံတွေ ထိတွေ့မယ်။ ကိုင်တွယ်မယ်ဆိုတော့ အိမ်ထဲမှာနေတဲ့သူတွေကလည်း အိမ်ထဲမှာနေလို့ဆိုပြီးတော့ လက်လွတ်စပယ် မနေမိလိုက်ကြပါနဲ့။ ကိုယ်ကိုယ်တိုင် တစ်ဦးတည်းသုံးမယ်ဆိုရင် မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါ ကောင်းပါတယ်။ အများသုံးမယ်ဆိုရင်လည်း အိမ်သူအိမ်သားတွေ အချင်းချင်းပဲဆိုတဲ့စိတ်နဲ့ လက်လွတ်စပယ် အတူတူသုံးတာ၊ လက်သုတ်ပဝါတွေကို လက်ဆေးပြီးတိုင်း တစ်ခုတည်း သုံးတာမျိုးမဖြစ်မိဖို့ အရေးကြီးတယ်လို့ မြင်မိပါတယ်။ အတတ်နိုင်ဆုံး Kitchen Towel သို့မဟုတ်လည်း တစ်ရှူးပုံးလေး ဆောင်ထားဖို့။ ကိုယ့်ကိုယ်ပိုင် လက်သုတ်ပဝါ၊ မျက်နှာသုတ်ပဝါလေးတွေ သီးသန့်ထားပြီး နေ့စဉ် လျှော်ပေးဖို့၊ ဒီနိုင်ငံက နေပူတော့လည်း အခြောက်မြန်တော့ အများကြီးကောင်းပါတယ်။ အေးတဲ့ တိုင်းပြည်ဒေသတွေထက်စာရင် နေရောင်ခြည်လည်း ထိတွေ့နိုင်တယ်။ အဲဒီလိုနည်းနဲ့ နေပါမယ်ရှင့်။

ဟိုပြန်ရောက်တဲ့အခါကျရင်လည်း သေချာပါတယ်။ အရင်ဆုံးတော့ ပြည်ဝင်ခွင့်စစ်မှာပါ။ စစ်တဲ့အခါကျရင် ကိုယ်က ရောဂါကင်းရှင်းတယ်လို့ သူတို့ယူဆမှပဲ ပေးလွှတ်မယ်လို့ ယုံကြည်ပါတယ်။ အကယ်၍များ ကိုယ်က စောစာကပြောသလို အမျိုးသားရဲ့အလုပ်ထဲကလိုမျိုး လွတ်ထွက်လာတဲ့သူတွေထဲက တစ်ယောက်ဖြစ်ရင် ဘယ်လိုလုပ်မလဲ။ အဲဒီလိုမျိုး တွေးမိပါတယ်။ အဓိက အရေးကြီးဆုံးကတော့ ရောဂါက ကူးကူးပြီးချင်းလည်း ဘာမှ ရုတ်တရက်မပြဘဲနဲ့ သူက ဖြန့်ဝေနိုင်တဲ့ ဗိုင်းရပ်စ်မျိုး ဖြစ်နေတာဆိုတော့ အတတ်နိုင်ဆုံးတော့ ကိုယ့်ရဲ့ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဂရုစိုက်မှု အဲဒါနဲ့ နေပါမယ်။ အားလုံးကို သတိပေးချင်တာကတော့ မစိုးရိမ်ပါနဲ့၊ မကြောက်ရွံ့ပါနဲ့။ ဒါပေမယ့်လည်း လက်လွတ်စပယ်လည်း မနေမိပါစေနဲ့။ အထူးဂရုစိုက်ပါလို့ ပြောလိုပါတယ်။

**ဒေါက်တာခင်မောင်လွင်**

ကျွန်တော်တို့ဆွေးနွေးခန်းဟာ လက်တွေ့ဘဝထဲမှာ တစ်ယောက်ကိုတစ်ယောက် ဘယ်လိုဂရုစိုက်ကြမလဲဆိုတဲ့ အကြောင်းအရာပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးကြတာဖြစ်ပါတယ်။ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ မိမိရဲ့ ချစ်ခင်တဲ့ မြတ်နိုးတဲ့ အပေါင်းအသင်း၊ မိတ်ဆွေ၊ မိသားစု အားလုံးကိုလည်း ဂရုစိုက်ပါ။ မိမိနေတဲ့ဒေသနဲ့ မိမိနိုင်ငံအပေါ်မှာလည်း ဂရုစိုက်ခြင်းဆိုတဲ့ ဂရုစိုက်မှုကို စနစ်တကျ ပြုလုပ်မယ်ဆိုရင် ကျွန်တော်တို့တွေ ဘေးဆိုး၊ ကပ်ဆိုး၊ အန္တရာယ်ဆိုးက အားလုံးအတူတကွ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့က COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် လိုအပ်သည့်ဆေးပစ္စည်းကိရိယာများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် မတ် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့က COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် လိုအပ်သည့်ပစ္စည်းများ လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တရုတ်နှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများကို တရုတ်သံရုံး သံမှူးကြီး မစ္စလီရှောင်ယန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်ထံမှ လှူဒါန်းထားသော Detection Kits ၂၀၀၀ ကျော်၊ PPE အစုံ ၅၀၀၀၊ N95 Mask ၅၀၀၀၊ Surgical Mask နှစ်သိန်း အစရှိသည့်ပစ္စည်းများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်း ကိုယ်စား Mr. Ron Aung က N95 Mask တစ်သိန်း၊ Detection Kits ၂၈၀၀၀ တို့အား ပေးအပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

သတင်းစဉ်



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

# COVID-19 နှင့်ပတ်သက်၍ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များ၏ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်

ကမ္ဘာတစ်ဝန်း COVID–19 ရောဂါကူးစက်ပျံ့နှံ့မှုသည် မြန်ဆန်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၌ အစိုးရအဖွဲ့အစည်းများက ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဒေသများရှိ အရပ်ဘက်အဖွဲ့အစည်းများက ကျန်းမာရေးအသိပညာပေးနှိုးဆော်ရေးအစီအစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ထို့အတူ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များကလည်း COVID–19 ရောဂါနှင့်ပတ်သက်၍ အသိပညာပေးနှိုးဆော်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြပါသည်။



## ဇော်ပိုင်

“ချောင်းဆိုး၊ နှာချေသည့်အခါမှာ တစ်ခါသုံးတစ်ရှူးကို အသုံးပြုပြီး နှာခေါင်းနှင့် ပါးစပ်ကို လုံအောင် ဖုံးအုပ်ပါ။ သုံးပြီးသား တစ်ရှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။ လက်ကို စနစ်တကျ သန့်ရှင်းအောင် ဆေးကြောပါ။



## ဆောင်းအိန္ဒြေထွန်း

“မိမိကြောင့် မိမိ၏ မိသားစု၊ မိတ်ဆွေအပေါင်းအသင်းများကို မကူးစက်ပါစေနှင့်။



## စိုးပြေမြင့်

“ဖျားနာ၊ ချောင်းဆိုး၊ နှာချေနေသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြပါ။



## လပြည့်

“ဘတ်(စ်)ကား၊ ရုပ်ရှင်ရုံ၊ လေယာဉ်ပျံ၊ စုဝေးခန်းမ၊ လူစည်ကားသောနေရာများ၊ လေဝင် လေထွက် မရှိသည့်နေရာများကို သွားလာခြင်းမှ ရှောင်ကြဉ်ပါ။



# COVID-19 ရောဂါကာကွယ်ရေး ညောင်လေးပင်မြို့ရှိ ဘဏ်၊ ရုံးဌာန၊ ဈေးတို့၌ ပိုးသတ်ဆေးဖျန်း

**ညောင်လေးပင် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့တွင် COVID–19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ COVID–19 ရောဂါကူးစက်ပြန့်ပွားမှုသည် လူစုလူဝေးမှ တစ်ဆင့် လျင်မြန်စွာကူးစက်နိုင်သဖြင့် လူစုလူဝေးနှင့် လူအသုံးပြုများသော ဘဏ်များ၊ ရုံးဌာနများနှင့် ဈေးတို့၌ မတ် ၂၉ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ညောင်လေးပင်မြို့ပေါ်ရှိ ဘဏ်များနှင့် ရုံးဌာနများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏စီစဉ်မှုဖြင့် လူငယ်စေတနာ့ဝန်ထမ်း ၁၅ ဦးက ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်သာယာရေးအဖွဲ့တို့၏ စီစဉ်မှုဖြင့် ညောင်လေးပင်မြို့မဈေး၊ မဒေါက်မြို့စည်ပင်သာယာဈေး၊ ပြွန်တန်ဆာမြို့ စည်ပင်သာယာဈေးနှင့် ပိန်းဇလုပ်မြို့ စည်ပင်သာယာဈေးတို့၌ ညနေ ၄ နာရီတွင် သက်ဆိုင်ရာဈေးဝန်ထမ်းများက တစ်ပြိုင်နက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးတာဝန်ခံများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်(ညောင်လေးပင်)**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**



## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၃၀**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ တစ်ဦးချင်း အလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ လှူဒါန်းမှုများကို လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းထွန်းက မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ကျန်းမာရေးအတွက် လိုအပ်သည်များကို နိုင်ငံသားများ ပီသစွာဖြင့် ပါဝင်လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယခုအခါ ချမ်းသာကြွယ်ဝပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများတွင် COVID–19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုများဖြစ်ပွားနေသည်ကို တွေ့ရှိနေရပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၌ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အစိုးရနှင့် ပုဂ္ဂလိက လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား “အရေးကြီးပြီ သွေးစည်းကြစို့” ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့်လည်း တတ်အားသရွေ့၊ အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများ၏ လှူဒါန်းငွေများကို Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်း လုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် မိမိကိုယ်ကို ရောဂါမကူးစက်စေရန်နှင့် မိမိမှတစ်ဆင့် အခြားသူများထံ ရောဂါမကူးစက်စေရန် နည်းလမ်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် ထိရောက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးတို့က လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ကျောက်မျက်ကုမ္ပဏီများက ငွေကျပ် ၄၁၀၀ ဒသမ ၅ သိန်းနှင့် ၁၄၂ ဒသမ ၆ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကိုလည်းကောင်း၊ TZTM Group of Companies and Mingalar Thiri Hotel မိသားစုက ငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း၊ Mya Htike Company Limited မိသားစုက ငွေကျပ် ၁၆၄ ဒသမ ၈ သိန်းနှင့် ဆေးရုံသုံးပစ္စည်းများကို လည်းကောင်း၊ J– Mr. Yan Changzhi ZTE Co.,Ltd က ငွေကျပ် ၁၁၂ သိန်းတန်ဖိုးရှိ test kit များကိုလည်းကောင်း၊ ရွှေပြည့်စုံသင်္ကန်းပိတ်လိပ်ဖြန့်ချိရေးမိသားစုက ငွေကျပ် ၃၀ ဒသမ ၆ သိန်း ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။

**သတင်းစဉ်**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့် ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့ (၁၅:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃၀ – ၃ – ၂၀၂၀)(၁၅:၃၀)နာရီ

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁ | မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် | ၁၀၀၀.၀၀ |
| ၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များ၏ စုပေါင်းအလှူ | ၅၀၀.၀၀ |
| ၃ | ဦးသက်လင်း+ဒေါ်သီသီတင်(TZTM Group of Companies and Mingalar Thiri Hotel, Nay Pyi Taw)မိသားစု | ၃၀၀.၀၀ |
| ၄ | ကံပွင့်ဦးကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၅ | ရတနာရောင်ခြည်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၆ | မြဥယျာဉ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၇ | နေမင်းကမ္ဘာကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၈ | ရောရတနာကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၉ | မြန်မာသူရကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၀ | ချောင်းဘရားသားစ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၁ | ကချင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၂ | ယူနတီ ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၃ | ရတနာကြယ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၄ | ပိုင်ဖြိုးသီဟကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၅ | ကျောက်မျက်ရွှေပြည်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၆ | မျိုးနွယ်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၇ | လင်းလက်ဝင်းကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၈ | ရတနာအဓိပတိကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၁၉ | ရတနာဆင်သီရိကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၂၀ | ကျောက်စိမ်းသစ်ရွက်ကျောက်မျက်ကုမ္ပဏီ | ၁၇၆.၅၀ |
| ၂၁ | Mya Htike Company Limited မိသားစုနှင့် သူငယ်ချင်းများ | ၁၆၄.၈၀ |
| ၂၂ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁၀၀.၀၀ |
| ၂၃ | တရုတ်ပြည် ပညာတော်သင်ကျောင်းသူကျောင်းသားများ စုပေါင်းအလှူ | ၇၈.၄၀ |
| ၂၄ | ပတ္တမြားနဂါးကျောက်မျက်ကုမ္ပဏီ | ၅၀.၀၀ |
| ၂၅ | ကျောက်စိမ်းနဂါးကျောက်မျက်ကုမ္ပဏီ | ၅၀.၀၀ |
| ၂၆ | ဦးသိန်းထွန်း+သုဓမ္မသိင်္ဂီဒေါ်ခင်အုံး ရွှေပြည့်စုံသင်္ကန်းပိတ်လိပ်ဖြန့်ချိရေးမိသားစု | ၃၀.၀၀ |
| | **စုစုပေါင်း** | ၅၂၇၃.၇၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019(COVID–19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

## COVID-19 ရောဂါ ကာကွယ်ကုသရေး သမဝါယမအသင်းများက အလှူငွေပေးအပ်

**ဂန့်ဂေါ မတ် ၃၀**

COVID–19 ရောဂါကာကွယ်ကုသရေးအတွက် သမဝါယမအသင်းများက အလှူငွေပေးအပ်ပွဲကို မတ် ၃၀ ရက် မွန်းလွဲပိုင်းတွင် ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်က ငွေကျပ် သုံးသိန်း၊ မြောက်ကုန်းရပ်ကွက်အားမာန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်က ငွေကျပ် ခုနစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ COVID–19 ရောဂါ ကာကွယ်ကုသရေး မြို့နယ်အဆင့်ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

**စိန်ကျော်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ COVID - 19 အတည်ပြုလူနာနှစ်ဦး၏ မိသားစုဝင်များကို အိမ်အတွင်း၌သာ နေထိုင်ရန် ကန့်သတ်ထား

**ရန်ကုန် မတ် ၃၀**

မင်္ဂလာတောင်ညွန့်မြို့နယ်မှ ငါးယောက်မြောက် COVID – 19 အတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံခဲ့သည့် ၎င်း၏ သားဖြစ်သူ ၁၀ ယောက်မြောက် COVID – 19 အတည်ပြုလူနာတို့၏ မိသားစုဝင်များအား နေအိမ်အတွင်း၌သာ နေထိုင်ရန် အသွားအလာကန့်သတ်ထားကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်က ပြောသည်။

**စောင့်ကြည့်စစ်ဆေး**

"အခုနောက်ထပ်တွေ့တဲ့ Case–10 လူနာက Case–05 လူနာရဲ့ သားအရင်းပါ။ လောလောဆယ်တော့ သူတို့မိသားစုနေရာကို ကန့်သတ်ထားတယ်၊ တကယ်လို့ သူတို့ စားစရာတွေ၊ ဆေးဝါးတွေ လိုတယ်ဆိုရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် ပရဟိတအဖွဲ့တွေက ကူညီပေးမှာပါ။ တိုက်တစ်တိုက်လုံးမှာ သူတို့မိသားစု အပါအဝင် အမျိုးတွေစုနေတာ အယောက် ၂၀ လောက်ရှိတယ်၊ အဲဒီထဲကမှ သူ့အမျိုးသမီး၊ သူ့သားရယ်၊ သမက်ရယ်က ဝေဘာဂီ ဆေးရုံမှာ စောင့်ကြည့်စစ်ဆေးနေတာ၊ အခု သူ့သားကတော့ အတည်ပြုလူနာဖြစ်သွားပြီ၊ ကျန်တဲ့လူတွေကိုလည်း အိမ်မှာပဲ စောင့်ကြည့်စစ်ဆေးမှုတွေ ဆက်လက်ဆောင်ရွက်နေပါတယ် " ဟု ဦးရန်အောင်က ပြောသည်။

ယခုအခါ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက်အားလုံးကို ကျန်းမာရေးအသိပညာပေးခြင်းနှင့် ဆေးဖျန်းခြင်းတို့ကို ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီကိစ္စဖြစ်လာတော့လည်း အားလုံးပူးပေါင်းရင်ဆိုင်ကြရမယ့် အခြေအနေရှိပါတယ်။ ဒီရောဂါက ဖြစ်လာပြီဆိုရင် ဖြစ်တဲ့ သူတိုင်းတော့ အသက်သေဆုံးတာ မဟုတ်ပါဘူး။ အဲဒီအတွက် ကိုယ့်ရဲ့ဆင်ခြင်တုံတရားနဲ့ ချင့်ချိန်ပြုမူနေထိုင်ဖို့လိုပါတယ်။ ကြိုတင်ကာကွယ်တဲ့နည်းကလည်း သိပ်ပင်ပန်းတဲ့ ကိစ္စ မဟုတ်ပါဘူး။ လိုအပ်မှအပြင်ထွက်ပါ၊ အပြင်ကပြန်လာရင်လည်း လက်ကိုသေချာဆေးကြောတာတွေ၊ သန့်ရှင်းရေးလုပ်တာတွေကို မပျက်လုပ်မယ်ဆိုရင် ကာကွယ်နိုင်ပါတယ်" ဟု ဦးရန်အောင်က ပြောသည်။

**အေးမင်းသူ**

## တပ်ကုန်းခုတင်(၁၀၀)ဆေးရုံသို့ COVID-19 ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**တပ်ကုန်း မတ် ၃၀**

နေပြည်တော် တပ်ကုန်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ၌ Coronavirus Disease 2019 (COVID–19) ရောဂါ ကူးစက်ပြန့်ပွားမှု မရှိရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းကို မတ် ၂၉ ရက် ညနေ ၅ နာရီခွဲက အဆိုပါဆေးရုံ၌ ကျင်းပသည်။

အဆိုပါပစ္စည်းများ လှူဒါန်းရာတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထောက်အကူပြုကော်မတီတို့ ဦးဆောင်ပြီး မြို့သူ မြို့သားများ၊ စေတနာရှင်ပြည်သူများ စုပေါင်းငွေဖြင့် တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ အထည် ၃၀ နှင့် အပူချိန်တိုင်းကိရိယာတစ်ခုအား မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**တင်စိုးလွင်(ပြန်/ဆက်)**

## အင်းတော်မြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးကြီးကြပ်မှုကော်မတီက စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

**အင်းတော် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် မတ် ၃၀ ရက် မွန်းလွဲပိုင်းက ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စားသောက်ဆိုင်များ၊ ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင် စားပွဲ၊ ထိုင်ခုံများ သိမ်းဆည်းထားမှု ရှိ၊ မရှိ၊ ပါဆယ်စနစ်ဖြင့် ရောင်းချမှု ရှိ၊ မရှိ၊ ညွှန်ကြားချက်များကို လိုက်နာမှု ရှိ၊ မရှိ လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြိုတင်ကာကွယ်ထိန်းချုပ်**

အလားတူ ယင်းနေ့နံနက်ပိုင်းက ဗန်းမောက်မြို့နယ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် အလှူရှင်လူငယ်များက အလှူငွေများနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကော့ကရိတ်မြို့၌ ရေသန့်စက်ရုံများအားစစ်ဆေး

**ကော့ကရိတ် မတ် ၃၀**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် တရားဝင်ရေသန့်စက်ရုံ သုံးရုံရှိပြီး ရေသန့်စက်ရုံမှရေသန့်ဘူးများကို မြို့တွင်းသို့ ဖြန့်ချိရောင်းချပေးပို့လျက်ရှိရာ ပြည်သူများအနေဖြင့် COVID–19 ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကော့ကရိတ်မြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးဦးဝင်းနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးရဲလင်းဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်စိန်၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသက်လွင်တို့သည် မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ရေသန့်စက်ရုံသို့သွားရောက်၍ စစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ကော့ကရိတ်မြို့နယ်အတွင်းရှိ ပုလဲရတီရေသန့်၊ မိုးကြယ်စင်ရေသန့်၊ စိန်နဂါးရေသန့်စက်ရုံရှိ ဝန်ထမ်းများလုပ်သားဝတ်စုံဝတ်ဆင်ထားရှိမှုရှိ–မရှိ၊ နှာခေါင်းစည်းများ တပ်ဆင်ဆောင်ရွက်မှု ရှိ မရှိ၊ ရေသန့်ဘူးထားသိုမှု၊ သန့်ရှင်းစွာဆောင်ရွက်မှုရှိ–မရှိတို့ကိုစစ်ဆေးဆောင်ရွက်ခဲ့ပြီး COVID–19 ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**ခင်မျိုးဝင်း(ခရိုင်ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ ဆည်ရေကန်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၅၀၀ စိုက်ပျိုး

**မိတ္ထီလာ မတ် ၃၀**

မိတ္ထီလာမြို့နယ်၌ ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧက ၅၀၀ သာ စိုက်ပျိုးနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသဝမ်းစာဖူလုံရေးအတွက် မြို့နယ်အတွင်းရှိဆည်ရေသောက်ရရှိသော နေရာများတွင် နွေစပါးများကို နှစ်စဉ်စိုက်ပျိုးကြသော်လည်း မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးရန် ရေပေးဝေလျက်ရှိသည့် မိတ္ထီလာကန်၊ ချောင်းကောက်ဆည်၊ မုန်တိုင်ဆည်၊ ညောင်ကုန်းတမံ၊ လက်ခုပ်ပင်တမံ၊ လွန်ငင်ဆည်၊ ရှမ်းမငယ်ဆည်နှင့် မြင်တော်ကန်စသည့်ဆည်များ၊ ကန်များမှာ ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါး၍ မိုးရေဝင်ရောက်မှုနည်းပါးသည့်အတွက် နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိဘဲ မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်ရေများဖြင့် နွေစပါးစိုက်ဧက ၅၀၀ သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးလေးမောင်မောင်ထက်က ပြောသည်။

ထိုသို့ နွေစပါးများစိုက်ပျိုးရာတွင် မိတ္ထီလာကန်ရေဖြင့် လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်၊ ထမုန်ကန်၊ စက်ပစ်တောင်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် စိုက်ဧက ၃၀၀ စိုက်ပျိုးပြီး ချောင်းကောက်ဆည်ရေဖြင့် ဒဟတ္တန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် စိုက်ဧက ၁၀၀ နှင့် မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်၊ သီးကုန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် စိုက်ဧက ၁၀၀ စိုက်ပျိုးနိုင်ခဲ့သည်။

ယင်းသို့စိုက်ပျိုးရာတွင် စပါးတစ်ဧကအထွက်နှုန်းတိုးတက်စေရေးတို့အတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျင့်သုံးစေပြီး ပြောင်းလဲလာသည့်ရာသီဥတုနှင့်အညီ ဒေသနှင့်ကိုက်ညီသည့် သက်တမ်းတိုမျိုးများစိုက်ပျိုးစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံလယ်သမားများနှင့် ပူးပေါင်း၍ စိုက်ပျိုးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## နတ်မောက်သရက်သီး ဈေးကောင်းရ

**ရေနံချောင်း မတ် ၃၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ နတ်မောက်မြို့နယ်ထွက်သရက်သီးစိမ်းများကို ပွဲစားများ မော်တော်ကားများဖြင့် လိုက်လံဝယ်ယူလျက်ရှိရာ သရက်သီးများအထွက်ကောင်းမွန်သောကြောင့် ဈေးကောင်းရနေကြောင်း သိရသည်။

"သရက်ခြံတွေမှာ သရက်သီးစိမ်း သီးနှံမှာ အပင်အနေအထားမူတည်ပြီး တစ်ပင်မှာ ဆယ်တင်းကနေ ဆယ့်ငါးတင်းထွက်တယ်၊ ယခင်နှစ်ကထက် သုံးတင်း ပိုထွက်တဲ့အပြင် ဈေးကလည်းယခင်နှစ်မှာသရက်သီးစိမ်းတစ်တင်းကျပ် ၈၀၀၀ ရှိရာက ယခုနှစ်မှာကျပ် ၁၂၀၀၀ ဝန်းကျင် ရောင်းနေရတယ်။ သရက်ခြံတစ်ခြံကို ကျပ်သုံးသိန်းအထိရကြတာကြောင့် ဝင်ငွေရတယ်"ဟု ရေနံချောင်းမြို့နယ် ဒေသခံသရက်ခြံ ပိုင်ရှင် ကိုညွန့်နွယ်က ပြောသည်။

နှစ်စဉ်တန်ခူးလကစပြီး သရက်သီးစိမ်းကို သရက်ချဉ်လုပ်ငန်းများ၊ သရက်သီးကုလားဒယ်လုပ်ငန်းများ၊ သရက်ယိုစုံလုပ်ငန်းများက အဓိကကုန်ကြမ်းအဖြစ် ဝယ်ယူကြခြင်းဖြစ်သည်။

အညာတွင်သရက်သီးကို ခါးဖြင့်ပေါက်ပြီး စဉ့်အိုးကြီးများ၌ သိပ်လှောင်ကာ သရက်ချဉ်အရောင်းဆိုင်များ အလှူပွဲများသို့ ရောင်းချကြသည်။

**ဆန်းညွန့်(ရေနံချောင်း )**

■



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အင်းမမြို့ ကွေ့ကြီးကျေးရွာဓမ္မာရုံတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စွာလင်းဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မတ် ၂၃ ရက်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## COVID-19 ကာကွယ်ရေး လုပ်ငန်းသုံးပစ္စည်းများလှူဒါန်း

**ဟသ်ာတ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် COVID–19 ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ပြည်ပမှပြန်လာသူများကို အသွားအလာကန့်သတ်မှုပြုလုပ်ပြီး ၁၄ ရက် စောင့်ကြည့်ခြင်းများဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပရဟိတလူငယ်များအဖွဲ့က တလုတ္တော်မြို့ (သမိုင်း–မူလွန်) ကျောင်းရှိ COVID–19 ၁၄ ရက် စောင့်ကြည့်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ကာကွယ်ရေးပစ္စည်းများ လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့က တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ N95 အခု ၈၀ ၊ နှာခေါင်းစည်း အခု ၁၀၀ နှင့် လက်အိတ် ၆၄ စုံတို့အား စောင့်ကြည့်စစ်ဆေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် အသုံးပြုရန် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်**
**(ပြန်/ဆက်)**

✻ မန်ယူအသင်းနည်းပြမှ

နည်းပြဆိုးရှားအနေနဲ့ ကွင်းလယ်ကစားသမားပေါ့ဘာကို ဂျူဗင်တပ်အသင်းဆီပြောင်းရွှေ့ခွင့်ပေးပြီး ဂျူဗင်တပ်အသင်းမှ ရမ်ဆေးကို အိုးထရက်ဖို့ဒ်ဆီ ပြန်လည်ခေါ်ယူဖို့စီစဉ်နေတာလည်း ဖြစ်ပါတယ်။ ရမ်ဆေးဟာ အာဆင်နယ်အသင်းနဲ့ စာချုပ်သက်တမ်းကုန်ခဲ့လို့ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

### ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်ခဲ့ရ

ဒါပေမယ့် အသက် ၂၉ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရမ်ဆေးဟာ နည်းပြဆာရီရဲ့လက်ထက် ဂျူဗင်တပ်အသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရဖို့ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ နည်းပြဆာရီရဲ့ လက်အောက်မှာ ရမ်ဆေးအနေနဲ့ အီတလီစီးရီးအေပွဲစဉ်ကိုးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး သွင်းဂိုး သုံးဂိုးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းက ရမ်ဆေးကို ကာဒစ်စီးတီးလူငယ်အသင်းကနေ ခေါ်ယူခဲ့တာဖြစ်ပြီး အဲဒီမတိုင်ခင် ၂၀၀၈ ခုနှစ်က မန်ယူအသင်းကို ရောက်ရှိလာဖို့ နီးစပ်မှုရှိခဲ့တာလည်းဖြစ်ပါတယ်။ အာဆင်နယ်အသင်းနဲ့အတူ ရမ်ဆေးဟာ ၁၁ နှစ်ကြာဖြတ်သန်းခဲ့တာဖြစ်ပြီး ပွဲပေါင်း ၃၅၀ ကျော် ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီကာလအတွင်းမှာ ရမ်ဆေးအနေနဲ့ အာဆင်နယ်အသင်းနဲ့အတူ အက်ဖ်အေဖလား သုံးကြိမ်ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ အိုးထရက်ဖို့ဒ်မှာ ပေါ့ဘာရှိနေတာထက် ရမ်ဆေးကို ပိုပြီးမျှော်လင့်တယ်လို့လည်း ဆိုပါတယ်။ မန်ယူအသင်းဟာ ဇန်နဝါရီဈေးကွက်အတွင်းက စပို့တင်းလစ္စဘွန်းအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပြီး ပေါ့ဘာနဲ့အတူ မန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းမှာ ခြေစွမ်းပြကစားနေတာဖြစ်ပါတယ်။ ဒါပေမယ့် မန်ယူအသင်းက ကွင်းလယ်ကစားသမားပေါ့ဘာကို လုံလောက်တဲ့ ကမ်းလှမ်းမှုတစ်ရပ်လက်ခံရရှိခဲ့မယ်ဆိုရင် ပေါ့ဘာကို ရောင်းချသွားဖို့ အသင့်ရှိနေတယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

**ငွေကြယ် - စုစည်းသည်**

## ဘာစီလိုနာတွင် ကျောနံပါတ်ခုနစ်ကို ဝတ်ဆင်ကစားလိုကြောင်း ဂရစ်ဇ်မန်းပြောကြား

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ဘာစီလိုနာအသင်းမှာ ကျောနံပါတ်ခုနစ်ကို ဝတ်ဆင်ကစားလိုကြောင်း ပြောကြားခဲ့ပြီး နျူးကမ့်မှာ ကာလရှည်ကစားလိုကြောင်း ပြောကြားလာပါတယ်။ ဂရစ်ဇ်မန်းဟာ လက်ရှိမှာ ကျောနံပါတ် ၁၇ ကိုဝတ်ဆင်ခွင့်ရရှိထားတာ ဖြစ်ပါတယ်။

ပြင်သစ်ကြယ်ပွင့် ဂရစ်ဇ်မန်းဟာ ပြီးခဲ့တဲ့နှစ်က အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ဘာစီလိုနာအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၁၀၇ သန်း(ယူရိုသန်း ၁၂၀)နဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ပထမရာသီမှာ ရုန်းကန်ခဲ့ရတာလည်းဖြစ်ပါတယ်။ ဂရစ်ဇ်မန်းဟာ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါ ပွဲစဉ် ၂၆ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး သွင်းဂိုးရှစ်ဂိုးသွင်းယူပေးထားတာဖြစ်ပါတယ်။

လက်ရှိမှာ ဘာစီလိုနာအသင်းအနေနဲ့ တိုက်စစ်ပိုင်းအတွက် အင်တာမီလန်အသင်းတိုက်စစ်မှူး မာတီနက်ဇ်နဲ့ ပီအက်စ်ဂျီအသင်းကနေ ပြန်လည်ရောက်ရှိလာဖို့ရှိနေတဲ့ တိုက်စစ်မှူးနေမာတို့ကို ခေါ်ယူမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေတာဖြစ်ပါတယ်။



အသက် ၂၉ နှစ်အရွယ်ရှိ ဂရစ်ဇ်မန်းဟာ ကော်တင်ဟိုဝတ်ဆင်နေတဲ့ ကျောနံပါတ်ခုနစ်ကို ဝတ်ဆင်ခွင့်ရဖို့ ဆန္ဒရှိနေတာဖြစ်ပြီး လက်ရှိမှာကော်တင်ဟိုဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ အငှားနဲ့သွားရောက်ကစားနေတဲ့အပြင် ဘာစီလိုနာအသင်းကလည်း ကော်တင်ဟိုကို ရောင်းချဖို့မျှော်လင့်ထားတာ ဖြစ်ပါတယ်။

## အာဆင်နယ်မှ ထွက်ခွာခဲ့ရတဲ့ နောက်ကွယ်ကအမှန်တရားကို ဆက်ဂ်ညာ ထုတ်ဖော်ပြောကြား

နောက်တန်းကစားသမား ဆက်ဂ်ညာဟာ ၂၀၁၄ ခုနှစ်က သူချစ်တဲ့ အာဆင်နယ်အသင်းကနေ ထွက်ခွာခဲ့ရတာနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးချိန်မှာ ကလပ်အသင်းရဲ့ မလိုလားမှုတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် ဆက်ဂ်ညာအနေနဲ့ အာဆင်နယ်အသင်းက နေထွက်ခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

ညာနောက်ခံ ကစားသမား ဆက်ဂ်ညာဟာ ၂၀၀၇ ခုနှစ်မှာ လန်ဒန်မြေကို ရောက်ရှိလာခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းရဲ့ ညာခြမ်းခံစစ်မှာ အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်မှာ အကောင်းဆုံး နောက်တန်းကစားသမားတွေထဲက တစ်ဦးအဖြစ် နာမည်ရလာခဲ့တာ ဖြစ်ပါတယ်။

နောက်တန်း ကစားသမား ဆက်ဂ်ညာဟာ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်တို့မှာ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားစာရင်းဝင်ဖြစ်ခဲ့ပြီး အာဆင်နယ်အသင်းမှာ ခုနစ်နှစ်ကြာ ဖြတ်သန်းခဲ့ရာမှာတော့ ပွဲစဉ် ၂၈၄ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ခဲ့ပြီး မန်စီးတီးအသင်းနဲ့အတူ သုံးနှစ်ကြာဖြတ်သန်းခဲ့ပြီး နောက် ၂၀၁၇ ခုနှစ်မှာ အီတီဟက်ဒ်ကို စွန့်ခွာခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဆက်ဂ်ညာဟာ အာဆင်နယ်အသင်းကနေ ထွက်ခွာဖို့ထက် ဆက်နေဖို့အခွင့်အလမ်းမသာခဲ့လို့သာ အာဆင်နယ်အသင်းနဲ့ လမ်းခွဲခဲ့ရတာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။

ဆက်ဂ်ညာဟာ မွန်ရီးယဲလ်အသင်းနဲ့အတူ နှစ်ရာသီကြာဖြတ်သန်းခဲ့ပြီး လက်ရှိမှာ အသင်းလက်မဲ့ဖြစ်နေသူလည်းဖြစ်ပါတယ်။ လတ်တလော အခြေအနေကတော့ ဆက်ဂ်ညာဟာ သူ့ရဲ့မိသားစုနဲ့အတူ ကနေဒါမှာ နေထိုင်နေတာပဲဖြစ်ပါတယ်။

## အနုပညာ

## ရီတာအော်ရာရဲ့ တေးဗီဒီယိုသစ် ထွက်ရှိ

တေးသံရှင် ရီတာအော်ရာဟာ ဗြိတိန်ရဲ့ ကျော်ကြားတဲ့ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာ ရီတာအော်ရာက ယခုလအတွင်း ထွက်ရှိထားတဲ့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်အတွက် တေးဗီဒီယိုကို စတင်ထုတ်လွှင့်ပေးခဲ့ကြောင်း အမ်တီဗွီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောထုတ်လွှင့်ပေးခဲ့တဲ့ How to Be Lonely တေးဗီဒီယိုဟာ ရီတာအော်ရာရဲ့ တတိယမြောက် တေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတစ်ပုဒ်ဖြစ်တယ်လို့လည်း ဆိုကြပြီး သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေအနက် ပထမဆုံးထုတ်လွှင့်ပေးခဲ့တဲ့ တေးသီချင်းလည်း ဖြစ်တယ်လို့ သိရပါတယ်။

## ဂျပန်ဟာသ သရုပ်ဆောင် ကန်ရှီမူရာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ကွယ်လွန်

ဂျပန်နိုင်ငံရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ကန်ရှီမူရာဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကန်ရှီမူရာဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ဆေးရုံတက်ရောက်ကုသနေရာကနေ ကွယ်လွန်ခဲ့တာပါ။ သူဟာ ဂျပန်အနုပညာရှင်တွေအနက် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးကွယ်လွန်ခဲ့သူလည်း ဖြစ်ပါတယ်။

မတ် ၂၉ ရက်ညပိုင်းမှာ မင်းသားကြီး ကွယ်လွန်ခဲ့တာဖြစ်ပြီး သူ့ရဲ့ ပရိသတ်တွေက ကန်ရှီမူရာ ကွယ်လွန်ခဲ့တဲ့အပေါ် ဝမ်းနည်းကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။ ကန်ဟာ ကွယ်လွန်ချိန်မှာ အသက် ၇၀ ရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ကန်ရှီမူရာဟာ ဂျပန်နိုင်ငံရဲ့ ဟာသသရုပ်ဆောင်တွေအနက် ကျော်ကြားသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူဟာ ၁၉၇၀ ပြည့်နှစ်နဲ့ ၁၉၈၀ ပြည့်နှစ်တွေအတွင်း ရုပ်မြင်သံကြားပေါ်မှာ အလွန်ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦးပါ။ သူ့ရဲ့



သရုပ်ဆောင်မှုတွေအနက် မျက်နှာကို အဖြူရောင်ခြယ်ကာ မျက်ခုံးမွှေးအထူကြီးတွေဆွဲ သရုပ်ဆောင်မှုဟာ အထင်ရှားဆုံး ဖြစ်ပါတယ်။

## ဆော်လီရဲ့ မွေးနေ့ကို ပရိသတ်တွေ အမှတ်ရနေဆဲဖြစ်




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး သရုပ်ဆောင်တစ်ဦးအဖြစ်လည်း ရပ်တည်ခဲ့တဲ့ ဆော်လီဟာ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ကွယ်လွန်ခဲ့တာဖြစ်ပါတယ်။ သူသက်ရှိထင်ရှားမရှိတော့ပေမယ့် လတ်တလောမှာ ကျရောက်ခဲ့တဲ့ သူ့ရဲ့မွေးနေ့မှာ ပရိသတ်တွေက အမှတ်တရရှိနေဆဲဖြစ်ကာ ဆုတောင်းစကားတွေ ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၂၉ ရက်မှာ ဆော်လီဟာ သက်ရှိထင်ရှားရှိမယ်ဆိုရင် အသက် ၂၆ နှစ်ပြည့်မှာ ဖြစ်ပါတယ်။ သူ့ရဲ့ မွေးနေ့အမှတ်တရအဖြစ် ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ စာသားအချို့ကို ရေးသားဖော်ပြခဲ့ပြီး ပြန်လည်ဖော်ပြမှုတွေ များပြားခဲ့ကြောင်းလည်း သိရပါတယ်။

## ရုပ်ရှင်သစ်အတွက် ဆွေးနွေးမှုတွေ ပြုလုပ်နေတဲ့ ဆောင်းဂျွန်ကီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဆောင်းဂျွန်ကီဟာ ကိုလံဘီယာမှာ ရိုက်ကူးရေး သွားရောက်ခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ၊ မရှိ နေအိမ်မှာပင် သီးသန့်ထားရှိစောင့်ကြည့်ခံခဲ့ရပါတယ်။ ဒါ့အပြင် မင်းသားဟာ လတ်တလောမှာ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်ဖို့ရာ ဆွေးနွေးမှုတွေ ပြုလုပ်နေကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



ဆောင်းဂျွန်ကီဟာ တောင်ကိုရီးယား ဂန္ထဝင်တေးသံရှင်တစ်ဦးဖြစ်သူ ယိုဂျေဟာအကြောင်း ရိုက်ကူးသွားမယ့် ရုပ်ရှင်မှာ ပါဝင်ဖို့ရာ ဆွေးနွေးနေတာဖြစ်ကြောင်း အေဂျင်စီက ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ ဆောင်းဂျွန်ကီဟာ လတ်တလောမှာ ဇာတ်ညွှန်းကို လေ့လာနေပြီး ပါဝင်သွားဖို့ရာ အလားအလာရှိနေကြောင်းလည်း သိရပါတယ်။

ဆောင်းဂျွန်ကီဟာ ယခုလအတွင်းမှာပင် ကိုလံဘီယာကနေ တောင်ကိုရီးယားကို ပြန်လည်ရောက်ရှိလာတာပါ။ သူဟာ Bogota လို့ အမည်ရတဲ့ ရုပ်ရှင်မှာ ပါဝင်ထားပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်း ရှိ၊ မရှိ သိရှိဖို့ရာ ကိုလံဘီယာကနေ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် နေအိမ်မှာပင် အသွားအလာကန့်သတ်ကာ သီးခြားစောင့်ကြည့်ခံခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းဆရာဝန်အဖွဲ့ ဖွဲ့စည်းလေ့ကျင့်

**မန္တလေး မတ် ၃၀**

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) မှ ဦးဆောင်၍ မတ် ၂၅ ရက်တွင် စေတနာ့ဝန်ထမ်းဆရာဝန်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) COVID-19 ကာကွယ်ရေး စေတနာ့ဝန်ထမ်း ဆရာဝန်အဖွဲ့တွင် ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်၊ အတွင်းရေးမှူး ဒေါက်တာနေဝင်းတို့ဦးဆောင်ပြီး အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းကာ စေတနာ့ဝန်ထမ်းဆရာဝန်များကို စုစည်းပြီး မတ် ၂၉ ရက် နံနက် ၉ နာရီမှစတင်ကာ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ရတနာပုံခန်းမ၌ COVID-19 ရောဂါရှာဖွေကုသခြင်းများကို ဆေးပညာဌာနဆရာဝန်ကြီးများက သင်ကြားပေးခဲ့ပြီး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

စေတနာ့ဝန်ထမ်းဆရာဝန်များ လေ့ကျင့်သင်ကြားပေးရာသို့ မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမာလာဝင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နာယက ဒေါက်တာမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

**မောင်ပြည်သူ (မန္တလေး)**





## လွှတ်တော်ကိုယ်စားလှယ်များနှင့် အသွားအလာကန့်သတ်မှုနေရာများ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**ကျောက်ပန်းတောင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် အသွားအလာကန့်သတ်မှုနေရာများ ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့ဝင် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက မြို့နယ်အတွင်း COVID-19 ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရေးနှင့် ထိန်းချုပ်နိုင်ရေးဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အားရကျေနပ်မှုရှိပါကြောင်း၊ သို့သော်လည်း ပြည်သူများမှာ စိုးရိမ်ထိတ်လန့်မှုများနှင့် စောင့်ကြည့်နေကြရသည်ဖြစ်ရာ အားမလိုအားမရဖြစ်မှုအခြေအနေများကိုလည်း တွေ့ကြုံရပါကြောင်း၊ သို့သော် မည်သို့ပင်ဖြစ်စေ မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျဖြင့် စည်းစည်းလုံးလုံးပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာစောင့်ကြည့်ရေးစနစ်များကိုလည်း လိုအပ်သလိုပံ့ပိုးကူညီဆောင်ရွက်ပေးသွားကြပါရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦးက လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စေတနာထား၍ လုပ်ဆောင်ပေးကြရန်နှင့် ဆပ်ကော်မတီတစ်ခုနှင့်တစ်ခု ချိတ်ဆက်၍ ပြည်သူကို သတင်းမှန်များ အမြန်ဆုံးပေးပို့နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ပုံငွေရှာဖွေရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးဖြိုးတင့်ခိုင်က ယနေ့အထိ မိမိတို့မြို့နယ်အတွက် ဝယ်ယူစုဆောင်းပြီးဖြစ်သည့် ပစ္စည်းစာရင်းကို ဖတ်ကြားတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် အသွားအလာကန့်သတ်မှုနေရာများ သတ်မှတ်ထားရှိမှု ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်က လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံလာနိုင်သည့် အခက်အခဲများရှိပါကြောင်းနှင့် မည်သို့ပင်ဖြစ်စေ ဖြတ်သန်းကျော်လွှား ဆောင်ရွက်သွားကြပါရန်နှင့် ယခုဖွဲ့စည်းလိုက်သည့် အဖွဲ့များအနေဖြင့်လည်း မိမိတို့တာဝန်ကျရာနယ်မြေခွဲအလိုက် သွားရောက်၍ ဆောင်ရွက်ထားသည်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များရှိပါက မြို့နယ်ကော်မတီသို့ ပြန်လည်တင်ပြအကြောင်းကြားရန် ပြောကြားသည်။

ကျောက်ပန်းတောင်း မြို့နယ် COVID- 19 စောင့်ကြည့်စစ်ဆေးကုသရေး ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ လက်ခံရရှိသောပစ္စည်းစာရင်းမှာအပူချိန်တိုင်းကိရိယာ ၃၅ ခု၊ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံအစုံ ၉၀၊ N95 နှာခေါင်းစည်း ၁၄၀၊ မျက်မှန် ၂၀ ခု၊ ဆေးဖျန်းဘူး ၃၀၊ ခွဲစိတ်ခန်းသုံးလက်အိတ် ၂၀ ဘူး၊ နှာခေါင်းစည်း ၁၀ ခု လက်ခံရရှိပြီး ဖြစ်ကြောင်းသိရပြီး လိုအပ်သည့် နေရာများကို ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကျောက်တလုံးကြီး မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့တွင် COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက ကျောက်တလုံးကြီးမြို့ နောင်ယာဆိုင်းကျေးရွာ စစ်ဆေးရေးဂိတ်တွင် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ စီးနင်းလာသည့်စက်တပ်မော်တော်ယာဉ်များကို ပိုးသတ်ဆေးဖျန်းပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်တလုံးကြီးမြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် ကြက်ခြေနီဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ဆိုင်ကယ် ၄၅ စီး၊ အိမ်စီးယာဉ်အစီး ၆၀၊ ကုန်တင် ယာဉ် ၂၈ စီးနှင့် ခရီးသည်တင်ယာဉ် ၁၃ စီးတို့ကို ပိုးသတ်ဆေးဖျန်းခြင်း၊ စီးနင်းလာသူ ၃၆၉ ဦးကို အပူချိန်တိုင်းတာပေးခြင်းနှင့် COVID-19 ရောဂါ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျောက်တလုံးကြီး (ပြန်/ဆက်)**

## မကွေးတက္ကသိုလ် ဓာတုဗေဒဌာနက ထုတ်လုပ်သည့် ဆပ်ပြာနှင့်လက်သန့်ဆေးရည်များ ဖြန့်ဝေမည်

**မကွေး မတ် ၃၀**

မကွေးတက္ကသိုလ် ဓာတုဗေဒဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းထုတ်လုပ်သည့် လက်ဆေးဆပ်ပြာနှင့် လက်ဆေးဆပ်ပြာရည်များကို အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများတွင် အသုံးပြုနိုင်ရန် ဖြန့်ဝေထားရှိသွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီထံမှ သိရသည်။

ဓာတုဗေဒဌာနမှ ပထမအသုတ်အဖြစ် ထုတ်လုပ်သည့် လက်ဆေးဆပ်ပြာဘူး ၄၀၀၊ လက်သန့်ဆေးရည် ၅၂၉ ဘူးကို စည်ပင်သာယာရေးအဖွဲ့ထံ အပ်နှံပြီး အများပြည်သူအသုံးပြုနိုင်ရန် လုပ်ဆောင်မည်ဖြစ် သည်။



"ABC တယ်လီကွန်းက ငွေကျပ် ၁၅ သိန်းလှူတယ်။ နည်းပညာ၊ လုပ်အားနဲ့ လိုအပ်တာတွေကို တက္ကသိုလ်ဘက်က ပေါင်းစပ်ပေးတာပါ " ဟု စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီက ပြောကြားသည်။

အများပြည်သူနှင့်သက်ဆိုင်သောနေရာများဖြစ်သည့် ဆေးရုံ၊ စောင့်ကြည့်စခန်း၊ ဈေး၊ ကားဂိတ်စသည့်လူအများ ဝင်/ထွက် သွားလာနေသည့် နေရာများ၌ ဖြန့်ကြက်ချထားမည် ဖြစ်ပြီး ဒုတိယအသုတ်အဖြစ် လက်ဆေးဆပ်ပြာဘူး ၄၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၅၀၀ ခန့်ကို ဆက်လက်ထုတ်လုပ်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်မှုဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ မရှိအောင် ဓာတုဗေဒဌာန မှ တာဝန်ယူလုပ်ဆောင်ထားပြီး ပြည်သူလူထုအား တိုက်ရိုက်အကျိုးရှိစေရန် လက်ဆေးဘေစင် အလုံး ၃၀ ကိုလည်း အများပြည်သူနှင့်ဆိုင်သောနေရာများ၌ ဖြန့်ကြက်ချထားသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်

**တီးတိန် မတ် ၃၀**

ချင်းပြည်နယ် တီးတိန်မြို့နယ်၌ ပြည်နယ်အဆင့် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအဖွဲ့ဝင်များသည် တီးတိန်မြို့နယ်အတွင်း အိမ်၌သာနေထိုင်ရန် ကန့်သတ်မှု ပြုလုပ်ထားသူများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် လိုင်တွီး၊ ဆဲဇန်ကျေးရွာများနှင့် လေးလုမ်း၊ လွယ်ဘွာလ်းရပ်ကွက်၊ ပြည်သူ့ဆေးရုံတို့သို့ မတ် ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းရာ၌ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ပြည်နယ်အဆင့် အဖွဲ့(၁) အဖွဲ့ခေါင်းဆောင် ပြည်တွင်းအခွန်ဦးစီးဌာန ပြည်နယ်မှူး ဦးစိုးညွန့်၊ အဖွဲ့ဝင်များဖြစ်သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်နယ်မှူး ဦးကျော်ဆွေ၊ ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး ဦးတင်မောင်ဦးနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးစာရုံမန်းတို့သည် စောင့်ကြည့်အိမ်များသွားရောက်ပြီး အပူချိန်တိုင်းခြင်း၊ သတ်မှတ်ကာလအတွင်း ကျန်းမာရေးဌာနမှသတ်မှတ်သည့် လိုက်နာရမည့်ကိစ္စများ လိုက်နာမှုရှိရေး ကြပ်မတ်ခြင်း၊ လိုအပ်ချက်များညှိနှိုင်းခြင်း၊ ကျန်းမာရေးအခြေအနေကြည့်ရှုခြင်းများ ဆောင်ရွက်သည်။

လိုင်တွီးကျေးရွာ၌ အထူးဆေးအဖွဲ့ ဒေါက်တာနန်းမွန်းထောန်က ရောဂါကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးပြီး ဆေးနှင့်အကာအကွယ်ပစ္စည်းများပေးအပ်သည်။ တီးတိန်ပြည်သူ့ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသော ပိုးတွေ့လူနာ၊ သံသယလူနာနှင့် စောင့်ကြည့်သူများ ကျန်းမာရေးအခြေအနေ ကောင်းမွန်ကြကြောင်း သိရသည်။

**ဒိုင်းဒိမ့်(ပြန်/ဆက်)**

## ပင်းတယမြို့ အဝင်/အထွက်နေရာများ၌ ကိုယ်အပူချိန်တိုင်းခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ပင်းတယ မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အရှိန်ဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်မှ စတင်၍ မြို့အဝင်အထွက်ဂိတ်များတွင် မြို့တွင်းသို့ဖြတ်သန်းသွားလာနေသူများအား ကိုယ်အပူချိန်တိုင်းပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးနေမျိုးဇော်နှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မြို့တွင်း ဖြတ်သန်းသွားလာသူများကို နေရပ်လိပ်စာ စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ကိုယ်အပူချိန်တိုင်းပေးခြင်း စသည်ဖြင့် COVID-19 ရောဂါကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပြန်/ဆက်)**



## မကွေးမြို့ပေါ်ဈေးများ COVID-19 ကာကွယ်ရေး ဆေးဖျန်း

**မကွေး မတ် ၃၀**

မကွေးမြို့ပေါ် ဈေးကြီးများဖြစ်သည့် ကန်သာဈေးနှင့် ရန်ပါယ်ဈေးတို့၌ ဈေးရောင်းဈေးဝယ်သူများနှင့် ဒေသခံမိဘပြည်သူများအား COVID-19 ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးနှင့် ကြိုတင်ကာကွယ်စေရေးအတွက် မတ် ၂၉ ရက် ညနေပိုင်းက အဆိုပါ ဈေးများအတွင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများနှင့် ဈေးအတွင်းသန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်အတွင်း COVID – 19 ရောဂါ ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေး အတွက် မြို့နယ်စည်ပင်သာယာဈေးကြီးများတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီ၊ တာဝန်ရှိသူများဦးဆောင်ကာ ဈေးအကျိုးတော်ဆောင်ကော်မတီအဖွဲ့နှင့် ပူးပေါင်း၍ ဈေးကြီးများအတွင်း / အပြင်ရှိ ဆိုင်ခန်းများ၊ ဟင်းသီးဟင်းရွက်ဈေးတန်း၊ သားငါးဆိုင်များ၊ အထည်ဆိုင်များ၊ ဈေးဧရိယာအတွင်းအပြင်တို့၌ ပိုးသတ်ဆေးများစုပေါင်းပက်ဖျန်းခြင်းနှင့် ဈေးအတွင်းရှိအမှိုက်များ စုပေါင်းရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ခရီးသွားပြည်သူများကို ကျန်းမာရေးစစ်ဆေး

**ဟိုင်းကြီးကျွန်း မတ် ၃၀**

ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီက ခရီးသွားပြည်သူများကို COVID-19 ကြိုတင်ကာကွယ်ရေး အတွက် မြို့အဝင်လမ်းနှင့် အမှတ်(၃)ရပ်ကွက် ဆိပ်ကမ်းတို့တွင် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို မတ် ၃၀ရက် နံနက် ၆နာရီခန့်က ဆောင်ရွက်ခဲ့သည်။

ဟိုင်းကြီးကျွန်းမြို့ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သည့် မြို့အဆင့် COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီကို မတ် ၂၆ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု ၂၂ အုပ်စုတို့တွင် COVID-19 ကြိုတင် ကာကွယ်ရေးနှင့် ပြည်တွင်းပြည်ပမှ ပြန်လည်ဝင်ရောက်လာသောဒေသခံ ပြည်သူများနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးမှု၊ အသိပညာပေးလုပ်ငန်းများကို ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ပူတာအိုမြို့၌ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ပူတာအို မတ် ၃၀**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီက ကြီးမှူး၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေး အတွက် အသိပညာပေးဗီနိုင်းပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၃၀ ရက် နံနက် ၆ နာရီခွဲက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ဗီနိုင်းပိုစတာများ စိုက်ထူ**

ထိုသို့ဆောင်ရွက်ရာတွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်သော နေရာများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် လိုက်နာရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များ ပါဝင်သည့် ဗီနိုင်းပိုစတာများ စိုက်ထူခဲ့ကြပြီး မြို့မဈေး (မနက်ဈေး)၊ ဟိုခိုဈေး(အောက်ချိုင့်ဈေး)များတွင် မြန်မာနှင့်ကချင် နှစ်ဘာသာဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ဝေထားသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးမှူး ဦးကျော်မြင့်အောင်တို့က ဦးဆောင်၍ မြို့နယ်အဆင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ဖုန်ကန်(ပူတာအို)**

## ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့၌ ကုန်စည်စီးဆင်းမှုနှင့် ကုန်စည်ဈေးနှုန်းများ ပုံမှန်အခြေအနေရှိ

**ကော့သောင်း မတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သည် ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့နှင့်နီးကပ်သည့် နယ်စပ်မြို့ဖြစ်၍ နိုင်ငံနှင့်တစ်ဝန်းစိုးရိမ်မှု မြင့်တက်လျက်ရှိသည့် COVID-19 အန္တရာယ် ဖြစ်ပေါ်နေသော်လည်း ကုန်စည်စီးဆင်းမှုနှင့် အခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းများ ပုံမှန်အခြေအနေဖြင့် ဒေသတွင်းပြည်သူများ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။



အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ပြည်တွင်းပို့ အခြား ကုန်ပစ္စည်းများမှာ ကော့သောင်း-ရန်ကုန်ပြည်ထောင်စုလမ်းပိုင်းမှ မော်တော်ယာဉ်များဖြင့် ပုံမှန်စီးဆင်း ပို့ဆောင်ရောင်းဝယ်မှုများကြောင့် ဒေသတွင်းကုန်ပစ္စည်းပြတ်လပ်ရှားပါးမှု မဖြစ်ပေါ်သည့်အပြင် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှု၊ နယ်စပ်ကုန်သွယ်မှု ပုဂ္ဂလိကအသင်းအဖွဲ့များ၏ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုများကြောင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းများဖြစ်ပေါ်မှုမရှိဘဲ ဒေသတွင်း အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ မူလပုံမှန်ဈေးနှုန်းဖြင့် ရောင်းဝယ်ဖောက်ကားလျက် မြို့၏ အခြေအနေမှာပုံမှန်တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်ငယ်များအား ပိုးသတ်ဆေးပက်ဖျန်း

**နေပြည်တော် မတ် ၃၀**

နေပြည်တော် ဘောဂသီရိယာဉ်ရပ်နားစခန်းအတွင်းရှိမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မြို့တွင်း) ရုံးရှေ့၌ မတ် ၂၉ ရက် ညနေပိုင်းတွင် COVID-19 ရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်ငယ် ၆၅ စီးကို ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရန် မ.ထ.သ (မြို့တွင်း)မှဦးစီး၍ ပျဉ်းမနားမြို့ မှူဝေသောလက်များ ပရဟိတအဖွဲ့နှင့်အတူ ကာကွယ်ရေး ပိုးသတ်ဆေးပက်ဖျန်းခဲ့ကြောင်း သိရသည်။



မ.ထ.သ( မြို့တွင်း)၏ ကြီးကြပ်မှုအောက်ရှိ နေပြည်တော်ကောင်စီနယ်မြေအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်ငယ်များကို ခရီးသည်များ COVID-19 ရောဂါပြန့်ပွားကူးစက်မှုမရှိစေရေး အတွက် ပိုးသတ်ဆေးပက်ဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသလို ယခင်ယာဉ်အစီး ၁၀၀ ပြေးဆွဲနေရာမှ ယခုယာဉ်စီးရေ ၄၀ စီးသာ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း မ.ထ.သ (မြို့တွင်း) ဥက္ကဋ္ဌ ဦးစိုးကြီးက ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် ရွှေပြည်သစ်၊ ရွှေသပြေ၊ ရွှေအောင်လံယာဉ်လိုင်းများမှ ယာဉ်အစီးရေ ၁၀၀ ဖြင့် နေပြည်တော်မြို့မဈေး၊ ပျဉ်းမနားမြို့မဈေး၊ ပုဗ္ဗသီရိမြို့နယ်၊ တောင်ညို၊ ရေဆင်း၊ တပ်ကုန်း၊ လယ်ဝေး၊ အေလာလမ်းကြောင်းများကို ဂိတ်အစ ပျဉ်းမနားမြို့မဈေးမှ ငါးမိနစ်တစ်စီး ထွက်ခွာပေးလျက်ရှိရာ ယခုအခါ COVID-19 ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ယာဉ်အစီးရေ ၄၀ သာ လျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**

## မန္တလေးတက္ကသိုလ်အတွင်း COVID-19 ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**မန္တလေး မတ် ၃၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်း COVID-19 ကြိုတင် ကာကွယ်ရေးအဖြစ် လူစည်ကားသော နေရာများ၊ လူနေရပ်ကွက်များတွင် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်က မန္တလေး တက္ကသိုလ်ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများကို ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက နံနက် ၉ နာရီ မှ ညနေ ၃ နာရီ အထိ တစ်အိမ်တက် တစ်အိမ်ဆင်း ဖျန်းပေးခဲ့ကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်အတွင်း တွင် COVID-19 ကြိုတင်ကာကွယ်ရေး အဖြစ် ပိုးသတ်ဆေးဖျန်းခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်လူမှုရေး အသင်းအဖွဲ့များက လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**

# စေတနာ့ဝန်ထမ်း လူငယ်မောင်မယ်များကို ကျန်းမာရေးဝန်ထမ်းများက ရက်တိုသင်တန်းများပေး

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ဇိနမာရ်အောင်ဘုရားဓမ္မာရုံတွင် COVID-19 စောင့်ကြည့်လူနာ ၃၀ ခန့်ထားရှိရန် စီစဉ်ထားပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင်လည်း စောင့်ကြည့်လူနာ ၁၀၀၊ ၁၅၀ ခန့်ထားရှိရန် လျာထားကြောင်း သာကေတမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်းက ပြောသည်။

"သာကေတမြို့နယ်မှာတော့ COVID-19 နဲ့ပတ်သက်လို့ ပြင်ဆင်မှုတွေ လုပ်နေပါတယ်၊ အဲဒါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်အတိုင်းလုပ်တာပါ၊ မြို့နယ်မှာတော့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးက ဦးစီးပြီးတော့ ၁၂ ဦးပါဝင်တဲ့ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဆိုပြီး အဖွဲ့ဖွဲ့တယ်။ အဲဒီမှာမှ ဒီအဖွဲ့ကို ကျွန်မတို့ ဘယ်လိုပံ့ပိုးမလဲ ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်တွေ ဦးဆောင်ပြီးတော့ မြို့မိမြို့ဖတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာနဲ့လူမှုရေးအသင်းအဖွဲ့ ခေါင်းဆောင်တွေ စုပေါင်းပြီး ကျွန်မတို့ကနေ ထောက်ပံ့ရေးကော်မတီဖွဲ့ထားပါတယ်"ဟု ၎င်းက ပြောသည်။

သာကေတမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းထွန်းက "အခု သာကေတမြို့မှာ စောင့်ကြည့်လူနာတွေထားဖို့အတွက်ကို အားချင်း ဆောင်ရွက်နေတာဖြစ်ပါတယ်၊ နေအိမ်တွင် အသွားအလာကန့်သတ်ခြင်းနဲ့ နိုင်ငံခြားကပြန်လာတဲ့သူတွေကို စောင့်ကြည့်ဖို့ ပိုပြီးတော့အဆင်ပြေအောင် ဆိုပြီး သတ်မှတ်ထားတဲ့နေရာများတွင် အသွားအလာကန့်သတ်ခြင်းကို စတင်ဆောင်ရွက်တာ ဖြစ်ပါတယ်၊ အဲဒီလိုဆိုရင် နေရာကို ရွေးချယ်ရတယ်၊ နေရာရွေးတဲ့အခါမှာ ကျွန်တော်တို့က အခုဇိနမာရ်အောင်ဘုရားဓမ္မာရုံမှာ စစချင်းရွေးချယ်ထားတာပါ။ နောက်ပြီး အထက(၂)မှာလည်း ဒီက မလောက်ခဲ့ လို့ရှိရင်ဆိုပြီး ပြင်ဆင်နေပါတယ်"ဟု ပြောသည်။

အဆိုပါ နေရာနှစ်ခုတွင် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်မောင်မယ်များကို ယခုအခါ COVID-19 နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များအား သိရှိလိုက်နာတတ်စေရန် ကျန်းမာရေးဝန်ထမ်းများက ရက်တိုသင်တန်းများ ပေးလျက်ရှိကြောင်း သိရသည်။

"သီးခြားထားရှိရန်သတ်မှတ်ထားသည့်နေရာများ မဖွင့်ခင် အရေးကြီးဆုံးက ဘာလဲဆိုရင် ဒီမှာ ဆောင်ရွက်မယ့် လုပ်အားပေးကြမယ့် စေတနာ့ဝန်ထမ်း လုပ်သားတွေကို ရောဂါနဲ့ပတ်သက်ပြီး ဆောင်ရန်၊ ရှောင်ရန်တွေကို လုပ်ငန်း ဆောင်ရွက်ရင်းနဲ့ သူတို့ကိုလည်း မကူးစက်ရအောင် ဆောင်ရန်၊ ရှောင်ရန်တွေ သိရှိရအောင် ရက်တိုသင်တန်းပေးတာဖြစ်ပါတယ်၊ ဇိနမာရ်အောင်မှာတော့ ခုတင် ၂၅ ခုလောက်ပဲဆံ့ပါတယ်၊ အထက(၂)မှာတော့ လူ ၁၀၀ လောက်ထားဖို့ အစီအစဉ်ရှိပါတယ်၊ မနက်ဖြန် သို့မဟုတ် သန်ဘက်ခါလောက်မှာ စထားဖို့ အစီအစဉ်ရှိပါတယ်"ဟု ဒေါက်တာသိန်းထွန်းက ဆက်လက်ပြောပြသည်။

အဆိုပါ အသွားအလာကန့်သတ်ခြင်း ပြုလုပ်မည့်နေရာတွင် နိုင်ငံခြားမှ ပြန်လာပြီး သာကေတမြို့နယ်သို့ ရောက်ရှိလာသူအားလုံးကို ထားရှိစောင့်ကြည့် သွားမည်ဖြစ်ပြီး COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအနေဖြင့် စိုးရိမ်လွန်ကဲမှု မရှိစေရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းများအား လိုက်နာကျင့်သုံးကြရန်နှင့် သတင်းမှားများ မထုတ်လွှင့်ကြရန် လိုအပ်ကြောင်း သိရသည်။ **အေးမင်းသူ၊ ဇာနည်မောင်**

# ပြည်တွင်းရွှေဈေး ဆက်လက်ကျဆင်းနိုင်

**ရန်ကုန် မတ် ၃၀**

လက်ရှိ ပြည်တွင်းဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁၄၀၀၀၀ ခန့်ရှိပြီး ဆက်လက်ကျဆင်းနိုင်ကြောင်း မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအုန်းမြိုင်က ပြောသည်။

"အခုဟာ COVID-19 က ကမ္ဘာနဲ့တစ်ဝန်းဖြစ်သွားတော့ အရောင်းအဝယ်တွေလည်း အကုန်လုံး ရပ်သွားပါတယ်။ ဈေးကွက်အလားအလာအရတော့ ကျနိုင်ပါတယ်"ဟု ဦးအုန်းမြိုင်က ပြောသည်။

**အရောင်းအဝယ်နည်း**

လက်ရှိ COVID-19 ကပ်ရောဂါကြောင့် ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်နည်းပြီး၊ ရွှေဆိုင် ၇၅ ရာခိုင်နှုန်းခန့်မှာလည်း ပိတ်ထားပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အခု လက်ရှိအတိုင်းအတာမှာ ရောင်းလို့မလွယ်ဘူး။ ဝယ်ရင် ကျပ်တယ်ဆိုတာမျိုး ဖြစ်သွားပြီ။ တကယ်ရောင်းနေပြန်တော့လည်း ဘယ်သွားရောင်းလို့ ရောင်းရမှန်းမသိသလို ဝယ်ချင်နေတဲ့လူကလည်း ဘယ်လိုဝယ်ရမှန်း မသိဘူးဖြစ်နေတယ်။ နောက်တစ်ခုက လူတွေက လောလောဆယ် ကိုယ်က ပစ္စည်းတစ်ခုကို ဝယ်ချင်တဲ့အခါမှာ ငွေနဲ့ပဲ ဝယ်ရမှာလေ။ အဲဒီအတွက်ကြောင့် တချို့တော်တော်များများက ငွေကို ပြန်ကိုင်နေတာ များတဲ့အတွက်ကြောင့် ရွှေက လောလောဆယ် အရောင်းအဝယ် ကျပ်သွားတာပါ"ဟု ဦးအုန်းမြိုင်က ပြောသည်။

ပြီးခဲ့သည့် မတ် ၁၂ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၃၇ ဒေါ်လာရှိပြီး ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၁၀၀၀၀ ခန့်အထိရှိခဲ့ရာမှ သုံးပတ်အတွင်း မတ် ၃၀ ရက်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၁၃ ဒေါ်လာရှိပြီး ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၁၄၀၀၀၀ ခန့်သာရှိကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

သို့ဖြစ်၍ သုံးပတ်အတွင်း ကမ္ဘာ့ရွှေဈေးမှာ အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာသာ ကျဆင်းခဲ့သော်လည်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၇၀၀၀၀ ခန့် ကျဆင်းခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေး မြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်ခဲ့ရာ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ငွေကျပ် ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ငွေကျပ် ၁၂၀၀၀၀၀ ကျော် အထိ စံချိန်သစ်များ အသီးသီးဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက် ကျော်လွန်၍ ကျပ် ၁၃၀၀၀၀၀ ကျော်အထိ ဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

**ငြိမ်းငြိမ်း**

# မြောင်းမြမြို့ အဝင်ဂိတ်၌ စောင့်ကြည့်စစ်ဆေး

**မြောင်းမြ မတ် ၃၀**

မြောင်းမြမြို့တွင် COVID-19 ကာကွယ် ထိန်းချုပ်ရေးအတွက် ကျန်းမာရေးပူးပေါင်း အဖွဲ့က နေ့စဉ် နံနက် ၇ နာရီမှ ည ၁၁ နာရီ အထိ မြို့တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် အဝေးပြေးယာဉ်လိုင်းများမှ ခရီးသွားပြည်သူများအား အဖျားရောဂါ ရှိ/မရှိ၊ ကိုယ်အပူချိန်မြင့်တက်နေခြင်း ရှိ/မရှိ ကျန်းမာရေးပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်တာဝန်ရှိသူများက မြို့နယ်အတွင်းသို့ ဝင်ရောက်လာကြသည့် ခရီးသည်များအား ရောဂါကုသခြင်းထက် ကာကွယ်ခြင်းက အရေးကြီးပုံများအား အသိပညာပေး ပြောကြားပြီး လုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**သင်းရနံ့ (မြရာမြေ)**



# COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ COVID – 19 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း)က တိုင်းဒေသကြီးအတွင်း COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အသိပညာပေးလုပ်ငန်းများတွင် ပံ့ပိုးကူညီနေမှုများကို ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် တပ်ဖွဲ့မှူးများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲ၍ လိုအပ်သည်များအား ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ COVID –19 Community Center ဖွင့်လှစ်၍တာဝန်ကျများဖြင့် ဆက်သွယ်ဆောင်ရွက်ရေးဆုံးဖြတ်ပြီး တာဝန်များချထားခြင်း လုပ်ငန်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID – 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ခရိုင်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌများနှင့် ခရိုင်ကြက်ခြေနီတပ်ဖွဲ့များမှ ခရိုင်တပ်ဖွဲ့မှူးများက ခရိုင်များအတွင်း COVID – 19 ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်တပ်ဖွဲ့မှူးများမှ တင်ပြချက်များကို တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင်**
**(သန်လျင်)**



# ကျန်းမာရေးအသိများ ပိုမိုအားကောင်းလာစေရေး အသိပညာပေး

**မယ်စဲ့ မတ် ၃၀**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် COVID – 19 ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသခံပြည်သူများ ကျန်းမာရေးအသိ ပိုမိုအားကောင်းလာစေပြီးပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းကို ယနေ့ နံနက် ၈ နာရီက မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းက မယ်စဲ့မြို့နယ်တွင် COVID – 19 ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကိုသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ကို မကြာခဏဆေးကြောကြရန်၊ လူစုလူဝေးမပြုလုပ်ကြရန်၊ မိသားစုဝင်အချင်းချင်း နီးကပ်စွာမနေကြရန်၊ အရာဝတ္ထု တစ်ခုခုကို ကိုင်တွယ်ပြီးတိုင်း လက်ကို ဆေးကြောရန်၊ ချောင်းဆိုး၊ ဖျားနာ၊ အသက်ရှူမဝဖြစ်ပါက ကျန်းမာရေးဌာနသို့ အကြောင်းကြားရန်၊ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်ကို လိုက်နာကြရန်နှင့်ပြည်ပမှပြန်လာသူများအား ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်လျက်ရှိကြောင်းနှင့် အဝင်/အထွက် စစ်ဆေးရေးဂိတ်များတွင်လည်း ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများမှလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်း၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်နေ ပြည်သူများအား နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

# ကျိုတိုမှပေးစာများ - ၂၁

# ယိုကိုဟားမား တရုတ်တန်း အတွေ့အကြုံများ

■ အောင်အောင် IR

ယိုကိုဟားမားသွားမယ်ဆိုတော့ တည်းခိုဖို့နေရာ ရှာရပါတယ်။ ပစ်မှတ်က တရုတ်တန်းပါ။ တရုတ်တန်းအနီးဝန်းကျင်ကိုရှာရင်း ယိုကိုဟားမား အားကစားကွင်း (Yokohama Stadium) အနီး ယိုကိုဟားမား ဗဟိုတည်းခိုဆောင် (Yokohama Central Hostel) ဆိုပြီး ဈေးသက်သာတဲ့ တည်းခိုခန်းတစ်ခု တွေ့ပါတယ်။ တရုတ်တန်းနဲ့ဆို ငါးမိနစ်လောက်ပဲ လျှောက်ရပါတယ်။ အမှန်တော့ သူ့ထက်ကောင်းတဲ့ တည်းခိုခန်းမှာ တည်းချင်ခဲ့တာပါ။ ကိုယ်တည်းချင်တဲ့ တည်းခိုခန်းနှစ်ခုစလုံးက လူပြည့်နေတာမို့ နောက်ဆုံး ဒီတည်းခိုခန်းပဲ ရွေးလိုက်ရပါတယ်။ တည်းတော့လည်း အတော်အဆင်ပြေပြီး တည်းခိုခန်းပိုင်ရှင်ကလည်း အတော်ကူညီပါတယ်။ တိုကျိုက မနက်ထွက်၊ အီနိုရှီးမားကျွန်းဝင်လည်၊ နေ့လယ်ဘက် ကာမာကူရာဘုရားဖူး၊ ညနေဘက် ဒီယိုကိုဟားမားကို ရောက်ပါတယ်။ တည်းခိုခန်းရောက်တာနဲ့ ပါလာတဲ့အထုပ်တွေထားပြီး ညစာစားဖို့တရုတ်တန်းဘက်ဆီ လမ်းလျှောက်ထွက်လာခဲ့ပါတယ်။

**ယိုကိုဟားမား တရုတ်တန်း**

၁၈၅၉ ခုနှစ်မှာ ယိုကိုဟားမားဆိပ်ကမ်းကို စတင်ဖွင့်လှစ်ခဲ့ပြီး အဲဒီအချိန်ကစလို့ အနောက် နိုင်ငံကုန်သည်များ ယိုကိုဟားမားကို စတင်ရောက်ရှိလာကြပါတယ်။ သူတို့နဲ့အတူ တရုတ်လူမျိုးတွေလည်း လက်ထောက်တွေ၊ ဘာသာပြန်သူတွေအဖြစ် ပါရှိလာပြီး နောက်ပိုင်းမှာ တရုတ်ကုန်သည်တွေလည်း အခြေစိုက်ရောက်ရှိလာကြပါတယ်။ တရုတ်လူမျိုးတွေဟာ ယိုကိုဟားမားရဲ့ အဓိကကုန်သွယ်လုပ်ငန်းတစ်ခုဖြစ်တဲ့ ပိုးထည်လုပ်ငန်း၊ လက်ဖက်ခြောက်လုပ်ငန်းတွေမှာ ဘာသာပြန်သူတွေ၊ ငွေကြေးဖလှယ်သူတွေအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီလိုကုန်ရောင်း၊ ကုန်ဝယ်လုပ်ငန်းတွေအပြင် တရုတ်လူမျိုးတွေဟာ ယိုကိုဟားမားမှာ စားဖိုမှူးတွေ၊ အပ်ချုပ်သူတွေ၊ ဆံသဆရာတွေအဖြစ်လည်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ ယိုကိုဟားမားတရုတ်တန်း ဖွံ့ဖြိုးရေးအသင်းရဲ့ ၂၀၂၀ လမ်းညွှန်မြေပုံပါ အချက်အလက်များအရ ယိုကိုဟားမား တရုတ်တန်း တည်ရှိတဲ့နေရာကို အရင်က Nanjing town လို့ခေါ်ပါတယ်။ ဂျပန်လိုတော့ Nankin-machi ပေါ့။ ဒီ Nanjing town မှာ နေထိုင်တဲ့ တရုတ်လူမျိုးတွေဟာ ၁၉၅၅ ခုနှစ်မှာ လမ်းအဝင်မုခ်ဦးတစ်ခုကို စတင်တည်ဆောက်ခဲ့ပြီး ဂိတ်အမည်ကို Zenrinmon လို့ ပေးပါတယ်။ အဲဒီဂိတ်ထိပ်စည်းမှာလည်း တရုတ်တန်းလို့ အမည်ရတဲ့စာလုံး Chuka-gai ကို ထွင်းထုပါတယ်။ အဲဒီနောက်ပိုင်း လမ်းအမည်ဟာ တရုတ်တန်း (China Town) လို့ အမည်တွင်သွားပါတော့တယ်။

နောက်ပိုင်းမှာလည်း တရုတ်တန်းရဲ့ အတွင်းလမ်းအများအပြားမှာ တရုတ်ဗိသုကာအဝင်ဂိတ်ဝများ၊ မုခ်ဦးငယ်များ ဆင်ယင်ခဲ့ကြပြီး တရုတ်တန်းအဝင် အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးဖက်လေးတန်မှာ ကြီးမားခံ့ညားလှတဲ့ အဝင်မုခ်ဦးကြီးတွေ တည်ဆောက်ခဲ့ပါတယ်။ မုခ်ဦးဂိတ်ကြီးများအမည်က အရှေ့ဘက်ဂိတ် (Choyo Gate)၊ အနောက်ဘက်ဂိတ် (Enpei Gate)၊ တောင်ဘက်ဂိတ် (Suzaku Gate) နဲ့ မြောက်ဘက်ဂိတ် (Genbu Gate) တို့ဖြစ်ပါတယ်။ ဒီမုခ်ဦးဂိတ်ကြီးတွေဟာ သက်ဆိုင်ရာနတ်မင်းများကို ရည်ညွှန်းပူဇော်ထားရှိတာဖြစ်ပြီး ဒီနတ်မင်းကြီးတွေဟာ တရုတ်တန်းကို ကောင်းခြင်းမင်္ဂလာများဖြစ်ထွန်းအောင် စောင့်ရှောက်တယ်လို့ ယုံကြည်မှုရှိကြပါတယ်။ အဲဒီခံ့ညားလှပတဲ့ တရုတ်တန်းလေးဖက်လေးတန် အဝင်မုခ်ဦးကြီးတွေဟာ ယိုကိုဟားမားတရုတ်တန်းရဲ့ အဓိကမြင်ကွင်းတွေ ဖြစ်လို့နေပါပြီ။ ဆိုခဲ့သလို ဒီဂိတ်ကြီးတွေအပြင် တရုတ်တန်းအတွင်းလမ်း အများအပြားမှာလည်း အမည်အမျိုးမျိုးနဲ့ ဂိတ်များစွာရှိပါတယ်။ ယိုကိုဟားမား တရုတ်တန်း ဖွံ့ဖြိုးရေးအသင်း စာရင်းအချက်အလက်တွေအရ ၂၀၁၉ ခုနှစ်ကုန်အထိ ယိုကိုဟားမားတရုတ်တန်းမှာ တရုတ်စားသောက်ဆိုင် ၁၅၀၊ ကော်ဖီဆိုင် (ကိတ်မုန့်ဆိုင်) ၂၂ ဆိုင်၊ သစ်သီးဖျော်ရည်ဆိုင် လေးဆိုင်၊ လက္ခဏာဗေဒင်ဟောခန်း ခုနစ်ခု၊ ကားပါကင်ခြောက်ခု၊ ဟိုတယ် ၁၀ လုံးနဲ့ အခြားကုမ္ပဏီရုံးခန်း ၅၀ တည်ရှိပါတယ်။ ယိုကိုဟားမားတရုတ်တန်း ဧရိယာတစ်ခုလုံးဆိုရင် ၅၀၀ စကွဲယားမီတာ ( ၅၃၈၂ စကွဲယားပေ) ကျယ်ဝန်းပြီး ယနေ့တရုတ်တန်းမှာ တရုတ်နိုင်ငံသားပိုင် ဆိုင်များသာမက ဂျပန်နိုင်ငံသားပိုင် ဆိုင်များလည်း တွေ့နိုင်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် တရုတ်တန်းမှာ Kanteibyo နဲ့ Masobyo အမည်ရှိ ခံ့ညားလှပတဲ့ တရုတ်ဘုံကျောင်းကြီးနှစ်ကျောင်းလည်း တည်ရှိပါတယ်။

ယိုကိုဟားမားတရုတ်တန်းကို အာရှတိုက်မှာ အကြီးမားဆုံး၊ ကမ္ဘာမှာတောင် အကြီးမားဆုံးဖြစ်တယ် စသဖြင့် မကြာခဏဖတ်ရှုရပါတယ်။ ဒီတော့ ဒီတရုတ်တန်းမှာ တရုတ်လူဦးရေဘယ်လောက်ရှိသလဲ သိချင်မိပါတယ်။ အင်တာနက်က ယိုကိုဟားမားနဲ့ သက်ဆိုင်တဲ့ တရားဝင်ဝက်ဘ်ဆိုက်တွေမှာ ရှာတာ တော်တော်နဲ့ မတွေ့ပါဘူး။ ဂျပန်ဝက်ဘ်ဆိုက်တစ်ခုမှာတော့ ယိုကိုဟားမားက နည်းနည်းတော့ ထူးဆန်းတယ်၊ သူ့မှာ ဒီလောက်လည်း တရုတ်လူဦးရေမရှိပေမယ့် တရုတ်တန်းကြီးကတော့ တခမ်းတနားပါပဲဆိုပြီး ရေးသားထားပါတယ်။ အဲဒီဝက်ဘ်ဆိုက်မှာပဲ ယိုကိုဟားမားမြို့က တရုတ်လူဦးရေကို ၃၀၀၀ နဲ့ ၄၀၀၀ ကြားလို့ မှန်းပါတယ်။ နောက် ဝက်ဘ်ဆိုက်တစ်ခုမှာလည်း ယိုကိုဟားမားမှာ တရုတ်အများစုက တရုတ်တန်းနဲ့ တရုတ်တန်း အနီးတစ်ဝိုက်မှာ နေကြတယ်၊ သူတို့လူဦးရေက ၅၀၀၀ ထက်မပိုဘူးလို့ ဖော်ပြထားပါတယ်။

ဒါနဲ့ ဂျပန်မှာရှိတဲ့ အခြားတရုတ်တန်းတွေနဲ့ ဂျပန်နိုင်ငံမှာရှိတဲ့ တရုတ်လူဦးရေအခြေအနေကို လေ့လာမိတယ်။ ဂျပန်နိုင်ငံမှာ တရုတ်တန်းသုံးခုရှိတယ်လို့ သိရပါတယ်။ ယိုကိုဟားမားတရုတ်တန်း (Yokohama Chinatown)၊ ကိုဘေးတရုတ်တန်း (Kobe Chinatown) နဲ့ နာဂါဆာကီတရုတ်တန်း (Nagasaki Chinatown) တို့ ဖြစ်ကြပါတယ်။ ဂျပန်ဝက်ဘ်ဆိုက်တစ်ခုမှာ ၂၀၁၈ ခုနှစ်အထိ ဂျပန်တစ်နိုင်ငံလုံးမှာ တရုတ်လူမျိုး ၆၈၇၀၀၀ ရှိတယ်လို့ ဆိုပါတယ်။ ဒါနဲ့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်ကို ဝင်ကြည့်တော့ ၂၀၀၆ ခုနှစ်အထိ ဂျပန်နိုင်ငံမှာ နေထိုင်သူ တရုတ်နိုင်ငံသား ၅၁၉၅၆၁ ဦးရှိတယ်လို့ ဖော်ပြထားပြီး ၂၀၀၅ ခုနှစ်အထိ ဟောင်ကောင်ကျွန်းအပါအဝင် တရုတ်နိုင်ငံမှာနေထိုင်တဲ့ ဂျပန်နိုင်ငံသားဦးရေကိုတော့ ၁၁၄၈၉၉ ဦးလို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ၁၄ ဇူလိုင်လ ၂၀၁၈ ခုနှစ်ထုတ် ဂျပန်တိုင်းသတင်းစာကြီးရဲ့ သတင်းတစ်ပုဒ်မှာ ဂျပန်နိုင်ငံမှာရှိတဲ့ တရုတ်လူဦးရေ အလျှင်အမြန် တိုးတက်လာနေတယ်၊ ဇူလိုင် ၂၀၁၇ ခုနှစ်အထိ ဂျပန်မှာနေထိုင်သူ တရုတ်ဦးရေ တရုတ်နိုင်ငံကလာတဲ့ ကျောင်းသားများအပါအဝင်ဆို ၈၇၈၀၀၀ လောက်ရှိမယ်၊ ဂျပန်နိုင်ငံသား၊ တရုတ်နိုင်ငံသား ၁၀၀၀၀၀ လောက်နဲ့ တရားမဝင်လာနေတဲ့ တရုတ်နိုင်ငံသားတွေ ထည့်ပေါင်းရင် တစ်သန်းအထက်မှာရှိမယ်ဆိုပြီး ရေးသားထားပါတယ်။ ၁၅ စက်တင်ဘာလ ၂၀၁၅ ခုနှစ်အထိ ဂျပန်ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ nippon.com ရဲ့ သတင်းတစ်ပုဒ်မှာ တိုကျိုမြို့တော်တစ်ဝိုက် တရုတ်လူဦးရေများပြားပျံ့နှံ့လာပုံကို ဖော်ပြရင်း တိုကျိုမြို့လယ်က ဆောက်လက်စ ကွန်ဒိုမီနီယံအခန်းအရေအတွက် တစ်ဝက်ကျော်ကို ဝယ်ယူသူတွေဟာ တရုတ်နိုင်ငံသားတွေ ဖြစ်တယ်လို့ ဆိုပါတယ်။



ယိုကိုဟားမားတရုတ်တန်း

**ကိုယ်တွေ့ယိုကိုဟားမား တရုတ်တန်း**

စာရေးသူနေတဲ့ တည်းခိုခန်းကနေ ငါးမိနစ်လောက် လျှောက်တာနဲ့တရုတ်တန်းဆီ ရောက်တာပါပဲ။ မရောက်ခင် အဝေးကပဲ မီးပုံးအနီလေးတွေ ချိတ်ဆွဲထားတဲ့ လမ်းအချို့ကို မြင်တွေ့နေရပြီး အနားရောက်တဲ့အခါ ကြီးမားလှပတဲ့ အဝင်မုခ်ဦးကြီးတစ်ခုကို တွေ့ပါတယ်။ နောက်မှ အဲဒီဂိတ်ကြီးက တရုတ်တန်းရဲ့ အနောက်ဘက်ဂိတ်ဆိုတာ သိခဲ့ရပါတယ်။ ဂိတ်အနီးဝန်းကျင်မှာ လူတွေပြည့်ကျပ်နေပြီး အတွင်းလမ်း (Nishi-mon Road) တစ်လျှောက် စားသောက်ဆိုင်များစွာ တွေ့ရပါတယ်။ စားသောက်ဆိုင်များစွာဆိုတာ ပွတ်သိပ်နေတာမျိုး၊ လမ်းပေါ်ထွက်ရောင်းတာမျိုး မဟုတ်ဘဲ ခမ်းနားလှပတဲ့ ရွှေရောင်စာလုံးများ ရေးထိုးထားတဲ့ ဆိုင်းဘုတ်ကြီးတွေ ချိတ်ဆွဲထားတဲ့ အိမ်ဆိုင်တွေ ဖြစ်ပါတယ်။ လမ်းထဲမှာ လူများလှတာမို့ အပြင်က ဆိုင်တစ်ခုမှာပဲ တရုတ်ထမင်း၊ ဟင်း၊ အရည်သောက်၊ အရန်ဟင်းတစ်ပွဲစာ မှာလိုက်ပါတယ်။ ယန်း ၉၀၀ ပဲ ကျသင့်ပါတယ်။

နောက် တရုတ်တန်းအတွင်းထဲဝင်ပြီး လေ့လာပါတယ်။ ဘေး ဘယ်၊ ညာတစ်ဖက်တစ်ချက်မှာ ခမ်းနားလှတဲ့ စားသောက်ဆိုင်ကြီးတွေကြည့်ရင်း လမ်းအစကနေ လမ်းအဆုံး လူတန်းကြီးနဲ့ စီးမျောလိုက်ပါသွားပါတယ်။ စားသောက်ဆိုင်အချို့မှာ လူတန်းကြီးတွေ စောင့်နေပြီး အထူးသဖြင့် အသားပေါင်းလို (Dumpling)၊ ဒင်ဆမ်း (Dim sum)၊ ပေါက်စီ (Baozi) လို ရောင်းတဲ့ တရုတ်ဆိုင်တွေရှေ့မှာ လူငယ်လူရွယ်အများစုဟာ ရှည်လျားစွာ တန်းစီနေကြတာ တွေ့ပါတယ်။ အဲဒီကျမှ တရုတ်တန်းမှာ လူကြိုက်အများဆုံး၊ လူစားအများဆုံး အစားအစာတစ်မျိုးက အဲဒီအသားပေါင်းတို့၊ ပေါက်စီတို့ဖြစ်တာကို သတိရပါတယ်။ အင်တာနက်မှာတော့ ဘယ်ဆိုင်က အသားပေါင်းက ကောင်းတယ်၊ ဘယ်ဆိုင်က ပေါက်စီက တကယ့်ရှယ်ပဲဆိုပြီး အပြန်အလှန်ညွှန်းထားတာတွေ တွေ့ပါတယ်။ ဆိုင်အမည်တွေက တရုတ်လိုဆိုတော့ မမှတ်နိုင်ပါဘူး။ ဆိုခဲ့သလို တရုတ်တန်းသွား၊ လမ်းမကြီး၊ လမ်းမငယ်များဆီဝင်၊ အဲဒီနေရာတွေမှာ လေ့လာ၊ လူအများကြီး တန်းစီနေတဲ့ ဆိုင်မှာ ဝင်တန်းစီလိုက်တာပါပဲ။ လမ်းမကြီးဆိုပေမယ့် ရန်ကုန်တရုတ်တန်းက မဟာဗန္ဓုလ လမ်းမကြီးလောက် မကျယ်ပါဘူး။ မဟာဗန္ဓုလလမ်းမကြီး တစ်ခြမ်းစာလောက်ပဲရှိပါမယ်။ လမ်းမငယ်များဆိုရင်လည်း ရန်ကုန်တရုတ်တန်း (၁၉) လမ်းလောက်မကျယ်ပါဘူး။ သို့သော် ယိုကိုဟားမား တရုတ်တန်း ညဘက် စည်ကားချက်ကတော့ တိုးမပေါက်ပါဘူး။

စာရေးသူ တရုတ်တန်းရောက်ခိုက် ညစာကိုသုံးရက်စလုံး တရုတ်တန်းမှာပဲ စားပါတယ်။ ယိုကိုဟားမား ဘယ်နေရာရောက်ရောက် တရုတ်တန်းရောက်အောင် ပြန်ပြီး ညစာစားပါတယ်။ ညစာစားရင် နည်းနည်းလျှော့စားပြီး ညစာစားပြီးရင် လမ်းနည်းနည်းလျှောက်၊ ဗိုက်နည်းနည်းချောင်လာရင် လူများတဲ့ပေါက်စီဆိုင်မှာ တန်းစီပြီး လူအစားများတဲ့ အသားပေါင်း၊ ပေါက်စီ စတာတွေမှာစားပါတယ်။ စားတယ်ဆိုတာ ဆိုင်ထဲမှာစားရတာ မဟုတ်ပါဘူး။ ဖော့ဘူးထဲ ထည့်ပေးတဲ့ အသားပေါင်းမုန့်တွေကိုဆိုင်အပြင်မှာ မတ်တတ်ရပ်စားရတာပါ။ ယိုကိုဟားမား တရုတ်တန်းသွားရင် အဲဒီလို ဆိုင်အပြင်မှာ မတ်တတ်ရပ်စားသုံးနေသူများစွာအုံခဲနေတာ တွေ့ရပါမယ်။ ပျမ်းမျှပေါက်စီတစ်လုံးကို ယန်း ၅၀၀ ကျသင့်ပြီး ဒင်ဆမ်းပုံစံ အသားပေါင်းတစ်တုံးကို ယန်း ၂၀၀ ကျသင့်ပါတယ်။ ဈေးနှုန်းကတော့ ဆိုင်အပေါ်မူတည်ပြီး အမျိုးမျိုးကွဲပါတယ်။ နောက် အဲဒီမှာ နာမည်ကြီးတာ ငါးမန်းဆူးတောင်ဟင်းချို (Shark’s fin soup) ဖြစ်ပါတယ်။ ပျစ်ပျစ်လေးပါ။ ဈေးလည်းမကြီးပါဘူး။ ဖော့ခွက်လေးနဲ့ ထည့်ပေးပြီး တစ်ခွက်ကို ယန်း ၃၆၀ ပါ။ ပေါက်စီ၊ အသားပေါင်းနဲ့တင်ဆိုလည်း ဗိုက်ဝနိုင်ပါတယ်။ စာရေးသူက နေ့လယ်စာ၊ ညစာဆို ထမင်းပါမှ၊ ထမင်းမက်တဲ့သူဖြစ်လို့ နှစ်ခါကုန်ပါတယ်။ ကုန်ရကျိုးလည်း နပ်ပါတယ်။ တရုတ်တန်းနားမှာနေတယ်၊ တရုတ်တန်းလာတယ်ဆိုမှ အစားအသောက်က အဓိကမဟုတ်ပါလား။

ယိုကိုဟားမား တရုတ်တန်းက ညဘက်မှ စည်တာလားဆိုတော့ မဟုတ်ပါဘူး။ မနက်ဘက်၊ နေ့လယ်ဘက်၊ ညနေဘက်၊ ညဘက် လူမပြတ်ပါဘူး။ ညဘက်ကတော့ ပိုစည်တာပေါ့။ စာရေးသူ တစ်နေ့နေ့လယ်ဘက် တည်းခိုခန်းကို တရုတ်တန်းက ဖြတ်ပြန်လာတော့ တရုတ်တန်းလမ်းတွေထဲမှာ လူတွေအများအပြားပါပဲ။ မနက်ဘက်လည်း မနက် ၈ နာရီဝန်းကျင်လောက် တရုတ်တန်းကဖြတ်ပြီး အခြေအနေလေ့လာပါတယ်။ လူနည်းပေမယ့် မနက်စာရောင်းတဲ့ ဆိုင်အချို့ ဖွင့်တာတွေ့ရပြီး လူအချို့ဆိုင်အပြင်မှာ တန်းစီနေတာတောင် တွေ့ခဲ့ပါတယ်။



Kanteibyo တရုတ်ဘုံကျောင်း

စာမျက်နှာ ၂၅ သို့ ◆

◆ စာမျက်နှာ ၂၄ မှ

အဲဒီလို တရုတ်တန်းမှာ အထူးသဖြင့် ဆိုင်များအပြင်မှာ ဆိုင်အတွင်းဝင်စားဖို့ လူတွေတန်းစီစောင့်နေတာ၊ ပေါက်စီလို၊ ဒင်ဆမ်းလို ဆိုင်တွေရှေ့မှာ လူတန်းကြီးတွေ အမြဲတွေ့ရတော့ လွန်ခဲ့တဲ့ ၁၅ နှစ် စာရေးသူ ယိုကိုဟားမားမြို့ကို ပညာသင်ဆုပေးတဲ့ အဖွဲ့အစည်းက တာဝန်ရှိသူအချို့နဲ့ လာလည်တာ အမှတ်ရမိပါတယ်။

ဒါပေမယ့် ယိုကိုဟားမား ဆိပ်ကမ်းဘက်မှာ လမ်းလျှောက်ခဲ့တယ်။ ကမ်းခြေတစ်လျှောက် တိုက်တာအမြင့်ကြီးတွေ တွေ့ခဲ့တယ်၊ သင်္ဘောကြီးတွေတွေ့ခဲ့တယ် ဆိုတာလောက်ပဲ မှတ်မိပါတယ်။ တည်းခိုခန်း ပြန်ရောက်တော့ ရန်ကုန်ကပါလာတဲ့ ဒိုင်ယာရီစာအုပ်ကို ပြန်လှန်ဖတ်မိတယ်။ တွေ့ပါပြီ။ ၅ မေလ ၂၀၀၅ ရက်စွဲနဲ့ ရေးမှတ်ထားတာပါ။ ယိုကိုဟားမား တရုတ်တန်းနဲ့ ပတ်သက်ပြီး ရေးထားတာပါ။ ဘာတဲ့။ 'ယိုကိုဟားမားကို ရောက်တယ်၊ တရုတ်တန်းကို လည်တယ်၊ အဲဒီမှာ နေ့လယ်စာစားကြတယ်၊ စားသောက်ဆိုင်တွေရှေ့မှာ မတ်တတ်ရပ်စောင့်နေကြတဲ့ လူတန်းရှည်တွေတွေ့ရတော့ အံ့သြမိရဲ့၊ အဲဒီကမှ ယိုကိုဟားမားဆိပ်ကမ်းကို သွားတယ်၊ ပင်လယ်ကို မြင်ရတယ်' ရေးမှတ်ထားတာဖတ်ရင်း အဲဒီလွန်ခဲ့တဲ့ ၁၅ နှစ်လောက်က ဆိုင်တွေရှေ့ မတ်တတ်ရပ်တန်းစီစောင့်နေတဲ့ လူတန်းတွေက အခု ၁၅ နှစ်ကြာသည်အထိ တန်းစီစောင့်နေကြတုန်းပါလားလို့ စိတ္တဇဆန်ဆန်တွေးမိခဲ့ပါတယ်။

ဆောင်းပါး အဆုံးမသတ်မီ တရုတ်တန်းက ဘုံကျောင်းအတွေ့အကြုံအကြောင်း နည်းနည်းရေးချင်ပါတယ်။ တရုတ်တန်းမှာ ကြီးကျယ်ခမ်းနားတဲ့ တရုတ်ဘုံကျောင်းကြီး နှစ်ကျောင်း ရှိပါတယ်။ တစ်ကျောင်းက Kanteibyo Temple ဖြစ်ပြီး နောက်တစ်ကျောင်းက Masobyo Temple ဖြစ်ပါတယ်။ Kanteibyo Temple ကို ၁၈၇၃ မှာ တည်ဆောက်ခဲ့ပြီး ချမ်းသာကြွယ်ဝမှုကို ကိုယ်စားပြုတဲ့ တရုတ်နတ်ဘုရားအား ရည်စူးပူဇော်ပါတယ်။ Masobyo Temple ကိုတော့ ၂၀၀၆ ခုနှစ်မှာမှ တည်ဆောက်ခဲ့တာဖြစ်ပြီး တရုတ်ပင်လယ်နတ်ဘုရားအား ရည်စူးပူဇော်တယ်လို့ သိရပါတယ်။ စာရေးသူ Kanteibyo Temple ဆီ ရောက်သွားတဲ့ညက မိုးကျနေတာမို့ လမ်းမှာရော၊ ဘုရားကျောင်းမှာရော လူရှင်းပါတယ်။ ကြီးမားလှပတဲ့ မီးပုံးအနီကြီးများ ချိတ်ဆွဲထားတဲ့ ရွှေရောင်တဝင်းဝင်းနဲ့ ဘုရားကျောင်းကို အဝေးက လှမ်းမြင်တာနဲ့ ချမ်းသာကြွယ်ဝခြင်းဆိုတာကို ခံစားရပါတယ်။ မိုးရွာထားလို့ ဘုရားကျောင်းရှေ့ မိုးရေစိုနေတဲ့ အမည်းရောင်ကတ္တရာလမ်းမှာ ဘုရားကျောင်းအဝင် မုခ်ဦးကြီးဆီက အနီရောင်နဲ့ ရွှေရောင် နှစ်ရောင်စပ်အရိပ်က လာဟပ်နေပါတယ်။

ခမ်းနားလှတဲ့ မုခ်ဦးကြီးကိုကျော်ပြီး အုတ်လှေကားနည်းနည်း တက်လိုက်ရင် ပင်မဝတ်ပြုဆောင်ကြီးဆီ ရောက်ပါပြီ။ အတွင်းမှာတော့ တရုတ်ရိုးရာနတ်ဘုရားများကို ခမ်းနားစွာ ကိုးကွယ်ထားရှိပါတယ်။ အလယ်က ပင်မရုပ်တုတော်က တရုတ်ကားထဲက တရားသူကြီးပေါင်ချိန်နဲ့တောင် ဆင်တူတယ် ထင်မှတ်ခဲ့ပါတယ်။ Kanteibyo Temple ကနေ နောက်ထပ် ငါးမိနစ်လောက်လျှောက်ရင် Masobyo Temple ဆီရောက်ပါတယ်။ အရွယ်အစားချင်း၊ ခမ်းနားပုံချင်းကတော့ အတူတူလောက်ပဲလို့ ထင်မိပါတယ်။ Kanteibyo Temple က ရွှေရောင်ပိုလွှမ်းပြီး Masobyo Temple ကတော့ ကာလာစုံတယ်လို့ မြင်မိပါတယ်။ သူ့အဝင် မုခ်ဦးကြီးက အစိမ်းရောင်နဲ့ အပြာရောင်ပိုများပါတယ်။ အတွင်းဝတ်ပြုဆောင်ကြီးကလည်း အရောင်စုံလှပြီး ဝတ်ပြုဆောင်အမိုးက ပဉ္စဂံပုံစံလို တပ်ဆင်ထားလို့ ရှေးဟောင်းတရုတ်ဘုံကျောင်းပုံစံ ပိုဆန်တယ်လို့ ခံစားရပါတယ်။ သူလည်း အတွင်းအုတ်လှေကားတက်ပြီးရင် ဝတ်ပြုဆောင်ဆီ ရောက်ပါပြီ။ အတွင်းမှာလည်း ဒီလိုပဲ တရုတ်နတ်ဘုရားများကို တခမ်းတနား ပူဇော်ထားပါတယ်။

တရုတ်တန်း ဆောင်းပါးကတော့ ဒီလောက်ပါပဲ။

ယိုကိုဟားမား တရုတ်တန်း၏ လိပ်စာမှာ Yamashitacho, Naka Ward, Yokohama, Kanagawa 231–0023 ဖြစ်ပြီး အနီးဆုံးရောက်ရှိနိုင်သည့် ဘူတာမှာ Motomachi – Chukagai Station (Minato Mirai Line) နှင့် Ishikawacho Station (JR Negishi Line) တို့ဖြစ်ကြပါတယ်။ တရုတ်တန်းနဲ့ပတ်သက်ပြီး ပိုမိုသိရှိလိုပါက https://www.chinatown.or.jp/ တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါတယ်။

## ကောလင်းမြို့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်၊ ကုသရေးအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်း



ကောလင်း မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အလှူငွေနှင့် ပစ္စည်းများကို ယနေ့ နံနက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေး အထောက်အကူပြုအဖွဲ့သို့ လာရောက်လှူဒါန်းရာ အလှူရှင်များကိုယ်စား ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ဝင်းက စုစုပေါင်း အလှူငွေကျပ် ၁၅၃၅၀၀၀ ကို ပေးအပ်ပြီး ရောဂါကာကွယ်ရေး အထောက်အကူပြုအဖွဲ့ ဦးစန်းအောင်က လက်ခံရယူခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေး အထောက်အကူပြုအဖွဲ့သို့ ယနေ့ နံနက်ပိုင်းအထိ ပြည်သူများ လှူဒါန်းထားသည့် စုစုပေါင်း အလှူငွေကျပ် ၆၁၉၅၀၀၀ လှူဒါန်းထားကြောင်း ရောဂါကာကွယ်ရေး အထောက်အကူပြုအဖွဲ့ ဆရာကြီး ဦးကျော်စိုးထံမှ သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

## COVID–19 ရောဂါကာကွယ်ရေး မတ္တရာမြို့နယ်၌ ပိုးသတ်ဆေးဖျန်း

မတ္တရာ မတ် ၂၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် COVID–19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်က ဌာနဆိုင်ရာရုံးများ၊ မြို့နယ်အတွင်းရှိ ဈေးများ၊ ကျောင်းများ၊ လူစည်ကားသော ဘူတာနှင့် ကားဂိတ်များတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် မြို့နယ်COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မတ္တရာ)နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ မြို့မဈေး၊ ဌာနဆိုင်ရာရုံးများ၊ မြို့မရဲစခန်းအတွင်းနှင့် အချုပ်ခန်း၊ ကျေးရွာများရှိဈေးများနှင့် စောင့်ကြည့်ရမည့်သူများအားထားရှိမည့် ကျောင်းများသို့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ္တရာမြို့နယ်အတွင်း COVID–19 ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကြီးကြပ်မှုကော်မတီမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး အလှူရှင်များက ရောဂါကာကွယ်ရေး သုံးပစ္စည်းများကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

BIMSTEC

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း
ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ
ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်)
Bay of Bengal Initiative for Multi–Sectoral Technical and
Economic Cooperation (BIMSTEC)

ဘင်းမ်စတက် အလံနှင့် Logo ဒီဇိုင်းပြိုင်ပွဲဆိုင်ရာ
အချက်အလက်များ ပြင်ဆင်ကြေညာခြင်း

- နောက်ဆုံးပေးပို့ရမည့်နေ့ရက် – ၁၅-၅-၂၀၂၀ ရက်
- ပေးပို့ရမည့်အီးမေးလ်လိပ်စာ – bimsteclogo.myanmar@gmail.com (မိတ္တူကို bimsteclogo-sec@bimstec.org သို့ မပျက်မကွက်ပေးပို့ရမည်။)
- ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် လျှောက်လွှာပုံစံများနှင့်အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.mofa.gov.mm တွင် Download ရယူနိုင်ပြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့၏ ဖေ့စ်ဘုတ်စာမျက်နှာများဖြစ်ကြသည့် Ministry of Foreign Affairs Myanmar နှင့် MOI Webportal Myanmar တို့တွင်လည်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။
- မိုငြမ်းနိုင်ရန် BIMSTEC ဆိုင်ရာ အချက်အလက်များကို www.bimstec.org တွင် လေ့လာနိုင်ပါသည်။
- မြန်မာနိုင်ငံသား မည်သူမဆို တစ်ဦးချင်း/အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန တယ်လီဖုန်းနံပါတ် ၀၆၇၃၄၁၂၄၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒေသခွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

## မိတ္ထီလာမြို့နယ်၌ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

မိတ္ထီလာ မတ် ၂၀

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး ကော်မတီက ကြီးကြပ်၍ COVID–19 ရောဂါ မဖြစ်ပွားစေရေးအတွက် မြို့ပေါ်ရှိ ဈေးများနှင့် ကားဂိတ်များ၌ မတ် ၂၀ ရက် ညနေ ၃ နာရီတွင် ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပက်ဖျန်းရာတွင် ခရီးသည်များ ခေတ္တနားခိုသည့်နေရာများ၊ ထိုင်ခုံများကို အဓိကထား၍ ပက်ဖျန်းရာ မိတ္ထီလာမြို့ပေါ်ရှိ လူစုလူဝေးနှင့် လူစည်ကားရာ နေရာများဖြစ်သည့် ကားကြီးဝင်း၊ ကားကြီးဝင်းအသစ်၊ သာစည်ကားဂိတ်၊ တောင်ကြီးကားဂိတ်၊ ရွှေမန္တလာကားဂိတ်၊ J&J ကားဂိတ်၊ မန္တလာမင်းကားဂိတ်၊



ရွှေကြာကားဂိတ်တို့တွင် စည်ပင်သာယာရေးဝန်ထမ်းများက အဖွဲ့ နှစ်ဖွဲ့ဖြင့် ကလိုရင်းပိုးသတ်ဆေးများကို ပက်ဖျန်းပြီး ကျန်ရှိသည့် ကားဂိတ်များတွင်လည်း ဆက်လက် ပက်ဖျန်းသွားမည်ဖြစ်ကြောင်း စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နီလာဝင်းက ပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် မတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) ဒုတိယဆုရရှိသည့် စာရေးဆရာ ဖွဲ့သန်းသျှင်း (သုံးဆယ်) ၏" သူ့ကျွန်မခံ ဆရာစံ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကိုလိုနီခေတ် မြန်မာ့နိုင်ငံရေးသမိုင်းဝင် တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံ၏ဘဝဇာတ်ကြောင်းနှင့် နိုင်ငံရေးကြိုးပမ်းဆောင်ရွက်ချက်များကို ကိုးကားရည်ညွှန်းချက်များ၊ ဓာတ်ပုံ၊ ရုပ်ပုံ၊ မြေပုံများနှင့်တကွ ခိုင်ခိုင်မာမာတင်ပြရေးသားထားသော စာအုပ်ကောင်း တစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၁၂၀၀ ဖြင့် အမှတ် ၅၂၈ -၅၃၀၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁–၂၄၈၀၃၀၊ ၀၁–၃၈၀၄၄၈၊ အမှတ်(တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇–၃၄၁၄၆၈၀၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂–၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၈–၅၃၀၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁–၂၄၈၀၃၀၊ ၀၁–၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မုံရွာမြို့ ကုန်စည်ဒိုင် ဧပြီလတွင် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်မည်

မုံရွာ မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကုန်စည်ဒိုင်တွင် COVID–19 ရောဂါ ကာကွယ်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဧပြီ ၁ ရက်မှ ၆ ရက်အထိ ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်မပြုလုပ်ဘဲ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း မုံရွာမြို့ ကုန်စည်ဒိုင်မှ သတင်းပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။

ကုန်စည်ဒိုင်အတွင်း လူအဝင်အထွက်ဖြင့် အရောင်းအဝယ်မပြုလုပ်ဘဲ ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့်လည်းကောင်း အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ တောင်သူများနှင့် အသင်းသူ၊ အသင်းသားများအတွက် ဈေးနှုန်းအမှန်ရရှိရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ၎င်းက ပြောသည်။

ကုန်စည်ဒိုင်အတွင်းသို့ အသင်းသူ၊ အသင်းသားများနှင့် ဌာနဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုအဖွဲ့များသာ ဝင်ရောက်ခွင့်ပြုပြီး နိုင်ငံခြားသားများဝင်ရောက်မှုကို တားမြစ်ထားကြောင်း၊ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ အပူချိန်တိုင်းခြင်းများ ပြုလုပ်ပြီးမှသာ ကုန်စည်ဒိုင်အတွင်းသို့ ဝင်ရောက်ခွင့်ပြုပါကြောင်း ၎င်းကဆက်လက်ပြောပြသည်။

မွေးကြူဇင်

# COVID-19 ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကြည့်ရှုစစ်ဆေး

**မုံရွာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ရွှေဘိုခရိုင်အတွင်းရှိ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲက ရွှေဘိုခရိုင်အတွင်းရှိ ခင်ဦး၊ ရေဦး၊ ဒီပဲယင်းမြို့နယ်များတွင် COVID-19 ရောဂါနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဘိုခရိုင်အတွင်းရှိ အများပြည်သူ ဝင်/ထွက်သွားလာနေကြသည့် ရွှေဘို-ခင်ဦး-ဒီပဲယင်း-ဘုတလင်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး သက်ဆိုင်ရာမြို့နယ်များမှ COVID-19 ကာကွယ်ထိန်းချုပ်ရေးကော်မတီတို့မှ တာဝန်ရှိသူများအား မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သတင်းထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း စနစ်တကျ အထူးအလေးထားကာ ပြည်သူ ပူးပေါင်းပါဝင်မှုတို့ဖြင့် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယနေ့ရွှေဘိုခရိုင်အတွင်းရှိ COVID-19 နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိဆောင်ရွက်ထားသော နေရာအသီးသီးတို့တွင် ထိုင်းနိုင်ငံမှ မိမိတို့မြို့ရွာအသီးသီးသို့ ပြန်လာကြသူများဖြစ်ကြပြီး ခင်ဦးမြို့နယ် ကံသစ်အလယ်တန်းကျောင်းတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးခုနစ်ဦး၊ ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးရှစ်ဦး၊ ဒီပဲယင်းမြို့နယ် စိုင်ပြင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း သံသယပြည်သူ ၂၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် လုံခြုံရေးဆောင်ရွက်ပေးထားမှုတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြည့်ရှုအားပေးစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ထွန်းကိုကို (ယင်းမာပင်)**





# ပြည်ပနိုင်ငံများမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယနေ့နံနက်ပိုင်းက ပဲခူးမြို့ပေါ်ရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် စခန်းအသီးသီးသို့ သွားရောက်ပြီး ပြည်ပနိုင်ငံများမှ ပြန်လာသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ပြည်ပနိုင်ငံများမှပြန်လာကြသည့် မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးစောင့်ရှောက်မှုစခန်းများသို့ စနစ်တကျပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းသို့ မတ် ၂၇ ရက်မှ မတ် ၂၉ ရက် ညနေ ၆ နာရီထိ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် အမျိုးသား ၄၁၂၈ ဦး၊ အမျိုးသမီး ၁၇၄၂ ဦး စုစုပေါင်း ၅၈၇၀ တို့အနက် နေအိမ်၌သာနေထိုင်ရန်ကန့်သတ်မှုအဖြစ် အမျိုးသား ၁၀၁၈ ဦး၊ အမျိုးသမီး ၅၀၇ ဦး၊ သတ်မှတ်နေရာ၌သာ နေထိုင်ရန်ကန့်သတ်မှုအဖြစ် အမျိုးသား ၃၁၀၃ ဦး၊ အမျိုးသမီး ၁၂၃၂ ဦး၊ Isolation(ဆေးရုံ) အဖြစ် အမျိုးသားခုနစ်ဦး၊ အမျိုးသမီး သုံးဦးတို့အား မြို့နယ် ၂၈ မြို့နယ်ရှိ သတ်မှတ်ထားသော ကျန်းမာရေးစောင့်ရှောက်မှုစခန်းများတွင် စနစ်တကျ ကျန်းမာရေးစောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများအား သက်ဆိုင်ရာခရိုင်များအလိုက် တိုင်းဒေသကြီးဝန်ကြီးများက အနီးကပ်ကြီးကြပ်ကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းစည်းဝေး

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းသည် COVID-19 ရောဂါထိရောက်စွာ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးခရိုင်၊ မြို့နယ်အဆင့် လုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က COVID-19 ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး မြို့နယ်များတွင်စီမံခန့်ခွဲမှုကော်မတီများကို ဖွဲ့စည်းပြီးဖြစ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊ လမ်းများအထိ ထိန်းချုပ်နိုင်ရန်လိုအပ်ကြောင်း၊ နယ်စပ်မှပြန်ဝင်လာသူများ၊ လေဆိပ်မှပြန်ဝင်လာသူများကိုအသွားအလာကန့်သတ်မှုပြုလုပ်ရာတွင် အလွယ်တကူမလုပ်ဘဲ ဟိုတယ်များမှာကဲ့သို့ အခန်းများစီစဉ်ကာ စနစ်တကျထားရှိပြီး ရောဂါမပြန့်ပွားရေးအတွက် ကြိုးစားလုပ်ဆောင်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ရှေ့တန်းတိုက်စစ်မှူးများဖြစ်ပြီး ၎င်းတို့နေထိုင်စားသောက်ရေး အခက်အခဲဖြစ်လျှင် မိမိတို့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက COVID-19 ရောဂါနှင့်ပတ်သက်၍ မိမိတို့၏ မြို့နယ်များတွင် အသွားအလာကန့်သတ်မှုပြုလုပ်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ အခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ဆန်းကျော်ဦး**

**(ပြန် /ဆက်)**

# COVID-19 ကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးမည်

**မန္တလေး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည်COVID-19 ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကာCOVID-19 ကြောင့် လတ်တလောစီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် လုပ်ငန်းကဏ္ဍများကို COVID-19 Fund မှ ချေးငွေများထုတ်ချေးပေးရာတွင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ ချေးငွေထုတ်ချေးရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ တက်ရောက်ပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်မင်းနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများက စီးပွားရေးဆိုင်ရာများ တင်ပြဆွေးနွေးကြသည်။

ချေးငွေများကို ဦးစားပေးကုစားရမည့်ကဏ္ဍများတွင် အကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများကို အတိုးတစ်ရာခိုင်နှုန်းဖြင့် ချေးငွေကာလတစ်နှစ်သတ်မှတ်၍ ချေးငွေများထုတ်ပေးမည်ဖြစ်ရာ လျှောက်လွှာများကို မတ် ၃၀ ရက်မှ ဧပြီ ၉ ရက်အတွင်း နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းရုံးတွင် လက်ခံပေးမည်ဖြစ်ပြီး လျှောက်လွှာများကို MRCCI Facebook Page နှင့် ရုံးတွင်ရယူနိုင်ပြီး Online မှ လျှောက်ထားလိုသူများသည် loanmrcci@gmail.com သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ရန်ကုန်မြို့၌ စားသောက်ဆိုင်နှင့် ဈေးဆိုင်များ ပုံစံပြောင်းလဲကာ ရောင်းချခွင့်ပေးထား

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့ပေါ်ရှိ စားသောက်ဆိုင်ကြီးများနှင့် ဈေးဆိုင်များ ယာယီပိတ်သိမ်းရန် အစီအစဉ်မရှိသေးဘဲ COVID – 19 ရောဂါကာကွယ်ထိန်းချုပ်မှုအဖြစ် ပုံစံပြောင်းလဲကာ ရောင်းချရမည်ဖြစ်ကြောင်း မတ် ၂၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ COVID – 19 ရောဂါနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**ကုန်စုံဆိုင်တွေပိတ်ဖို့ အစီအစဉ်မရှိ**

"လက်ရှိအနေအထားမှာက ရန်ကုန်မြို့ပေါ်မှာရှိတဲ့ ဈေးဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေနဲ့ ကုန်စုံဆိုင်တွေကို ပိတ်ဖို့အစီအစဉ်မရှိသေးပါဘူး။ ဒါကလည်း ရန်ကုန်က မြို့ကလည်းကြီးသလို စက်ရုံ၊ အလုပ်ရုံတွေရဲ့ လုပ်သားအင်အားက ခြောက်သိန်းကျော်ရှိနေတော့ ဒီလိုအလုပ်သမားတွေနဲ့ လုပ်သားတွေကို ထည့်ပြီးစဉ်းစားရတဲ့အတွက် ဈေးတွေနဲ့ ဈေးဆိုင်တွေအားလုံးပိတ်သိမ်းဖို့တော့ လက်ရှိအနေအထားမှာ မလိုသေးပါဘူးလို့ တိုင်းဒေသကြီးဝန်ကြီးချုပ်က သုံးသပ်ထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးမိုးဟိန်းက ပြောသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန်နှင့် အခြားမြို့နယ်များ အပါအဝင်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❂



ရန်ကုန်မြို့ ဆူးလေဘုရားအနီးတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်များကို တွေ့ရစဉ်။

# ရန်ကုန်ဘူတာကြီးမှ ထွက်မည့် ရထားတွဲဆိုင်းများ လျှော့ချပြေးဆွဲသွားမည်



ရထားစီးခရီးသည်နည်းပါးလာသည့် လက်ရှိရန်ကုန်ဘူတာကြီးမြင်ကွင်းကို တွေ့ရစဉ်။

ရန်ကုန် မတ် ၃၀

ရန်ကုန်ဘူတာကြီးမှ ထွက်ခွာပြေးဆွဲပေးနေသည့် အမြန်ရထားတွဲဆိုင်းများကို ယာယီရပ်နားထားခြင်းမရှိသေးသော်လည်း ရထားစီးခရီးသည် လိုက်ပါစီးနင်းမှုအပေါ်မူတည်၍ နေ့စဉ်စောင့်ကြည့်ကာ ရထားတွဲချိတ်ဆက်မှုအား လျှော့ချသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖

ပြည်တွင်း ပြည်ပ အားကစား

# ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် အာဆီယံကလပ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်း

ရန်ကုန် မတ် ၃၀

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID–19 ရောဂါကြောင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းလိုက်ပြီဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် COVID–19 ရောဂါကြောင့် ယခုနှစ်အတွင်းကျင်းပမည့် ပြိုင်ပွဲများနှင့်ပတ်သက်၍ ထုတ်ပြန်ရာတွင် အာဆီယံကလပ်ပြိုင်ပွဲကို တစ်နှစ်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ■




အာဆီယံကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၁၉ MNL ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း။

## မန်ယူအသင်းနည်းပြက ရမ်ဆေးကို ခေါ်ယူရန် ဆန္ဒရှိနေ

လန်ဒန် မတ် ၃၀

မန်ယူအသင်းဟာ အာဆင်နယ်အသင်းကနေ ဂျူဗင်တပ်အသင်းဆီကို ပြောင်းရွှေ့သွားတဲ့ ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ ကွင်းလယ်ကစားသမား ရမ်ဆေးဟာ မန်ယူအသင်းရဲ့ ကွင်းလယ်ပိုင်းကို အားဖြည့်ပေးမယ့် ကစားသမားဖြစ်လာလိမ့်မယ်လို့လည်း မန်ယူအသင်းနည်းပြဆိုးရှားက ယုံကြည်ထားတာဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✱


ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူ ခုနှစ်သိန်းကျော်ရှိလာ
စာမျက်နှာ » ၁၁





ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် တစ်တိုင်းပြည်လုံး ပိုးသတ်ဆေးဖျန်းမှု မလေးရှားအစိုးရ စတင်လုပ်ဆောင်
စာမျက်နှာ » ၁၂

ဘာစီလိုနာတွင် ကျောနံပါတ် ခုနှစ်ကို ဝတ်ဆင်ကစားလိုကြောင်း ဂရစ်ဇ်မန်း ပြောကြား
စာမျက်နှာ » ၂၀

